The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 17 တနင်္လာနေ့တိုင်းထုတ်ဝေသည် April 30, 2018

# မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဝန်ကြီးများအဆင့် အစည်းအဝေးမှ ပွင့်လန်းလာမည့် အနာဂတ်အခွင့်အလမ်းများ




မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ကုန် သွယ်ရေးဝန်ကြီးများ အဆင့်အစည်းအဝေးကို ဧပြီ ၂၃ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) ညီလာခံ အစည်းအဝေးခန်းမ၌ နံနက် ၁၀နာရီခွဲတွင် စတင်ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဦးဆောင်၍ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်

စာမျက်နှာ - ၁၂ ➤

## အိန္ဒိယနိုင်ငံမှ Peas (Pisum sativum) တင်သွင်းမှုကို အရေအတွက် ကန့်သတ်လိုက်ခြင်း

စာမျက်နှာ - ၃ ➤

## ဈေးကွက်လိုအပ်ချက်နဲ့အညီ တိုးချဲ့စိုက်ပျိုးလာသည့် ရှမ်းအစေ့ထုတ်ပြောင်း


စာမျက်နှာ - ၆ ➤

## တရုတ်နိုင်ငံသို့ စိန်တလုံးသရက်သီး တန်ချိန် နှစ်ထောင်နီးပါး တင်ပို့နိုင်



စာမျက်နှာ - ၁၆ ➤




awba
SOLAR
SOLAR
အလေးချိန်ပြည့်ပြီး
ဈေးနှုန်းသက်သာကြောင်းအာမခံပါသည်
Myanma Awba Industries Trading
အမှတ်(၉၅-အေ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၈မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၁ ၆၆၂၇၆၈၊ ၀၁ ၆၆၃၀၂၇
အရောင်းဆိုင် - အမှတ်(၁၅၀) ကံ့ကော်လမ်းသွယ်(၁) ဘုရင့်နောင်


Meizan
မိသားစုတိုင်း ကျန်းမာပျော်ရွှင်ဖို့
မေဇင်နေကြာဆီ ကိုရွေးချယ်စို့
Meizan
Sunflower Oil
Linoleic acid 68% ပါဝင်သည်၊
Vitamin-E ကြွယ်ဝစွာပါဝင်သည်၊
ဥရောပနိုင်ငံများမှ အကောင်းဆုံးကုန်ကြမ်းများဖြင့်
ထုတ်လုပ်ထားသည်၊
Meizan Myanmar



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အေဂျင်စီနှင့် မကွေးတိုင်းဒေသကြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အေဂျင်စီတို့၏ တွေ့ဆုံလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မကွေးတိုင်းဒေသကြီး SMEs Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအေဂျင်စီနှင့် မကွေးတိုင်းဒေသကြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အေဂျင်စီတို့၏ တွေ့ဆုံလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၂၂ ရက် နံနက် (၀၉:၃၀) နာရီအချိန်တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အေဂျင်စီဥက္ကဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် အေဂျင်စီဥက္ကဌ ဒုတိယဝန်ကြီးက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကြုံတွေ့နေရသည့်ပြဿနာများကို သိရှိရန်လိုအပ်ပါကြောင်း၊ ပြဿနာများကို သိရှိပြီးပါက Problem Solving နည်းလမ်းဖြင့် မည်သို့ဖြေရှင်းမည်ကို စဉ်းစားဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ SMEs လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများအား ခွဲခြမ်းစိတ်ဖြာသုံးသပ်၍ Action Line များကို ဖော်ထုတ်ထားပါကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်နှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး၏ SMEs Policy အပေါ် အခြေခံပြီး လက်တွေ့ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ညှိနှိုင်းအဖြေရှာသွားကြရန်လိုအပ်ပါကြောင်း၊ မဟာဗျူဟာလုပ်ငန်းစဉ်ချမှတ်၍ Problem Solving နည်းလမ်းဖြင့် ဆောင်ရွက်သွားပါက SMEs လုပ်ငန်းများ တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အေဂျင်စီဥက္ကဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက မကွေးတိုင်းဒေသကြီးအတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နေမှုတို့အား ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့တက်ရောက်လာကြသော အေဂျင်စီအဖွဲ့ဝင်များက မိမိတို့ကဏ္ဍအလိုက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့အား ရှင်းလင်းဆွေးနွေးကြရာ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။


ဆက်လက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မွန်းလွဲ ၁ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး SMEs Action Plan ဖော်ထုတ်ရေးအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ရာ အေဂျင်စီဥက္ကဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတက်ရောက်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဝန်ကြီးက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် SMEs ဖွံ့ဖြိုးတိုးတက်ရေး Action Plan များကို မိမိတို့ဒေသလိုအပ်ချက်နှင့် လျော်ညီအောင် ရေးဆွဲသွားကြရန်၊ အကောင်အထည်ဖော်မည့် အချိန်ဇယားများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများအား အလုပ်ရုံဆွေးနွေးပွဲတွင် ညှိနှိုင်းဖော်ထုတ်သွားကြပြီး ဒုတိယသမ္မတဦးဆောင်သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးသို့ အစီရင်ခံတင်ပြသွားနိုင်ရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## အိန္ဒိယနိုင်ငံမှ Peas (Pisum sativum) တင်သွင်းမှုကို အရေအတွက် ကန့်သတ်လိုက်ခြင်း

အိန္ဒိယနိုင်ငံအစိုးရသည် ၂၀၁၈ ခုနှစ် ဧပြီ ၂၅ရက် အမိန့်ကြော်ငြာစာအမှတ် ၀၄/ ၂၀၁၅-၂၀၂၀ ဖြင့် Peas (Pisum sativum) H.S Code 0713 1000 အား ကန့်သတ်ကုန်စည်အဖြစ်သတ်မှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ (၃) လအတွင်း (၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစ၍ တင်သွင်းပြီးသည့် အရေအတွက်များအပါအဝင်) အရေအတွက် တန်ချိန်တစ်သိန်းသာ တင်သွင်းရန် ကန့်သတ်ခဲ့ပါသည်။

**"တင်သွင်းပြီး"**ဆိုရာတွင် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၅ ရက်အထိ ရောက်ရှိပြီးဖြစ်သော သင်္ဘောတင်ပို့မှုများနှင့် LC ဖွင့်ပြီး၍ ၂၀၁၈ ခုနှစ် ဧပြီ ၂၅ ရက် မတိုင်မီ ဘဏ်များမှတစ်ဆင့် ကြိုတင်ငွေပေးချေထားသော သင်္ဘောတင်ပို့မှုများသာ အကျုံးဝင်မည်ဖြစ်ပြီး အဆိုပါသင်္ဘောတင်ပို့မှုများကို သက်ဆိုင်ရာ ဒေသအာဏာပိုင်များထံ မှတ်ပုံတင်ထားရန်လိုအပ်ကြောင်း ဖော်ပြထားမှုကို သတိပြုနိုင်ရန် အသိပေးအပ်ပါသည်။



To be published in the Gazette of India Extraordinary Part-II, Section - 3, Sub-Section(ii)

Government of India
Ministry of Commerce & Industry
Department of Commerce
Directorate General of Foreign Trade

Notification No. 04 /2015-2020
New Delhi, Dated: 25 April, 2018

**Subject: Amendment in import policy of Peas under Chapter 7 of the ITC (HS) 2017, Schedule – I (Import Policy)**

**S.O. (E):** In exercise of powers conferred by Section 3 of FT (D&R) Act, 1992, read with paragraph 1.02 and 2.01 of the Foreign Trade Policy, 2015-2020, as amended from time to time, the Central Government hereby amends the import policy of items of Chapter 7 of the ITC (HS)2017, Schedule – I (Import Policy) as under:

| Exim Code | Item Description | Existing Policy | Existing policy condition | Revised Import Policy | Revised Policy condition |
|---|---|---|---|---|---|
| 0713 1000 | Peas (Pisum sativum) | Free | - | Restricted | Restricted for the period from 01st April to 30th June, 2018 and subject to Policy Condition 4 of this Chapter |

**Policy Condition 4:** During the period from 01st April to 30th June, 2018 total quantity of one lakh MT of yellow peas minus the quantity already imported from 01.04.2018 till date will be allowed against license as per procedure to be notified by DGFT.

"Already Imported" will include shipment already arrived from 01.04.2018 till 25.04.2018 and those shipments backed by Irrevocable Commercial Letter of Credit (ICLC) and Advance Payment made through Banking Channel before 25.04.2018. Both these categories will be required to be registered with Jurisdictional Regional Authority as per Para 1.05 of Foreign Trade Policy, 2015-20.

2. **Effect of this Notification**: Import policy of Yellow Peas under Exim Code 0713 1000 is revised from free' to 'restricted' for a period of three month only.

(Alok Vardhan Chaturvedi)
Director General of Foreign Trade
Email: dgft@nic.in

[Issued from F.No. M-5012/300/2002/PC-2(A)/Part-VI/E-9019]

ကေခိုင်ကျော်

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# သကြ်န်ကာလအတွင်း ဆန်တင်ပို့မှုလျော့ကျ

ကုန်သွယ်ရေး စခန်းများမှ သကြ်န်ကာလအပါအဝင် ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၇၇ သန်း တန်ဖိုးရှိ ဧည့်မထဆန်နဲ့ ငစိန်ဆန် ၅၄၄၇ တန်ခန့် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် တန်ချိန် ၂၂၅၀ နဲ့ ငစိန်ဆန် ၃၇၄ တန်ကျော်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၂၄၅၀ တင်ပို့ခဲ့သလို မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၃၇၃ တန်ခန့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

သကြ်န်ကာလဖြစ်တဲ့အတွက် ဆန်တင်ပို့မှုများ လျော့ကျခဲ့တာရယ်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဆန် တင်ပို့မှု မရှိတာရယ်ကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက၁၇၀၈၅ တန်ခန့် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်အတွင်း ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၁၁၈ သန်းဖိုးနဲ့ ဆန်ကွဲ ၃၇၇ တန်ခန့်ဖြစ်ပြီး မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၂၃၇ တန်နီးပါးနဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၅၇၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၉၆ တန် လျော့ကျခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**



# ဆန်အထွက်နှုန်း တိုးလာနိုင်သည့် အိုင်ဗရီကို့စ်

အနောက်အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သော အိုင်ဗရီကို့နိုင်ငံ၏ ဆန်စက်များသည် ၂၀၁၇-၂၀၁၈ စျေးကွက်နှစ် (အောက်တိုဘာနှင့် စက်တင်ဘာလ) အတွင်း ၁ ဒသမ ၃၈ မီလီယံ မက်ထရစ်တန် ကြိတ်ခွဲထုတ်လုပ်နိုင်ခဲ့ပြီး နှစ်စဉ် ၁ ဒသမ ၃၅ ရာခိုင်နှုန်းဖြင့် တိုးတက်ထုတ်လုပ်နိုင်ဖွယ်ရာရှိကြောင်းကို အမေရိကန်စိုက်ပျိုးရေးဌာနမှ ထုတ်ပြန်ထားသည်။ အိုင်ဗရီကို့စ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဆန်တင်ပို့မှုတွင်လည်း အရေးပါသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။

လက်ရှိအချိန် မျှော်မှန်းချက်အရ ဧပြီလဆန်းပိုင်းတွင် စပါးစတင်စိုက်ပျိုးပြီး စက်တင်ဘာ (သို့မဟုတ်) ဒီဇင်ဘာလခန့်တွင် ရိတ်သိမ်းနိုင်မည်ဖြစ်သည်။ စပါးစိုက်ပျိုးဧက ဟက်တာရှစ်သိန်းကျော် ရိတ်သိမ်းနိုင်ဖွယ်ရာရှိကြောင်း သိရသည်။ မိုးကောင်းသဖြင့် အထွက်နှုန်းကောင်းနိုင်သော်လည်း ငွေကြေးစရိတ်မလုံလောက်မှု၊ စိုက်ပျိုးရေးကဏ္ဍကို အလေးထား မြေတောင်မြှောက်မှု အားနည်းခြင်းနှင့်အတူ ပြည်တွင်းဈေးနှုန်းကျဆင်းမှုများကြောင့် ယခုကဲ့သို့ ဟက်တာရှစ်သိန်းကျော် ကိုသာ ရိတ်သိမ်းနိုင်ရန် မျှော်မှန်းခြင်း ဖြစ်သည်။

၂၀၁၈-၂၀၁၉ ခုနှစ်တွင် စပါးစိုက်ပျိုးမှုများပြားလာပြီး အထွက်နှုန်းတိုးလာကာ ဆန်စက်များမှလည်း ၁ ဒသမ ၄၅ မီလီယံ မက်ထရစ်တန် ပိုမိုကြိတ်ခွဲနိုင်မည်ဟု ခန့်မှန်းထားသည်။ ထို့အတူ လူဦးရေတိုးပွားလာမှု၏ နောက်ဆက်တွဲအနေဖြင့် စားသုံးမှုမှာလည်း များပြားလာလျက်ရှိနေသော အိုင်ဗရီကို့စ်နိုင်ငံသည် ဆန်ကို အဓိက အစားအစာအဖြစ် စားသုံးသော နိုင်ငံလည်းဖြစ်ပေသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂၈ မီလီယံ မက်ထရစ်တန် ဆန်တင်သွင်းမည်ဟု မျှော်လင့်ထားကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၃ မီလီယံ မက်ထရစ်တန် ပိုမိုတင်သွင်းမည်ဟု ယူဆကြောင်း စျေးကွက်သတင်းများအရ သိရသည်။ အိုင်ဗရီကို့စ်နိုင်ငံသို့ အဓိက ဆန်တင်ပို့နေသော နိုင်ငံများမှာ ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် အိန္ဒိယ တို့ဖြစ်ကြောင်း သိရသည်။

**ကြည်သာသစ်နိုင်**

# ပန်ဂျက်ပြည်နယ်တွင် မြေအောက်ရေ လျော့နည်းလာသဖြင့် ကာလတို စပါးမျိုးများ ရွေးချယ်စိုက်ပျိုးရန် လိုအပ်နေ

ယခုနှစ် အိန္ဒိယနိုင်ငံ ပန်ဂျက်ပြည်နယ်အတွင်း ပြည်နယ်အစိုးရ၏ ဆုံးဖြတ်ချက် အနည်းငယ် နှောင့်နှေးမှုကြောင့် စပါးစိုက်ပျိုးခြင်းကို ရက်အနည်းငယ် နောက်ကျစိုက်ပျိုးရမည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။ သို့ရာတွင် ထိုသို့နှောင့်နှေးသွားခြင်းကြောင့် ယခင်နှစ်ထက် စိုက်ပျိုးဧက လျော့နည်းသွားဖွယ်ရာ မရှိနိုင်ကြောင်းကို ပြည်နယ်စိုက်ပျိုးရေးဌာနက ထုတ်ပြန်ထားသည်။

"ဒီကိစ္စအတွက်နဲ့တော့ စပါးစိုက်ပျိုးမှုကို ထိခိုက်စေမှာမဟုတ်ပါဘူး။ လယ်သမားတွေအနေနဲ့ ဒီနှစ်မှာ ဧက ဟက်တာ ၂၈ ဒသမ ၅ သိန်းကျော် စိုက်ပျိုးမယ်လို့ မျှော်လင့်ထားပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ စပါးစိုက်ဧက ဟက်တာ ၃၀ ဒသမ ၄ သိန်းနီးပါးလောက် စိုက်ခဲ့တယ်"ဟု ပြည်နယ်စိုက်ပျိုးရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

ပန်ဂျက်ပြည်နယ် အစိုးရသည် ယခုနှစ် စပါးစတင်စိုက်ပျိုးရန် ရက်သတ်မှတ်မှုကို ဇွန် ၂၀ ရက်ဟု သတ်မှတ်ခဲ့ပြီး လွန်ခဲ့သောနှစ်က ဇွန် ၁၅ ရက်ကို သတ်မှတ်ပေးခဲ့သည်။ ထိုကဲ့သို့ နောက်ကျသတ်မှတ်ရခြင်းမှာ ပြည်နယ်အတွင်း မြေအောက်ရေ လျင်မြန်စွာ ခမ်းခြောက်နေမှုကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် ရေအရင်းအမြစ် ထိန်းသိမ်းမှုများကို လုပ်ဆောင်နေခြင်းကြောင့်ဖြစ်ပြီး ပြည်နယ်စိုက်ပျိုးရေးဌာနအနေဖြင့် လယ်သမားများအား ကာလတိုတောင်းသည့် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးရန် အကြံပြုထားကြောင်း သိရသည်။

**ကြည်သာသစ်နိုင်**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၂၇-၄-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၄၈ | ၄၄၃ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၃၈ | ၄၃၃ | ▽ | ၄၃၅ | ၄၄၂ | △ | ၄၃၀ | ၄၂၇ | ▽ | ၄၄၅ | ၄၅၃ | △ |
| ဆန်ဖြူ ၁၀% | ၄၃၆ | ၄၃၁ | ▽ | ၄၃၀ | ၄၃၇ | △ | - | - | - | ၄၄၁ | ၄၄၉ | △ |
| ဆန်ဖြူ ၁၅% | ၄၂၇ | ၄၂၃ | ▽ | ၄၂၂ | ၄၃၀ | △ | - | - | - | ၄၃၇ | ၄၄၅ | △ |
| ဆန်ဖြူ ၂၅% | ၄၁၁ | ၄၀၅ | ▽ | ၄၁၃ | ၄၁၅ | △ | ၃၀၅ | ၃၀၀ | ▽ | ၄၀၁ | ၄၁၃ | △ |
| ပေါင်းဆန် | ၄၆၃ | ၄၅၉ | ▽ | - | - | - | ၄၁၂ | ၄၁၂ | □ | ၄၁၂ | ၄၁၂ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၂၇-၄-၂၀၁၈)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၇၅၀ | □ | ၂၃၅၀၀ | □ | ၉၁၈၀ | ▽ | ၃၉၀၀၀ | ▽ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၀၀၀ | □ | ၈၉၁၀ | □ | ၃၉၀၀၀ | □ |
| ပဲခူး | ၅၈၀၀ | △ | ၂၄၀၀၀ | △ | ၇၀၀၀ | □ | ၃၇၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | ▽ | ၂၇၀၀၀ | ▽ | ၁၄၅၀၀ | △ | ၄၇၀၀၀ | △ |
| စစ်တွေ | ၄၆၅၀ | △ | ၁၉၅၀၀ | □ | ၇၃၀၀ | △ | ၃၃၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | △ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၄၅၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၈၂၀၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၈၄၀၀ | ▽ | ၃၂၀၀၀ | □ | - | - | ၅၈၀၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| ဘားအံ | ၅၄၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | △ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

| ၂၃-၄-၂၀၁၈ မှ ၂၇-၄-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| Sr.No. | Forms | Copies | Total Value (US$) |
| 1 | Form A | 757 | 38,505,128.899 |
| 2 | Form D | 84 | 2,108,233.030 |
| 3 | Form E | 92 | 2,213,375.320 |
| 4 | Korea GSP | 5 | 588,217.030 |
| 5 | Form AK | 59 | 3,540,341.750 |
| 6 | Form AJ | 6 | 207,192.180 |
| 7 | Form AI | 38 | 1,814,227.690 |
| 8 | Form AANZ | 15 | 130,938.330 |
| 9 | Form DFTP | 1 | 299,577,600 |
| **Grand Total** | | **1057** | **49,407,231.829** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၇-၄-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၀/၄ | ၂၇/၄ | ပြောင်းလဲမှု | ၂၀/၄ | ၂၇/၄ | ပြောင်းလဲမှု | ၂၀/၄ | ၂၇/၄ | ပြောင်းလဲမှု | ၂၀/၄ | ၂၇/၄ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၅၄ | ၇၀၉ | ▼ | ၇၀၀ | ၇၀၀ | ■ | ၆၇၅ | ၇၅၀ | ▲ | ၆၆၅ | ၆၅၀ | ▼ |
| ပဲစင်းငုံ | ၆၆၉ | ၆၀၉ | ▼ | ၅၃၃ | ၅၁၇ | ▼ | ၅၅၀ | ၅၁၅ | ▼ | ၅၂၅ | ၅၀၀ | ▼ |
| ပဲတီစိမ်း | ၁၁၃၀ | ၁၁၃၀ | ■ | ၁၉၀၇ | ၁၉၂၀ | ▲ | ၁၀၅၃ | ၁၀၅၀ | ▼ | ၁၃၇၀ | ၁၃၇၀ | ■ |
| ကုလားပဲရိုးရိုး | ၁၅၂၀ | ၁၄၅၀ | ▼ | ၁၂၂၃ | ၁၁၃၅ | ▼ | ၁၁၃၂ | ၁၁၅၀ | ▲ | ၁၂၂၀ | ၁၀၅၅ | ▼ |
| ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၆၇ | ၁၁၆၇ | ■ | - | ၁၃၇၀ | - | ၁၁၇၅ | ၁၂၀၀ | ▲ |
| ထောပတ်ပဲ | ၁၇၃၅ | ၁၉၆၅ | ▲ | ၁၈၆၇ | ၁၇၉၆ | ▼ | - | ၁၇၆၀ | - | ၁၈၁၅ | ၁၇၈၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၇-၄-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၀/၄ | ၂၇/၄ | ပြောင်းလဲမှု | ၁၉/၄ | ၂၆/၄ | ပြောင်းလဲမှု | ၁၉/၄ | ၂၆/၄ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၅၀ | ၃၂၀ | ▼ | ၅၆၆ | ၅၄၃ | ▼ | ၅၃၂ | ၄၉၄ | ▼ |
| ပဲစင်းငုံ | ၃၁၅ | ၂၇၀ | ▼ | ၅၇၈ | ၅၆၅ | ▼ | ၆၁၆ | ၅၈၇ | ▼ |
| ပဲတီစိမ်း | ၆၅၀ | ၆၅၀ | ■ | - | - | - | ၇၆၀ | ၇၄၈ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၅၈၀ | ၅၈၀ | ■ | ၅၄၀ | ၅၃၉ | ▼ | ၅၄၇ | ၅၅၀ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၄.၄.၁၈)ထိ | ယခုတစ်ပတ် (၂၁.၄.၁၈)ထိ | (၁.၁.၁၈) မှ (၂၁.၄.၁၈) ထိ |
| မတ်ပဲ | ၅၉၉၁၃ | ၂၈၂၁ | ၆၂၇၃၄ |
| ပဲတီစိမ်း | ၄၆၁၀၉ | ၂၄၂၀ | ၄၈၇၂၉ |
| ပဲစင်းငုံ | ၂၄၈၈၃ | ၅၁၈၂ | ၃၀၀၆၅ |
| ကုလားပဲ | ၁၁၂၇၈ | ၁၃၆၆ | ၁၂၆၄၄ |
| ပဲလွန်းဖြူ | ၁၅၈၇၈ | ၃၅၄ | ၁၆၂၃၂ |
| မြေထောက်ပဲ | ၅၆၈၁ | ၁၃၄ | ၅၈၁၅ |

## ပြည်လက်လီ ပဲဈေးကွက်မှာဘိုကိတ်ပဲသီးနှံ ဈေးအနိမ့်သာရ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ ပဲမျိုးစုံရောင်းဝယ်မှု ပုံမှန်ဖြစ်နေပြီး အချို့ပဲတွေကတော့ ပဲအဝင်မရှိဘဲ လက်ကျန်ပဲများနဲ့သာ ရောင်းချနေကြတာကို တွေ့ရပါတယ်။ ဘိုကိတ်ပဲသီးနှံမှာ အခြားပဲများကဲ့သို့ ပဲဝင်ရောက်မှုမများသော်လည်း တစ်ရက် အိတ် ၄၀မှ ၅၀ ကျော် အဝင်ရှိခဲ့တယ်လို့ သိရပါတယ်။

လက်လီသာ ရောင်းဝယ်မှုရှိနေတဲ့အတွက် တစ်ခါတစ်ရံ အိတ် ၃၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာတစ်တင်းကျပ် ၁၆၀၀၀ သာ ရရှိခဲ့တဲ့အတွက် အခြားပဲများထက် ဈေးလျော့နေခဲ့လို့ လက်လီ အရောင်းအဝယ်ဖြစ်မှုများတဲ့ပဲများထဲ မှာ ဈေးအနိမ့်ဆုံး ရရှိနေခဲ့တဲ့ ပဲသီးနှံဖြစ်နေခဲ့ပါတယ်။

**ခင်ဆွေဝင်း**

## ပြည်မတ်ပဲပုံမှန်အရောင်းအဝယ်ဖြစ်သော်လည်း ဈေးအေးနေ

ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲသီးနှံနေ့စဉ်အဝင်ရှိနေပြီး တစ်ရက်အိတ် ၂၀၀မှ ၃၀၀ကျော်ခန့် ပေါက်ခေါင်း၊ ပန်းတောင်းနှင့်ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။

ရန်ကုန်ဝယ်လက်နေ့စဉ်အဝယ်ရှိလို့ အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာတစ်တင်းလျှင်ကျပ် ၁၄၀၀၀ ဖြင့် ဈေးအေးလျက်ရှိခဲ့ပါတယ်။ ယခင်နှစ်က မတ်ပဲသီးနှံမှာ ဈေးကောင်းခဲ့တဲ့အတွက် သကြ်န်ကာလပြီးချိန်မှာလည်း တစ်တင်းလျှင်ကျပ် ၃၃၅၀၀ ဖြင့် ဈေးကောင်းရခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ဒေသထွက်ရာသီသီးနှံများ တရုတ်နိုင်ငံသို့တင်ပို့ရောင်းချ

မန္တလေးတိုင်းဒေသကြီး ဒေသထွက် စိုက်ပျိုးရေးသီးနှံများ မူဆယ်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မန္တလေးမြို့ သစ်သီးဝလံပွဲရုံများနှင့် ကုန်သည်များထံမှ သိရသည်။ နေ့စဉ် မန္တလေးသစ်သီးပွဲရုံများမှ မူဆယ် ၁၀၅ မိုင် သစ်သီးပွဲရုံများသို့ ဖရဲသီး (အဖြူ)၊ဖရဲသီး (အစေ့မဲ့)၊ဖရဲသီး (အကျား)၊ သခွားမွှေး(ပိုက်ကွက်)၊ သခွားမွှေး (ရွှေ)၊ ထိုင်ဝမ်သခွားမွှေးတို့ကို တရုတ်နိုင်ငံ ဈေးကွက်သို့ တစ်ကီလိုဂရမ်လျှင် အနိမ့်ဆုံးဈေး ၁၉၈ ကျပ်မှအမြင့်ဆုံးဈေး ၃၉၇ကျပ် ဖြင့် တင်ပို့ရောင်းချလျက်ရှိသည်။ ကျောက်ဆည်ခရိုင်ရှိသခွားမွှေးစိုက်ခင်းများတွင် သခွားမွှေးသီး(ပိုက်ကွက်)၊ သခွားမွှေးသီး(ရွှေ)၊ ထိုင်ဝမ်သခွားမွှေးသီးများ ဧပြီလဆန်းမှစတင်ပြီး လှိုင်လှိုင်ထွက်လျက်ရှိရာ အလုံးကြီးများအားတရုတ်ဈေးကွက်သို့တင်ပို့ပြီး အလုံးသေးနှင့်ဈေးကွက်မဝင်သောဖရဲသီး၊ သခွားမွှေးသီးများကို ရန်ကုန်-မန္တလေးလမ်း၊ မန္တလေး-စစ်ကိုင်းသွား မြို့ပတ်ကမ်းနားလမ်းနှင့် မန္တလေး-ပြင်ဦးလွင်လမ်းတို့တွင် လျှော့ဈေးဖြင့် ရောင်းချလျက်ရှိသည်။ တံတားဦးဒေသထွက် ဖရဲသီးအဝိုင်းများနှင့် သရက်သီးအကြမ်းများကိုသကြ်န်အပြီး တင်ပို့လျက်ရှိသည်။

တရုတ်နိုင်ငံ ဈေးကွက်သို့ ပုသိမ်ကြီးနှင့် ကျောက်ဆည်မြို့နယ်ထွက် ထိုင်ဝမ် ဆီးသီးများ၊ ကျောက်ပန်းတောင်း၊ရမည်းသင်း၊ သာစည်မြို့နယ်များမှ ထွက်ရှိသော စပျစ်သီးများလည်း တင်ပို့လျက်ရှိရာ ဝယ်လက်နည်းပြီး ဈေးနှိမ်သဖြင့် သစ်သီးကုန်သည်များ အမြတ်နည်းနေကြောင်းသိရသည်။

**မောင်ပြည်သူ (မန္တလေး)**

## ပြည်ထောပတ်ပဲ ဈေးကောင်းရပြီး ရောင်းဝယ်မှုအေး

ယခုလကုန်ပတ် ပြည်ပဲမျိုးစုံ ဈေးကွက်တွင် လက်လီရောင်းဝယ်မှုဖြစ်နေတဲ့ ပဲများထဲမှာ ထောပတ်ပဲသီးနှံဟာ ဈေးကောင်းရလျက်ရှိပြီး အရောင်းအဝယ်ဖြစ်မှုတော့ အေးနေခဲ့တယ်လို့ သိရပါတယ်။ ပဲအဝင်မရှိတော့ဘဲ လက်ကျန် ပဲများသာရှိလို့ လက်လီဝယ်ယူသည့်အခါ လက်ကျန်ပဲများ ရောင်းချရကြောင်းသိရပါတယ်။ အိတ်အနည်းငယ်သာ ရောင်းဝယ်မှုဖြစ်ပြီး ပဲဈေးမှာတစ်တင်းကျပ် ၃၅၀၀၀ဖြင့် သကြ်န်မတိုင်ခင် ကာလဈေးထက် ဈေးပိုနေခဲ့ပါတယ်။ သကြ်န်မတိုင်ခင်ကာလက ထောပတ်ပဲဈေးမှာ တစ်တင်းကျပ် သုံးသောင်းကျော်သာရရှိခဲ့တယ်လို့သိရပါတယ်။ ယခင်နှစ်ကထောပတ်ပဲ သီးနှံ၏ သကြ်န်ပြီးကာလဈေးမှာ တစ်တင်း ကျပ် ၂၂၀၀၀ သာ ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးက ယခင်နှစ်ထက် ကျပ် ၁၀၀၀၀ကျော် ဈေးပိုရနေကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ရေစကြိုကုန်စည်ဒိုင်တွင် ပဲဇီးကွက်နှင့်ထောပတ်ပဲဖြူအရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးမှာအနည်းငယ်ကျလျက်မြေပဲလုံးဆန်နီ (မြောင်)တစ်ပိဿာလျှင် ကျပ် ၂၂၀၀ မှ ကျပ် ၂၄၀၀၊ ကျွန်းဆန်တစ် ပိဿာလျှင် ကျပ် ၂၁၀၀ မှ ကျပ် ၂၂၀၀၊ S1 (မြေပဲဖြူလုံးဆန်) ကျပ် ၂၄၀၀ မှကျပ် ၂၅၀၀၊ M12 (မြေပဲလုံးဆန်)တစ်ပိဿာလျှင် ကျပ် ၂၄၀၀ မှ ကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ရေစကြိုဒေသထွက် မတ်ပဲဈေးသည် ဈေးအနည်းငယ်ကျနေပြီး မတ်ပဲတစ်တင်းလျှင် ကျပ် ၁၂၀၀၀ မှ ကျပ် ၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲပိစပ်တစ်တင်းလျှင်ကျပ် ၉၀၀၀၊ ပဲလွန်းပြာတစ်တင်းလျှင်ကျပ် ၁၆၅၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၀၅၀၀ဖြင့် အိတ် ၁၀၀ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဖြင့် အိတ် ၆၀ ခန့်၊ 929 ကုလားပဲဖြူတစ်တင်းလျှင်ကျပ် ၂၁၇၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ စွန်တာနီတစ်တင်းလျှင်ကျပ် ၂၀၅၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၃၂၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၃၃၀၀၀၊ ပဲကြီးတစ်တင်းလျှင်ကျပ် ၂၅၀၀၀ မှ ကျပ် ၂၇၀၀၀၊ ပဲပုပ်တစ်တင်းလျှင်ကျပ် ၂၅၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲနီပြားတစ်တင်းလျှင်ကျပ် ၂၄၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ပြောင်းဖူးစေ့ (CP) ဈေးမှာ တစ်တင်းလျှင် ကျပ် ၁၁၀၀၀ဖြင့် အိတ် ၁၀၀၀ခန့်အရောင်းအဝယ်ဖြစ်နေသည်ဟု ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**



## ပခုက္ကူကုန်စည်ဒိုင်၌ ထောပတ်ပဲဖြူ(ယော)နှင့်ပဲနီပြားအရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီအဟောင်း တစ်တင်းလျှင် ကျပ် ၁၁၃၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၁၁၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၂၂၀၀ ဖြင့် အိတ် ၅၀ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၁၃၀၀ ဖြင့် အိတ် ၅၀ခန့်၊ ဒေသထွက်ဖြစ်သောပဲနီပြားတစ် တင်းလျှင်ကျပ် ၂၃၀၀၀ မှ ကျပ် ၂၆၅၀၀ ဖြင့် အိတ် ၂၀၀ ခန့်၊ ပဲယင်း(မြစ်ခြေ) တစ် တင်းလျှင်ကျပ် ၁၈၂၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲလွန်းပြာအသစ်တစ်တင်းလျှင် ကျပ် ၁၆၇၀၀ ဖြင့် အိတ် ၅၀ခန့်၊ ပဲဇီးကွက် တစ်တင်းလျှင်ကျပ် ၂၂၀၀၀ ဖြင့် အိတ် ၁၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

စွန်တာနီ(ကျွန်း)တစ်တင်းလျှင် ကျပ် ၁၉၇၀၀ ဖြင့် အိတ် ၁၀၀ခန့်၊ ထီးလင်း(စားတော်ပဲ)တစ်တင်းလျှင် ကျပ် ၃၄၀၀၀ဖြင့် အိတ် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပြောင်းဖူးစေ့(CP)ဈေးဟာလည်း အနည်းငယ်ကျလျက်ရှိကာ တစ်တင်းလျှင် ကျပ် ၁၁၂၀၀ ဖြင့် အိတ် ၁၀၀ခန့် နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိသည်ဟု ကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။ ကျွန်းထောဖြူတစ်တင်းလျှင် ကျပ် ၃၃၃၀၀ ဖြင့် အိတ် ၅၀ခန့်၊ ယောထောပတ်ပဲဖြူတစ်တင်းလျှင် ကျပ် ၃၄၂၀၀ ဖြင့် အိတ် ၅၀၀ခန့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိနေပြီး နှမ်းဈေးကွက်တွင် ပြည်ပမှအဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်(ဂွ)တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၄၀၀၀ ဖြင့် အိတ် ၃၀ ခန့်၊ နှမ်းနက်(စမုံ)တစ်တင်းလျှင် ကျပ် ၃၂၀၀၀မှ ကျပ် ၃၉၀၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ဒေသထွက်မန်ကျည်းတောင့်ဈေးမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျဆင်းနေပြီးမန်ကျည်းတောင့် တစ် ပိဿာလျှင်ကျပ် ၁၀၄၀ရှိခဲ့ရာမှ ယခုအခါ ကျပ် ၉၀၀ ဖြင့် ပိဿာချိန် ၁၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း စုံစမ်းသိရှိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

Vol: 18, No.17 Monday April 30 2018

## မြန်မာ့ဆိပ်ကမ်းတွင် ၂၆.၄.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၂) | - NINOS | ကုန်သေတ္တာ ၇၂၂ ကုန်တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - CAPE FLORES | ကုန်သေတ္တာ ၄၈၇ ကုန်တင် ၄၁၅ ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၁) | - DESERT VICTORY | ဆန်တန်ချိန် ၂၉၀၀၀ တင်ရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - ORIENT PLUTO | Steel ၆၄၃၇ ကုန်ချရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၂) | - U THAR | Urea (In Bulk) ၁၀၇၄၃ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၂) | - MCC DHA KA | ကုန်သေတ္တာ ၁၆၈ ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း(၃) | - PERSUS OCEAN | Steel + G/C ၂၉၉၉၆ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၄) | - K SPINAL | Steel Product ၃၂၀၀၀ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| VIKING OCEAN | Units Vehicle (RO/RO) ၁၁၅၄ တန်ကုန်ချရန် | - | ၂၄.၄.၂၀၁၈ |
| LEMANS EXPRESS | Units Vehicle (RO/RO) ၁၂၃၈ တန်ကုန်ချရန် | JAPAN | ၂၇.၄.၂၀၁၈ |
| LEILA-H | Transformer ၄၆၅ ကုန်ချရန် | HAMBUG | ၁.၅.၂၀၁၈ |
| HAI YU | Coal (In Bulk) ၂၅၀၀၀ ကုန်ချရန် | RUSSIA | ၃.၅.၂၀၁၈ |
| LIZSTAR GLORY | Steel ၂၅၃၂ ကုန်ချရန် | RUSSIA | ၁၀.၅.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆.၄.၂၀၁၈ |
| EVER ABLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၄.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၇.၄.၂၀၁၈ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၈.၄.၂၀၁၈ |
| SHIBA | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၈.၄.၂၀၁၈ |
| SIMAR PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၄.၂၀၁၈ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၈.၄.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၄.၂၀၁၈ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၉.၄.၂၀၁၈ |
| OLYMPIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၄.၂၀၁၈ |
| MCC HALONG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၄.၂၀၁၈ |
| SINA BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၅.၂၀၁၈ |
| MCC SHANGHAI | SINGAPORE | သီလဝါဆိပ်ကမ်း | ၂.၅.၂၀၁၈ |
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၅.၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၅.၂၀၁၈ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၅.၂၀၁၈ |
| SINAR BATAM | SINGAPORE | စက်မှု/အလုံဆိပ်ကမ်း | ၄.၅.၂၀၁၈ |
| TORREST STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၆.၅.၂၀၁၈ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၇.၅.၂၀၁၈ |
| ARCA | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၇.၅.၂၀၁၈ |
| SINAR BIMA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၅.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.YU RU | ဒီဇယ်ဆီ | - | ၂၆.၄.၂၀၁၈ |
| MT.GRATE PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၂၇.၄.၂၀၁၈ |
| MT.CORVUS | P'Oil(In Bulk) | INDONESIA | ၂၇.၄.၂၀၁၈ |
| MT. AU GEMINI | P'Oil(In Bulk) | INDONESIA | ၂၇.၄.၂၀၁၈ |
| MT.OCEAN AUTUMN | ဒီဇယ်ဆီ | SINGAPORE | ၂၈.၄.၂၀၁၈ |
| MT.OCEAN WINTER | ဒီဇယ်ဆီ | SINGAPORE | ၃၀.၄.၂၀၁၈ |
| MT.FLY GURNARD | MOGAS(92 RON) | SINGAPORE | ၃၀.၄.၂၀၁၈ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၁.၅.၂၀၁၈ |
| MT.OCEAN GULL | MOGAS(92 RON) | SINGAPORE | ၁.၅.၂၀၁၈ |
| MT.GREAT OCEAN | ဒီဇယ်ဆီ | SINGAPORE | ၁.၅.၂၀၁၈ |
| MT.OCEAN LARK | ဒီဇယ်ဆီ | SINGAPORE | ၂.၅.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၄.၅.၂၀၁၈ |
| MT.YU RU | MOGAS(92 RON) | SINGAPORE | ၅.၅.၂၀၁၈ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၆.၅.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၈.၅.၂၀၁၈ |
| MT.SK LINE_1 | P'Oil(In Bulk) | INDONESIA | ၈.၅.၂၀၁၈ |

# ဈေးကွက်လိုအပ်ချက်နဲ့အညီ တိုးချဲ့စိုက်ပျိုးလာသည့် ရှမ်းအစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းသည် ရှမ်းပြည်နယ်၏ အဓိက ပြည်တွင်းပြည်ပဈေးကွက်ဝင် သီးနှံတစ်မျိုးဖြစ်သည်။ ထို့ပြင် ရှမ်းပြည်နယ်၏ ရေမြေရာသီဥတုဟာလည်း နှစ်စဉ်မိုးရေချိန် လက်မ ၅၀ ကျော်ရွာသွန်းသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးရေချိန် နည်းပါးသောဒေသများကဲ့သို့ မိုးခေါင်ပြီး ပျက်စီး ဆုံးရှုံးရခြင်းမရှိဘဲ စိုက်ပျိုးသမျှဖြစ်ထွန်းအောင်မြင်တာကို တွေ့ရပါတယ်။

ဒါကြောင့် အစေ့ထုတ်ပြောင်းကို ရှမ်းပြည်နယ်တွင် ဘဏ္ဍာနှစ်အလိုက် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာခဲ့ကြရာ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် အစေ့ထုတ်ပြောင်းစိုက်ဧက ၅၄၄၅၄၆ ဧကသာရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆၃၆၉၁၇ ဧကအထိ စိုက်ပျိုးလာခဲ့သဖြင့် စိုက်ဧက ၉၂၃၇၁ ဧကတိုးတက်လာခဲ့တာ တွေ့ရပါတယ်။

ရှမ်းပြည်နယ်တွင် အစေ့ထုတ်ပြောင်းကို မွေးမြူရေး အတွက်ပြည်တွင်း အစာစပ်လုပ်ငန်းနှင့် ပြည်ပတင်ပို့ရန် အဓိကစိုက်ပျိုးကြပါတယ်။ အများဆုံးစိုက်ပျိုးသောမျိုးများ မှာ CP808/ Cp 809/Cp 888 နှစ်ဖူးအောင် စပ်မျိုးပြောင်းများ ဖြစ်ပါတယ်။CP မျိုးစေ့ထုပ်များသည် အထုပ်ကြီးတစ်ထုပ်တွင် အထုပ်ကလေး ၆ ထုပ်ပါဝင်ပြီး အထုပ်သေးတစ်ထုပ်ကို တစ် ဧကစာအတွက် သုံးစွဲလို့ရပါတယ်။ ယခုအခါ စိုက်ပျိုး ချိန်နီး လာသည်နှင့်အမျှ မျိုးစေ့ဈေးနှုန်း တဖြည်းဖြည်းတက်လာ တယ်လို့လည်း သိရပါတယ်။

ယခင်မတ်လဆန်းက CP အထုပ်ကြီး တစ်ထုပ်ဈေး ကျပ် ၁၇၅၀၀၀ ရှိရာက ယခု ကျပ် ၂၂၀၀၀၀ ဖြင့် ဈေးတက် လာတာကိုလည်း တွေ့ရပါတယ်။သင်္ကြန်ပွဲတော် မတိုင်ခင်က အစေ့ထုတ်ပြောင်း ဈေးနှုန်းဟာ တစ်ပိဿာကျပ် ၅၄၀ အထိ ကျဆင်းသွားခဲ့ပြီး သင်္ကြန်အပြီးမှာတော့ ကျပ် ၅၇၀မှ ကျပ် ၅၉၀လောက်အထိ ဈေးပြန်လည်မြင့်တက် လာတာကိုလည်း သိရှိရပါတယ်။ တောင်သူတွေလက်ထဲမှာတော့ ပြောင်း လက်ကျန်များ မရှိတော့ပေမယ့်လို့ ကုန်သည်များနဲ့ အစာစပ် လုပ်ငန်းများမှာတော့ ပြောင်းလက်ကျန်ရှိနေသေးပြီး လှောင် လက်တွေအနေနဲ့ကတော့ ဇွန်လကုန်၊ ဇူလိုင်လဆန်းလောက် အထိ တဖြေးဖြေး ဈေးကွက်တင်ရောင်းချလိမ့်မယ်လို့ ခန့်မှန်း ရပါတယ်။ ပြောင်းလက်ကျန်အနေဖြင့် ရှမ်းပြည်နယ်အတွင်း ၆၇၉၂၆တန်ခန့် ကျန်ရှိနိုင်လိမ့်မယ်လို့ ကုန်သည်အသိုင်း အဝိုင်းများက ခန့်မှန်းထားကြောင်းသိရပါတယ်။

နှစ်စဉ် ရှမ်းပြောင်းအသစ်တွေကတော့ စက်တင်ဘာ လကုန်ပြီလ ပထမပတ်လောက်ဆို ထွက်ရှိတာဖြစ်ပါတယ်။ ယခုနှစ် ဧပြီလ ဒုတိယပတ်လောက်ကတည်းက တောင်ကြီး မြို့နယ် မြေနီကုန်း၊ ဘန့်ကွေး ကျေးရွာတွေမှာတော့ အစေ့ထုတ် ပြောင်းကို ရေသွင်းစိုက်ပျိုးနေကြပြီလို့ဆိုပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ပြောင်းအများဆုံး စိုက် ပျိုးတဲ့ မြို့နယ်များကတော့ တောင်ကြီး၊ ရပ်စောက်၊ ဆီဆိုင်၊ နမ့်စန်မြို့နယ်တို့ဖြစ်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာပြောင်း အများဆုံး စိုက်ပျိုးတဲ့မြို့နယ်များမှာ နောင်ချို၊ လားရှိုး၊ ကျောက်မဲ၊ သီပေါ၊ သိန္နီ၊ ကွတ်ခိုင်နှင့် မိုင်းရယ်မြို့နယ်များ ဖြစ်ပါတယ်။ အစေ့ထုတ်ပြောင်းသည် ပြည်ပဈေးကွက်အလား အလာ ရှိတာကြောင့် တောင်သူ၊ ပွဲစား၊ ကုန်သည်များသည် Public Pravite Partnership ပုံစံဖြင့် ပူးပေါင်း၍ စီးပွားရေးကို ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆောင်ရွက်နေကြပြီး ပြောင်းသီးနှံ ကို တိုးချဲ့စိုက်ပျိုးလာကြသည်များမှာ အားရစရာများပင် ဖြစ် နေကြောင်း တင်ပြလိုက်ရပါတယ်။ **စောမောင်(တောင်ကြီး)**



# ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲကြီးသီးနှံဈေးကောင်းရ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပဲကြီးသီးနှံဝင်ရောက်မှုပုံမှန်ရှိသော်လည်း ကုလားပဲသီးနှံကဲ့သို့ ပဲဝင်ရောက်မှုအိတ်အရေအတွက် မများဘူးလို့သိရပါတယ်။ တစ်ရက်လျှင်အိတ် ၂၅၀ မှ ၃၀၀ ဝင်ရောက်ခဲ့ကာ ဝယ်ယူမှုအနေနဲ့ကတော့ ဝင်ရောက်လာသမျှ ရောင်းချခဲ့ရကြောင်းသိရပါတယ်။ ပဲဈေးမှာ ဈေးကွက်အတွင်း ဈေးကောင်းရနေခဲ့တာကြောင့် (ရွှေကျွန်း) တစ်တင်း ကျပ် ၃၅၅၀၀၊ (ကမ်းနား)တစ်တင်းကျပ် ၃၁၀၀၀ ဖြင့် အသီးသီးရရှိခဲ့ပါတယ်။ ဒါကြောင့် ပဲဈေးကွက်မှာ ယခုနှစ်အတွင်း အခြားပဲဈေးများ ဈေးအေးသော်လည်း ပဲကြီးသီးနှံ မှာ အခြားပဲများနှင့်ယှဉ်လျှင် ဈေးကောင်းခဲ့တာတွေ့ရပြီး ယခင်နှစ်ကဈေးထက်တော့ ဈေးပိုရရှိလာခြင်းမရှိပေမယ့် ယခင်နှစ်ဈေးထက် လျော့နည်းမသွားခဲ့ကြောင်း သိရှိရပါတယ်။ **ခင်ဆွေဝင်း**

# ပြည်ကုလားပဲ အဝင်များသလို အရောင်းအဝယ်သွက်

ပြည်ပဲဈေးကွက်အတွင်း သင်္ကြန်ကာလအပြီးမှာ ပဲမျိုးစုံပုံမှန်ရောင်းဝယ်မှု ဖြစ်လျက်ရှိပြီး ကုလားပဲသီးနှံ ဝင်ရောက်မှု များခဲ့သလို အရောင်းအဝယ်လည်း သွက်နေခဲ့တာ တွေ့ရပါတယ်။ ပေါက်ခေါင်း၊ ပန်းတောင်း၊ ကံမ၊ ရွှေတောင်၊ ကျီးသဲနှင့် ရန်ကုန်-ပြည်ရထားလမ်းတစ်လျှောက်မြို့နယ်များမှ ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ဝယ်လက်အနေဖြင့် ဒေသတွင်း ပဲခွဲစက်သမားများမှ ဝယ်ယူလျက်ရှိလို့ ဝင်ရောက်လာသမျှ အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၂၈၀၀ ဖြင့် ဈေးငြိမ်လျက်ရှိကာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက်တော့ ဈေးကောင်းရနေပြီး ပဲကြီးသီးနှံထက်ဈေးလျော့နေခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

# ပြည်ပဲနီပြား လက်လီ/လက်ကား ပုံမှန်ရောင်းဝယ်မှုဖြစ်

ပြည်ပဲဈေးကွက်အတွင်း လက်လီလက်ကား ပဲမျိုးစုံရောင်းဝယ်လျက်ရှိရာ ပဲနီပြားသီးနှံမှာလည်း လက်လီလက်ကား ရောင်းဝယ်နေကြရကြောင်းသိရပြီး လက်ကားထက် လက်လီသမားများဖြင့် အရောင်းအဝယ် ပိုဖြစ်နေကြောင်း သိရပါတယ်။ ပဲဝင်ရောက်မှု တစ်ရက်အိတ် ၁၅၀ မှ ၂၀၀ ဝင်ရောက်မှု ရှိပြီး အရောင်းအဝယ် ဖြစ်မှုမှာလည်း အိတ် ၁၅၀ မှ ၂၀၀ ခန့် ရောင်းချမှု ရှိခဲ့တာကို တွေ့ရပါတယ်။

ပဲဈေးမှာ တစ်တင်းကျပ် ၂၇၀၀၀ဖြင့် အခြားလက်လီ ပဲများဖြစ်သော ဘိုကိတ်၊ ပဲလွန်းဖြူ ပဲပုပ်သီးနှံများထက် ဈေးကောင်း နေခဲ့တာကို တွေ့ရပြီး ယခင်နှစ်ကဈေးနှင့်တော့ သိပ်ကွာခြားမှု မရှိကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ကြက်သွန်

# ပြည်ကြက်သွန်နီ ဈေးကွက်အတွင်းဝင်ရောက်မှုများပေမယ့် အရောင်းအဝယ်အေး၍ ဈေးနှုန်းများကျဆင်း

ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ပုံမှန်ထက် ပိုမိုဝင်ရောက်နေတာ တွေ့ရပါတယ်။ မကွေးတိုင်းအတွင်းရှိ အောင်လံ၊ တောင်တွင်း၊ မကွေး စတဲ့ နယ်များမှ တစ်ရက်ကို အိတ် ၈၀၀ မှ ၁၀၀၀ ထိ ဝင်ရောက်မှုရှိနေပြီး အရောင်းအဝယ်မှာ ပုံမှန်အောက်သာ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရပါတယ်။ ဝင်ရောက်မှုများပေမယ့် အရောင်းအဝယ်မှာ အေးနေတဲ့အတွက် ပြည်ပဲဈေးကွက်အတွင်း ပစ္စည်းလက်ကျန်များပြီး ဈေးနှုန်းမှာလည်း ယခင်တစ်ပတ်ကထက် အနည်းငယ် ကျဆင်းသွားတာ တွေ့ရပါတယ်။ ဈေးနှုန်းအနေနဲ့ ပြည်ပွဲရုံ လက်ကားဈေး တစ်ပိဿာလျှင် အရည်အသွေးပေါ် မူတည်၍ ကျပ် ၄၀၀-၅၀၀-၅၅၀-၆၀၀ စသည်ဖြင့် ခွဲခြားရောင်းချလျက်ရှိပြီး လက်လီဈေးများတွင် (ကြီး) ကျပ် ၇၀၀၊ (လတ်)ကျပ် ၇၅၀မှ ကျပ် ၈၀၀၊ (သေး) ကျပ် ၆၀၀ မှ ကျပ် ၆၅၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက် ရှိတဲ့အတွက် ယခုတစ်ပတ် ဈေးနှုန်းမှာယခင်တစ်ပတ် ဈေးနှုန်းများဖြစ်သော လက်ကားဈေးနှုန်း တစ်ပိဿာကျပ် ၅၅၀၊ ကျပ် ၆၀၀၊ ကျပ် ၇၀၀ ရှိ၍ လက်လီတစ်ပိဿာ(ကြီး) ကျပ် ၉၀၀၊ ကျပ် ၁၀၀၀၊ (လတ်)ကျပ် ၈၀၀၊ (သေး)ကျပ် ၆၅၀၊ ကျပ် ၇၀၀၊ (အသေးဆုံး) ကျပ် ၆၀၀နှုန်းတို့ဖြင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ပျမ်းမျှကျပ် ၁၅၀ ခန့် ကျဆင်းသွားတာ တွေ့ရပါတယ်။

ဈေးကွက်အတွင်း ကြက်သွန်နီ အလတ်စများသာ အရောင်းအဝယ်ဖြစ်ပြီး ကြက်သွန်နီ အလုံးကြီးများမှာ စားသုံးသူများမှ အကြိုက်မတွေ့၍ ဝယ်ယူမှုမရှိတဲ့အတွက် အလုံးကြီးဈေးမှာ အလတ်စ ဈေးအောက်လျော့နည်းရောင်းချ နေကြောင်း ပွဲရုံဈေးကွက်မှ သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# တရုတ်နဲ့ ထိုင်းနိုင်ငံသို့ ကြက်သွန်နီတင်ပို့

ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၄ သန်း တန်ဖိုးရှိ ကြက်သွန်နီ ၄၃၁ တန်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၃၅၀၀ တန်ဖိုးရှိ ကြက်သွန်နီတန် ၁၀၀ ကိုထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီး တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှတန် ၂၄၇၀ တင်ပို့ခဲ့ပြီး တာချီလိတ်မှကြက်သွန်နီတင်ပို့မှု မရှိခဲ့ပါဘူး။ ယမန်နှစ်ကာလတူက မူဆယ်မှကြက်သွန်နီ ၂၈၉ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး တာချီလိတ်မှလည်း ကြက်သွန်နီတန် ၁၀၀ ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## မန်ကျည်း

# ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုလျော့

ဧပြီ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၃၄၈ ဒသမ ၀၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁၀၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၀၀၊ စင်ကာပူနိုင်ငံသို့ ၄၈ တန်နဲ့ သီရိလင်္ကာနိုင်ငံသို့ ၅၀ ဒသမ ၀၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က မန်ကျည်း တန်ချိန် ၂၂၆၀ ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၉၁၀ ကျော် တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၁၆၀၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

ကယားဒေသထွက် ဧည့်မထဆန်လို့ခေါ်တဲ့ ရွှေရင်အေးဆန်နဲ့ တရုတ်မွှေးဆန် အမျိုးအစားတို့ဟာ တရုတ်နိုင်ငံ ဈေးကွက်အကြိုက်ဆန်ဖြစ်ပြီး ကယားပြည်နယ်မှ မူဆယ်သို့ ဧပြီ ၁၈ ရက်မှ ၂၄ ရက်အတွင်း ဆန်တန်ချိန် ၉၂ တန်ခန့်တင်ပို့နိုင်ခဲ့ပါတယ်။ အခြားပြည်နယ်များမှ ဆန်တန်ချိန် ၁၆၅ တန် တင်သွင်းလာကြောင်းကိုလည်း ပြည်နယ်အထွက် ဂိတ်စာရင်းများအရ သိရှိရပါတယ်။

ဧပြီလအတွင်း ပြောင်းဖူးစေ့တင်ပို့မှုမှာ ရန်ကုန်တီရွာ်ာန် အစားအစာထုတ်လုပ်တဲ့ ပြည်မကြက်စာအစားစက်ရုံသို့ စုစုပေါင်း တန်ချိန် ၄၉ တန်ကိုသာတင်ပို့နိုင်ပြီး ပဲစင်းငုံတင်ပို့မှုမှာ တန်ချိန်အားဖြင့် ၁၄၂ တန်နှင့် နှမ်းကိုလည်း အခြားပြည်နယ်များသို့ စုစုပေါင်းတန်ချိန် ၆၅ တန်အထိတင်ပို့နိုင်ခဲ့ပါတယ်။

ကုန်ဈေးနှုန်းများအနေဖြင့် ဧပြီလ စတုတ္ထပတ်အထိ ပြောင်း(ခြောက်)အထိုင်ဈေး တစ်ပိဿာ ကျပ် ၅၅၀ ဖြစ်ပြီး တစ်ပိဿာလျှင် ကျပ် ၅၀ ထိဈေးတက်လာကြောင်း၊ ပဲစင်းငုံတစ်ပိဿာ ကျပ် ၅၀၀ ဈေးပေါက်ကြောင်းနှင့် စပါးတင်း ၁၀၀ ကျပ် ၈၆၉၀၀၀၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၅၈၀၀၀၊ ပေါ်ကွဲဆန် တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ ဧည့်မထ(ဒေသ)ဆန် တစ်အိတ်လျှင် ကျပ် ၃၂၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၄၀၀၀၊ ပဲဆီ တစ်ပိဿာ (လက်လီ) ကျပ် ၅၇၀၀၊ နှမ်းဆီ တစ်ပိဿာ (လက်လီ) ကျပ် ၅၂၀၀၊ စားအုန်းဆီ တစ်ပိဿာ (လက်လီ) ကျပ် ၂၅၀၀ ရှိပြီး ဈေးကွက်အတွင်း အသား/ငါး ဈေးနှုန်းများမှ ကြက် (မွေးမြူရေး) တစ်ပိဿာ ကျပ် ၆၀၀၀၊ ဝက် (မွေးမြူရေး) တစ်ပိဿာ ကျပ် ၇၀၀၀၊ အမဲ (မွေးမြူရေး) တစ်ပိဿာ ကျပ် ၁၁၀၀၀၊ ဆိတ် (မွေးမြူရေး) တစ်ပိဿာ ကျပ် ၁၆၀၀၀၊ ငါး (ငါးမြစ်ချင်း) အလတ် တစ်ပိဿာ ကျပ် ၅၅၀၀ ဖြင့်ဈေးပေါက်ကြောင်း ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ လေ့လာသိရှိရပါတယ်။

ကယားပြည်နယ်အတွင်း ဧပြီလ စတုတ္ထပတ်အထိ ရွှေဈေးနှုန်းမှာ ၁၆ ပဲရည်တစ်ကျပ်သားလျှင်ကျပ် ၉၄၇၀၀၀ ဖြစ်ပြီး စက်သုံးဆီ ဈေးနှုန်းများမှာ ဓာတ်ဆီ-ရိုးရိုး တစ်လီတာကို ၈၆၆ ကျပ်၊ အောက်တိန်း(92) တစ်လီတာလျှင် ၈၂၂ ကျပ်၊ အောက်တိန်း (95) တစ်လီတာလျှင် ၈၈၈ ကျပ်၊ ဒီဇယ်-ရိုးရိုး တစ်လီတာလျှင် ၈၈၈ ကျပ်၊ ဒီဇယ်-ပရီမီယံ တစ်လီတာကို ကျပ် ၉၀၀ တို့ဖြင့် ဈေးပေါက်ကြောင်း ကယားကုန်ဈေးနှုန်း သတင်းများအရ လေ့လာ သိရှိရပါတယ်။

**ဖြိုးဝေအောင် (လွိုင်ကော်)**

## နနွင်း

### လက်ကျန်များနေသေးတဲ့ ရှမ်းနနွင်း

ရှမ်းနနွင်းကတော့ ပုံမှန်သာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပစ္စည်းလက်ကျန်ကတော့ များနေပါသေးတယ်။ အရင်နှစ်က အဟောင်းတွေက လက်ကျန်သိပ်ပြီးမရှိတော့ပေမယ့် ကုန်ပစ္စည်း အသစ်တွေ ဝင်လာတာကြောင့် ပစ္စည်းဈေးကွက်မှာတော့ ရှိနေပါသေးတယ်။ ပြည်ပဝယ်လက်တွေကတော့ အခုချိန်ထိ သိပ်ပြီးမရှိသေးပါဘူး။ မူဆယ်ဝယ်လက်တွေက ဈေးနှုန်းကိုသာ စုံစမ်းပြီးအဝယ်ကတော့ မရှိသေးဘူးလို့ သိရပါတယ်။ ပြည်တွင်းသုံး ဝယ်လက်တွေကသာ ချင်း (စို)ကို ဝယ်ယူရင်း နနွင်းကိုပါ အနည်းအကျဉ်း ဝယ်ယူနေတာရှိလို့ ဈေးကွက်မှာတော့ ပုံမှန်သာအရောင်းအဝယ် ဖြစ်နေ တယ် လို့လည်းသိရပါတယ်။ ပြည်ပဝယ် လက်မရှိပေမယ့် ပြည်တွင်းဝယ်လိုအားက အတော် အသင့်ရှိတာကြောင့် မတ်လတစ်လလုံးမှာ နနွင်းပိဿာချိန် နှစ်သိန်း နှစ်သောင်းခန့် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ယခုတစ်ပတ် အောင်ပန်းဈေးကွက်ကနေ ရန်ကုန်၊ စစ်တွေ ဝယ်လက်တွေဝယ်တာကြောင့် ပိဿာချိန်ပေါင်း ကိုးသောင်း ငါးထောင်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ နနွင်းတစ်ပိဿာ ပေါက်ဈေးကတော့ (တောင်ပိုလစ) ရိုးရိုးတစ်ပိဿာ ကျပ် ၁၅၀၀၊ ထိပ်စက ကျပ်၁၇၀၀ မှကျပ် ၂၀၀၀ရှိပြီး ဆင်တောင်နနွင်းက ကျပ် ၂၅၀၀ ဈေး ရှိပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ အရောင်းအဝယ် အနည်းငယ်အေးနေပြီး တစ်ပိဿာပေါက်ဈေး အနိမ့်ဆုံး ကျပ် ၁၃၀၀ မှ အမြင့်ဆုံး ကျပ် ၂၂၀၀ ရှိတယ်လို့ နနွင်းပွဲရုံများမှ သိရှိရပါတယ်။

**ဓနိုင် (တောင်ကြီး)**

### နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၃၀၀၀ ကျော်ရရှိ

ဧပြီ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၁၈ ဒသမ ၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၂၁၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၁၀ ကျော် တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန် ဒေါ်လာ ၇၆၀ ကျော် ရရှိခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃၀၇၇ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

### အောင်ပန်းဈေးကွက်တွင် ရှမ်းချင်းဈေးတက်

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(စို)ဈေးနှုန်း ဈေးမြင့်လာပါတယ်။ သင်္ကြန်ကာလဖြစ်တဲ့ လေးလပိုင်းက အရောင်းအဝယ် နည်းပါးခဲ့ပြီး သင်္ကြန် မတိုင်မီမှာ ငွေလိုတဲ့ တောင်သူတွေက ပစ္စည်းတွေကို ထုတ်ရောင်းကြပေမယ့် သင်္ကြန်ပြီးကာလမှာလည်း တောင်သူတွေက အလှူအတန်းတွေ ဆက်ပြီး လုပ်နေလို့ လုပ်ငန်းခွင်ကိုမဝင်လာကြသေးတာကြောင့် ဈေးကွက်မှာ ပစ္စည်းတွေ အဝင်မရှိသေးပါဘူး။ ပုံမှန်ဝယ်ယူနေကျဝယ်လက်တွေက ဝယ်ယူနေတာကြောင့် လဆန်းကဝယ်ယူထားတဲ့ ပစ္စည်းတွေကိုသာ ရောင်းနေရတယ်လို့ သိရပါတယ်။

အဲ့ဒါကြောင့် ချင်း(စို) ဈေးက ဒီတစ်ပတ်မှာ ဈေးတက်လာတာလို့လည်း ဒေသခံပွဲရုံများထံမှ သိရပါတယ်။ပွဲရုံတွေမှာလည်း ပစ္စည်း လက်ကျန် နည်းလာတာကြောင့် ဈေးတက်ပြီး ရောင်းရတယ်လို့လည်း သိရ ပါတယ်။ပြည်တွင်းသုံး ဝယ်လက်တွေက တစ်ပတ်အတွင်း ချင်း(စို) ပိဿာချိန်ပေါင်း တစ်သိန်းနှစ်သောင်းခန့်၊ ချင်းခြောက် ပိဿာချိန် ရှစ်သောင်း ခုနစ်ထောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(စို) တစ်ပိဿာကိုကျပ် ၅၈၀ မှကျပ် ၆၀၀ ထိ ဈေးရှိပြီး ချင်းခြောက်တစ်ပိဿာ ကျပ် ၆၀၀ မှကျပ် ၉၀၀ ထိရှိတယ်လို့ အောင်ပန်းချင်းပွဲရုံများထံမှ သိရှိရပါတယ်။

**ဓနိုင်(တောင်ကြီး)**

### ချင်းတန်ချိန် ၂၅၀ ကျော်တင်ပို့

ဧပြီ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း ချင်း ၂၅၄ ဒသမ ၇၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ သုည ဒသမ ၀၃ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၄၃ တန်၊ ဂျာမနီနိုင်ငံသို့ ၅ တန်နဲ့ သီရိလင်္ကာနိုင်ငံသို့ ၆ ဒသမ ၇၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းစိုနဲ့ ချင်းခြောက်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ချင်းစို တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၂၀ ဝန်းကျင်ရရှိခဲ့ပြီး ချင်းခြောက် တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၅၀၀ မှ ၂၀၀၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၈၃၁၁ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## One Cloud Co., Ltd.

| | |
|---|---|
| Address: | No 271,6 Floor, Anaw Yahtar Road, Lanmadaw Township, Yangon, Myanmar |
| Service Center: | No 139 (B), Lower Kyeemyindaing, Saw Yan Paing East Quarter, Ahlone Township, Yangon, Myanmar |
| Tel: | +959 264633290, +959 975938084 |
| Email: | info@1cloudtechnology.com |
| Website: | www.1cloudtechnology.com |

**ONE CLOUD SOLUTIONS**

- Wireless Network Solution
- Data Center Solution
- VPN Solution
- VOIP (IPPBX) Solution
- Indoor/Outdoor Fiber Cable Laying
- Enterprise DIA (Dedicated Internet Access)
- Maintenance Support

**PRODUCTS**

1.Cisco 2. Juniper 3. A10 4. Nutanix
5. Fortinet 6. Dell 7. HPE 8. Mikrotik
9. Microsoft 10. Cambium 11. Cleanline UPS

One Cloud

## MONSOON WAVE LIMITED





No.56, Sein Yandanar Street, (1) Ward, Kamaryut Township,Yangon.
Ph : 09-250500368

## U Thaung Htay & Family Trading Co.,Ltd

### Japan Car Auction
&
### Car Sales Center

ဂျပန်နိုင်ငံမှ ကားအမျိုးမျိုးကို တိုက်ရိုက်လေလံဆွဲပေးသည်။
ကားများမှာယူလျှင် လူကြီးမင်းတို့စိတ်ကြိုက်
ဝန်ဆောင်မှုပေးသည်။



Ph: 09-73068972, 09-783730689, 09-420011433
No. 170D, Myanmagoneyee Street, Corner 87st, Kandawlay. Email: aungsanmoe777@gmail.com

## MODEL ASIA SERVICES CO., LTD



| | |
|---|---|
| Head Office | : No (10),Thitsar Road,Yankin Tsp,Yangon. |
| Ph | : 09-420077790 , 01-2332648 , 09-263340416 |
| Email | : modelasiacc@gmail.com |

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဒီဇယ်ရော ဓာတ်ဆီပါ အဝင်ပို

ဧပြီ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၄၄၆၇၀၁၃၅ တန်ဖိုးရှိ ဒီဇယ် ၇၆၂၆၆ ဒသမ ၃၀ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၈၃၅၅၇၄၆ တန်ဖိုးရှိ ဓာတ်ဆီ ၅၀၆၁၁ ဒသမ ၆၀ တန်၊ စုစုပေါင်း ၁၂၆၈၇၇ ဒသမ ၉၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၄၂၅၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၃၆၈၀ ကျော် ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင် ခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၂၇၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၇၈၆၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရော ဓာတ်ဆီပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ သုည ဒသမ ၄၂၉ သန်း တန်ဖိုးရှိ **Re-export**ဒီဇယ် ၆၈၂ ဒသမ ၂၆၅တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၃၂၀၇၅၀ တန်ဖိုးရှိ **Re-export** ဒီဇယ်တန်ချိန် ၂၀၀၀ တင်ပို့ခဲ့ပြီး မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၅၅၇၇၇၂ တန်ဖိုးရှိ ဒီဇယ် ၉၂၇ ဒသမ ၆၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၂၆၃၉၆ တန်ဖိုးရှိ ဓာတ်ဆီ ၇၅၀ ဒသမ ၃၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်ကျပ် ၈၄၀၊ အောက်တိန်း (92) ၈၀၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၅၀၊ အဆင့်မြင့်ဒီဇယ်ကျပ်၈၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဧပြီ ၂၃ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၇၆၀၀၀၊ ရောင်းဈေး ကျပ် ၁၈၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဧပြီ ၂၇ ရက်တွင် ဝယ်ဈေး ကျပ် ၃၀၀၀၊ ရောင်းဈေးကျပ် ၂၀၀၀ နဲ့ ဈေးမြင့်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဧပြီ၂၃ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၇၇၀၀၀၊ ရောင်းဈေး ကျပ် ၁၇၉၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေး နည်းနည်းမြင့်လာပေမယ့် ဓာတ်ဆီဈေးငြိမ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)နဲ့ အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ်၉၅၀၊ ဒီဇယ် တစ်လီတာ ကျပ်၉၀၀၊ အဆင့်မြင့်ဒီဇယ်တစ်လီတာကျပ် ၉၁၀ ၊ အောက်တိန်း (92) တစ်လီတာကျပ်၉၀၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ ဧပြီ ၂၃ ရက် တွင် ဒီဇယ်ဝယ်ဈေးကျပ် ၁၈၂၀၀၀၊ ရောင်းဈေး ကျပ် ၁၈၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဧပြီ ၂၇ ရက်တွင် ဝယ်ဈေး ၊ ရောင်းဈေး ကျပ် ၃၀၀၀ ဈေးမြင့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဧပြီ၂၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၅၀၀၀၊ ရောင်းဈေး ကျပ် ၁၇၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာဧပြီလ ၂၇ ရက်တွင် ဝယ်ဈေး ကျပ် ၁၈၂၀၀၀၊ ရောင်းဈေး ကျပ် ၁၈၅၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အဆင့်မြင့် ဒီဇယ်နဲ့အောက်တိန်း(95)မှာ ဈေးနည်းနည်းမြင့်လာပြီး အောက်တိန်း (92)မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၉၀ ၊ အောက်တိန်း(92) ၈၄၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၈၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၄၀၀၀ ၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## ဒေါ်လာဈေးအနည်းငယ်လျှပ်ခတ်ခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဧပြီလနောက်ဆုံးပတ်အတွင်း ဈေးအတက်အကျအနည်းငယ်ရှိခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၂၈ကျပ်မှ ၁၃၃၆ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန် ပြည်တွင်းစီးပွားရေးလောကအတွင်း အလုပ်သမားဈေးကွက် ဖွံ့ဖြိုးတိုးတက်နေခြင်း၊ ဘဏ္ဍာရေးမူဝါဒ ဖြေလျှော့လာခြင်းနှင့် ကုန်သွယ်ရေး ပြဿနာများ ပေါ်ပေါက်လာခြင်းတို့ကြောင့် အမေရိကန်ဒေါ်လာငွေကြေး ဖောင်းပွမှုမြင့်တက်လာကာ ဒေါ်လာဈေးနှုန်းအပေါ် ရိုက်ခတ်မှုရှိလာခဲ့သည်ဟု ပြည်တွင်းငွေကြေး အရောင်းအဝယ်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဧပြီ ၂၃ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၄ကျပ်၊ ဝယ်ဈေး ၁၃၂၂ကျပ်ရှိခဲ့ရာမှ ဧပြီ ၂၅ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၈ကျပ်၊ ဝယ်ဈေး ၁၃၂၆ကျပ် ဖြင့် အရောင်းအဝယ်ရှိခဲ့ပြီး ဧပြီ ၂၇ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ကျပ် ၁၃၃၀၊ ဝယ်ဈေး ၁၃၂၈ ကျပ်ဖြင့် ဈေးပိတ်သိမ်းသွားခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး အနည်းငယ် ကျဆင်းခဲ့

ဧပြီလနောက်ဆုံးပတ် ပြည်တွင်းရွှေဈေးမှာ အနည်းငယ်ကျဆင်းခဲ့သလို ကမ္ဘာ့ရွှေဈေးမှာလည်း ပြန်လည်ကျဆင်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ ဧပြီ တတိယပတ်က ကျပ် ၉၄၆၀၀၀ ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုတစ်ပတ်အတွင်း ကျပ် ၉၄၂၀၀၀ သို့ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။

"လတ်တလောရွှေဈေးက ပထဝီဝင်နိုင်ငံရေးတင်းမာမှု ပြန်လျော့လလာသလို အမေရိကန်နဲ့ မြောက်ကိုရီးယားတို့ လက်နက်စမ်းသပ်မှုလျှော့ချရေးအတွက် တွေ့ဆုံဆွေးနွေးမယ့်သတင်းတွေ၊ ကုန်သွယ်ရေးပြဿနာအတွက် အမေရိကန်နဲ့ တရုတ်ကလည်း ညှိနှိုင်းဖို့ရှိနေတာတွေက ရွှေဈေးကို ပြန်တန့်လိုက်သလိုဖြစ်သွားတယ်။ နောက်ပြီး အမေရိကန်ငွေတိုက်စာချုပ် အတိုးနှုန်းကလည်း ၃ရာခိုင်နှုန်း အထက်တက်ဖို့ရှိနေတာကလည်း ရွှေဈေးကို အကျဘက်ဆွဲခေါ်သလို ဖြစ်သွားတယ်"ဟု ပြည်တွင်းရွှေ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဧပြီ ၂၃ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၄၂၅၀၀ ဝန်းကျင်ရှိခဲ့ရာမှ ဧပြီ ၂၅ရက်တွင် ကျပ် ၉၄၃၀၀၀သို့ အတက်ပြခဲ့သော်လည်းဧပြီ၂၇ရက်တွင် ကျပ် ၉၄၂၀၀၀ ဖြင့် ဈေးပြန်ကျခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဧပြီ ၂၃ ရက်က တစ်အောင်စ လျှင် ၁၃၂၈ အမေရိကန်ဒေါ်လာရှိခဲ့ရာ မှ ဧပြီ၂၅ ရက်တွင် တစ်အောင်စလျှင် ၁၃၂၄အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့ပြီး ဧပြီ ၂၇ ရက်တွင် ၁၃၁၇ အမေရိကန်ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။

**သန်းထိုက်အောင်**

## စတော့အခြေခံသင်တန်းများ မေလအတွင်း ဖွင့်လှစ်မည်

ရန်ကုန်စတော့အိတ်ချိန်းမှ အစုရှယ်ယာဗဟုသုတများ လေ့လာနိုင်ရန်အတွက် စတော့အခြေခံသင်တန်းများကို ရန်ကုန်စတော့အိပ်ချိန်း (YSX)က ယခုနှစ်မေလအတွင်း ဖွင့်လှစ်သင်ကြားပေးသွားရန် စီစဉ်ထားကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

"စတော့အခြေခံသင်တန်းနဲ့ ပတ်သက်လို့ အသေးစိတ်ကို ထပ်မံကြေညာပေးသွားပါ့မယ်။ သင်တန်းအနေနဲ့ကတော့ လောလောဆယ် ရန်ကုန်မှာပဲရှိမှာပါ။ Seminarလို အများပြည်သူတက်ရောက်နိုင်တဲ့ဆွေးနွေးဟောပြောပွဲတွေကတော့ နယ်မြို့တွေမှာ ပြုလုပ်ပေးသွားဖို့ရှိပါတယ်။ နောက်ထပ်ပွဲတွေရှိရင်လည်း ကြိုတင်အသိပေးသွားပါမယ်"ဟု ရန်ကုန်စတော့အိတ်ချိန်း၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအချိန်တွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း SkyNet ရုပ်သံ MBiz Channel မှ စတော့ရှယ်ယာ ဈေးကွက်ဆိုင်ရာဗဟုသုတ အမေးအဖြေအစီအစဉ်ကိုလည်းထုတ်လွှင့်ပေးနေကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်း၊ ပြည်ပမှ စာရေးဆရာများ ရေးသားထုတ်ဝေသော စတော့ရှယ်ယာရောင်းဝယ်ရေးဆိုင်ရာ စာအုပ်များ၊ ရန်ကုန်စတော့အိတ်ချိန်းနှင့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကုမ္ပဏီများမှ ကြီးမှူးကျင်းပသော ဟောပြောပွဲများတွင်လည်းအစုရှယ်ယာဈေးကွက်နှင့် ပတ်သက်သောဗဟုသုတများကို လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

April 27, 2018
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.33 |
| BDT Bangladesh Taka | 82.97 |
| CAD Canada Dollars | 1.29 |
| CNY China Yuan Renminbi | 6.34 |
| EUR Euro | 0.83 |
| H KDHong Kong Dollars | 7.85 |
| I NR India Rupees | 66.82 |
| I DR Indonesia Rupiahs | 13899.97 |
| JPY Japan Yen | 109.38 |
| MYR Malaysia | 3.92 |
| PKR Pakistan Rupees | 115.93 |
| PHP Philippines Pesos | 51.95 |
| RUB Russia Rubles | 62.76 |
| SGD Singapore Dollars | 1.33 |
| KRWSouth Korea Won | 1077.71 |
| LKR Sri Lanka Rupe | 157.81 |
| THB Thailand Baht | 31.63 |
| GBP United Kingdom Pounds | 0.72 |
| VND VietnamDon | 22767.12 |

*Source:xe.com*

## World Gold Price

April-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 23 | 1338 | 1337 | 1336 |
| 24 | 1330 | 1328 | 1328 |
| 25 | 1328 | 1327 | 1327 |
| 26 | 1328 | 1326 | 1326 |
| 27 | 1320 | 1318 | 1318 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 23-4- 2018 | 943.50 | 943.00 |
| 24-4- 2018 | 943.00 | 942.50 |
| 25-4- 2018 | 943.50 | 943.90 |
| 26-4- 2018 | 943.00 | 942.50 |
| 27-4- 2018 | 942.00 | 941.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဧပြီလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 23 | 6.30 | 31.44 | 83.51 | 66.22 |
| 24 | 6.31 | 31.47 | 83.78 | 66.33 |
| 25 | 6.27 | 31.12 | 83.02 | 65.25 |
| 26 | 6.32 | 31.60 | 84.25 | 66.84 |
| 27 | 6.34 | 31.63 | 82.97 | 66.82 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 23-April | 17.06 | 3222.69 | 2477.08 | 6967.51 | 926.00 |
| 24-April | 16.63 | 3248.26 | 2240.15 | 6938.63 | 920.00 |
| 25-April | 16.59 | 3205.50 | 2183.72 | 6933.78 | 923.00 |
| 26-April | 16.53 | 3105.88 | 2200.69 | 6916.59 | 909.00 |
| 27-April | 16.46 | 3126.37 | 2236.62 | 6896.32 | 903.00 |

## Energy NYMEX

27-4-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 67.98 | -0.21 | -0.31 |
| Brent Crude Futr (USD/bbl) | 74.63 | -0.11 | -0.15 |
| Gasoline Rbob Fut (Cent/gal) | 211.08 | -0.15 | -0.07 |
| Natural Gas Futr (USD/MMBtu) | 2.81 | -0.03 | -1.06 |
| Heating Oil Futr (Cent/gal) | 215.73 | -0.27 | -0.12 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ဘိလပ်မြေအဝင်လျော့

ဧပြီလ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၆၇၅၅ တန်ဖိုးရှိဘိလပ်မြေ ၂၀၀ ဒသမ ၀၀၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံဘက်မှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၈၄၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၈၂၀၀ ကျော် အဝင်လျော့တယ်လို့ သိရပါတယ်။

ဧပြီလ ၁၄ ရက်မှ ၂၀ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၂၉၃၀ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၈၃၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၃၇၀ကျော်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းအေး

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ သင်္ကြန်အပြီး ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာတာကြောင့် အရောင်းအဝယ်က ပြန်ပြီးလှုပ်ရှားလာသလို ဈေးလည်း နည်းနည်းမြင့်လာတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။

ဒီတစ်ပတ် ဆင်မြန်မာက ကျပ် ၂၀၀၊ ကြံ့(လက်သစ်)က ကျပ် ၁၀၀ ဈေးမြင့်ခဲ့ပြီး ဆင်(ထိုင်း)က ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်ကာ စိန်(ထိုင်း)က ပစ္စည်းပြတ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၁၅၀ ၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၅၀၅၀၊ စိန်(ထိုင်း) ကျပ် ၅၇၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ**သင်္ကြန်ပြီးကာလလုပ်ငန်းများလည်း ပြန်လည်လုပ်ကိုင်လာတာကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်လာတယ်လို့သိရပါတယ်။ အရောင်းအဝယ်ပုံမှန်ဖြစ်လာပေမယ့် ဈေးနှုန်းအပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာကျပ်၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၄၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်နည်းနည်းဖြစ်တယ်လို့သိရပါတယ်။ သင်္ကြန်အပြီး ဈေးကွက်ထဲ ဆင်၊ စိန်၊ အပါချီနဲ့ အေသုံးလုံးမှာ ပစ္စည်းပြတ်နေပြီး ကမ္ဘောဇနဲ့ နဂါးဘိလပ်မြေသာ ဈေးကွက်ထဲရှိပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဆင်၊ စိန်နဲ့အပါချီ ဘိလပ်မြေများက ပစ္စည်းမရှိပေမယ့် ဈေးနှုန်းအပြောင်းအလဲတော့ မရှိဘူးလို့သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ်၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ဒီတစ်ပတ်မြေသြဇာ အဝင်ပို

ဧပြီလ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၂၅၀၆၄၀ တန်ဖိုးရှိ မြေသြဇာ ၁၃၀၁၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၁၇၃၃ တန်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၂၀၊ အီရန်နိုင်ငံမှ ၅၂၅ တန်၊ ဂျပန်နိုင်ငံမှ ၅၁ တန်၊ ထိုင်းနိုင်ငံမှ ၄၉၇ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား၊ နိုက်တြိုဂျင်၊ ဓာတ်ဆား၊ ကွန်ပေါင်းနဲ့အော်ဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၇၉၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၀၈၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

# မန္တလေးဈေးကွက်မှာ ပုံမှန်အရောင်းဖြစ်

ဧပြီလ ၁၄ ရက်မှ ၂၀ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၂၈၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၃၆၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၀၇၈၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီး၊ မကွေးနဲ့ မန္တလေးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီအချိန်က စိုက်ပျိုးရာသီချိန်လည်း မဟုတ်တာကြောင့်အရောင်းလည်းပါးပြီး ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၀၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၆၅၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ်၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၅၀၀ ၊ မြားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** စိုက်ပျိုးချိန်မဟုတ်သေးတာကြောင့် အရောင်းအဝယ်အေးသလို ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၀၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၈၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၈၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၃၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၄၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ရွှေတောင်-တရုတ်)က ကျပ် ၃၀၀ ဈေးကျပြီး မြားသီးစုံကျပ် ၂၀၀၊ ပန်းသီးစုံ ကျပ် ၅၀၀၊ ပိုတက် ကျပ် ၂၀၀ နဲ့ အာမို ၁၅ ပတ်လည် ကျပ် ၅၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ တီစူပါ (၄၆%တရုတ်)ကျပ် ၂၂၀၀၀၊ မြားသီးစုံ ကျပ် ၁၅၂၀၀၊ ပန်းသီးစုံ ကျပ် ၁၅၈၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ ပိုတက် ကျပ် ၂၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

ဧပြီလ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၃၃၅၇၂တန်ဖိုးရှိနို့ဆီ ၄၉၁ဒသမ ၇၂၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ဒွန်းနို့ဆီ ၂၁၈ ဒသမ ၈၈နဲ့မလေးရှားနိုင်ငံမှ အခြားတံဆိပ် ၂၇၂ ဒသမ ၈၄၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၅၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။

အမေရိကန်ဒေါ်လာ ၆၅၇၂၈၂ တန်ဖိုးရှိ နို့မှုန့်၂၀၀ ဒသမ ၆၀ တန်ကို တင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၅၄ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၀ နီးပါး အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၄ မှ ၂၀/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၄ မှ ၁၃/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၁၂၄.၀၀ | (-) | ၁၂၄.၀၀ |
| ၂။ | လွယ်ဂျယ် | ၆၀.၀၀ | ၃၃၀.၀၀ | (-) | ၂၇၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၃၂၀.၀၀ | ၇၂၉.၅၀ | (+) | ၅၉၀.၅၀ |
| ၅။ | တာချီလိတ် | ၁၅၀၀.၀၀ | ၁၀၀၀.၀၀ | (+) | ၅၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| ၈။ | မြိတ် | - | ၆၁၂၅.၀၀ | (-) | ၆၁၂၅.၀၀ |
| | စုစုပေါင်း | ၂၉၃၀.၀၀ | ၈၃၀၈.၅၀ | (-) | ၅၃၇၈.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၄ မှ ၂၀/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၄ မှ ၁၃/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၄၁.၅၀၀ | ၁၀၂၈၆.၃၅ | (-) | ၉၀၄၄.၈၅ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၇၂၀.၀၀ | ၆၇၀.၀၀ | (+) | ၅၀.၀၀ |
| ၅။ | မြဝတီ | - | ၁၀၄၃.၆၀ | (-) | ၁၀၄၃.၆၀ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၉၀၀.၀၀ | ၁၆၅၀.၀၀ | (-) | ၇၅၀.၀၀ |
| | စုစုပေါင်း | ၂၈၆၁.၅၀ | ၁၃၆၄၉.၉၅ | (-) | ၁၀၇၈၈.၄၅ |

ခင်မိုးသူ

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## နှမ်း

# နှမ်းနီဈေးငြိမ်ပေမယ့် နှမ်းနက်နှင့်စမုံနက်နှမ်းမှာ အမြင့်ဈေးဖြင့်အဝယ်ရှိ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် နှမ်းနီဈေးငြိမ်နေပြီး နှမ်းနက်နှင့်စမုံနက်နှမ်းဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ ပြည်ဈေးကွက်သို့ ဝင်ရောက်မှုမရှိဘဲ အရောင်းအဝယ်မှာလည်း မရှိသလောက်နည်းသွားတာတွေ့ရပါတယ်။ လျှောင်နှမ်း အနည်းငယ်နဲ့သာ အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ သိရပါတယ်။ မြို့တွင်းရှိဆီစက်အချို့မှာ ဆီကြိတ်နှမ်းနီကို ဝယ်ယူလို့ မရ၍ ပေါက်ခေါင်းဘက်မှ ပြာကြီး(ခ) နှမ်းနက်ကို ဝယ်ယူကြိတ်ခွဲပေမယ့် ဆီထွက်နှုန်းကျသဖြင့် ဆီဈေးမြင့်ပြီး ရောင်းလို့ စားသုံးသူများအနေနှင့် ဝယ်ယူသုံးစွဲမှုနည်းတာတွေ့ရပါတယ်။ ဆီကြိတ်နှမ်းနီဖြစ်သော မိုးနှမ်းနှင့်ဆောင်းနှမ်းများကို ဝယ်ယူပြီး သိုလှောင်ထားတဲ့ ဆီစက်ကြီးများကတော့ နှမ်းဆီကြိတ်ခွဲထုတ်လုပ်မှုမှာ ပုံမှန်လည်ပတ်လျက်ရှိပါတယ်။ ယခု တစ်ပတ် နှမ်းဈေးများမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ ဖြင့် နှမ်းမရှိလို့ ဈေးငြိမ်နေသော်လည်း နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀နှင့် စမုံနက်နှမ်းသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ဖြင့် ဝယ်လက်ရှိရင်ရှိသလို ဈေးအတက်အကျရှိတာ တွေ့ရပါတယ်။

ဝေဝေမင်း(ပြည်)

## မြေပဲ

### ဝယ်လိုအားများလာလို့ ဈေးပြန်မြင့်လာတဲ့ ပြည်ပဲဆန်ဈေးကွက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဝင်ရောက်မှုမှာ မရှိသလောက် နည်းသွားတာတွေ့ရပါတယ်။ ဝယ်လိုအားကောင်းလာလို့ မြေပဲဆန်ဈေးမှာ ယခင်တစ်ပတ်ထက် ဈေးမြင့်လာတာတွေ့ရပါတယ်။ လုံးဆန်ကို ရန်ကုန်၊ မန္တလေးဝယ်လက်များက အဝယ်ရှိပြီး ဆီဆန်ကို ပြည်မြို့တွင်းဆီစက်များနှင့်ရန်ကုန်၊ မကွေး ဆီစက်များက ဝယ်လိုအားများလာသဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီကြိတ်မြေပဲဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၂၁၀၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ နှင့် လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးပိုလာတာတွေ့ရပါတယ်။

ဝေဝေမင်း(ပြည်)

## စားအုန်းဆီ

# ရင်းဂစ်တန်ဖိုးကျဆင်းမှုကြောင့် စားအုန်းဆီဈေး မြင့်တက်ပြီးနောက် ပြန်လည်ကျဆင်း



မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးသည် စောစောပိုင်းရက်များက ကျဆင်းနေရာမှ ရင်းဂစ်တန်ဖိုး ကျဆင်းမှုကြောင့် ဧပြီ ၂၆ရက် နံနက်ပိုင်းတွင် ပြန်လည်မြင့်တက်ခဲ့သည်။ သို့ရာတွင် နေ့လယ်ဘက်ဈေးကွဲချိန်တွင် ပြန်လည် ဈေးတန့်နေကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

စားအုန်းဆီရောင်းဝယ်ရာတွင် အသုံးပြုနေသော ရင်းဂစ်တန်ဖိုးကျဆင်းမှုက ထုံးစံအားဖြင့် အခြားငွေကြေးဖြင့် ဖလှယ်၍ စားအုန်းဆီကို ဝယ်ယူရသော ဝယ်လက်များအတွက် ဈေးနှုန်းသက်သာစေသည်။ ထို့ကြောင့် စားအုန်းဆီဝယ်လိုအား မြင့်တက်လာသည့်အတွက် ဈေးနှုန်းပြန်လည်မြင့်တက်လေ့ရှိသည်။

ဧပြီလဆန်းပိုင်းမှစ၍ ရင်းဂစ်ငွေကြေး၏တန်ဖိုးသည် ဒေါ်လာနှင့် ဖလှယ်ရာတွင် ၁ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ရာမှ ဧပြီ ၂၆ ရက်နေ့လယ်လောက်တွင် သုညဒသမ ၂ ရာခိုင်နှုန်းကျဆင်းကာ အမေရိကန်တစ်ဒေါ်လာကို ၃ ဒသမ ၉၁၈၀ ရင်းဂစ်နှုန်း ရှိခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဇူလိုင်အတွက် ဖြန့်ဝေမည့် စားအုန်းဆီ၏အခြေခံ စံထားဈေးနှုန်းသည် နေ့လယ်ဈေးကွဲချိန်၌ တစ်တန်ကို ၂၃၉၇ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၉) နှုန်းရှိခဲ့သည်။ စောစောပိုင်းကမူ တစ်တန်ကို ၂၃၈၉ ရင်းဂစ်နှုန်းအထိပင် ရောက်ရှိခဲ့သည့်အတွက် ဧပြီ ၁၈ ရက်နောက်ပိုင်း အနိမ့်ဆုံးဈေးဖြစ်ခဲ့သည်။

ပို့ကုန်ကိန်းဂဏန်းများ ကျဆင်းလာမှုကြောင့် ဧပြီ ၂၅ ရက်တွင် စားအုန်းဆီဈေးနှုန်းများမှာ အတက်အကျမရှိ တန့်နေသည်။ ဧပြီ ၂၆ ရက်မွန်းတည့်ချိန်တွင် စားအုန်းဆီရောင်းချရသော ပမာဏမှာ ၂၅ တန်ရှိအတွဲပေါင်း ၈၃၆၆တွဲရှိခဲ့သည်။

“ပဲပုပ်ဆီရဲ့ နေ့အလိုက်ဈေးနှုန်းကျဆင်းတာကလည်း စားအုန်းဆီဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှု ရှိခဲ့ပါတယ်”ဟု ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ဖြစ်ပေါ်နေသော အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီဈေးနှုန်းကိုရည်ညွှန်း၍ ကွာလာလမ်ပူမှ ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောသည်။

ဧပြီ ၂၅ ရက်က ချီကာဂိုတွင် ဇူလိုင်လအတွက် ပဲပုပ်ဆီစာချုပ်ဈေး သုညဒသမ ၇ ကျဆင်းခဲ့ပြီး ဧပြီ ၂၆ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၅ နာရီ ၁၂ မိနစ်တွင် ဈေးတန့်နေသည်။ ဈေးကွက်သတင်းများက ကောင်းလာမည့်လက္ခဏာ မတွေ့ရသည့်အတွက် ဈေးကွက်အပေါ် ယုံကြည်မှုကို ကျဆင်းစေသော်လည်း ရင်းဂစ်တန်ဖိုးကျဆင်းမှုက စားအုန်းဆီဈေးနှုန်းကို အထောက်အကူဖြစ်စေခဲ့သည်။

ဧပြီ ၁ ရက်မှ ၂၅ ရက်တွင် စားအုန်းဆီ တင်ပို့မှုသည် ယခင်ကာလတူနှင့်နှိုင်းယှဉ်ပါက လွတ်လပ်သော စစ်ဆေးရေးကုမ္ပဏီ AmSpec Agri Malaysia အရ သုည ဒသမ ၈ ရာခိုင်နှုန်းနှင့် ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Societe General De Surveillance အရ ၂ ဒသမ ၅ ရာခိုင်နှုန်းအသီးသီး ကျဆုံးခဲ့ကြောင်းသိရသည်။

စားအုန်းဆီဈေးနှုန်းသည် တစ်တန်ကို ၂၃၉၂ ရင်းဂစ်နှင့် ၂၄၁၅ ရင်းဂစ်နှုန်းအကြားရှိနိုင်ကြောင်း ရိုက်တာသတင်းဌာန ကုန်စည်နှင့် စွမ်းအင်ဈေးကွက်စိစစ်ရေးမှူး ဝမ်တောင်းက ပြောသည်။

ပဲပုပ်ဆီ ဈေးကွက်တွင်မူ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် စက်တင်ဘာ ပဲပုပ်ဆီဈေးမှာ သုညဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး စက်တင်ဘာတွင် ဒါလီယံ စားအုန်းဆီဈေးမှာ သုညဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

စားအုန်းဆီနှင့် ပဲပုပ်ဆီတို့သည် ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်ဝေစုရရှိရေးအတွက် ယှဉ်ပြိုင်နေရသဖြင့် ပြိုင်ဖက်စားအုန်းဆီများ၏ ဈေးနှုန်း အတက်အကျကလည်း စားအုန်းဆီဈေးနှုန်းအပေါ် ဂယက်ရိုက်ခတ်တတ်သည်။

### ပြည်တွင်းဆီဈေးနှုန်းများ (၂၇-၄-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၇၀၀ | ၅၇၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၈၀၀ | ၄၆၀၀ | ▽ | ၁၉၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၄၈၀၀ | ၄၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၄၅၀၀ | ၄၀၀၀ | ▽ | ၄၃၀၀ | ၄၃၀၀ | □ | ၁၈၀၀ | ၁၇၅၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၇-၄-၂၀၁၈ US$/Ton

| အမျိုးအစား | ဧပြီလတတိယပတ် | ဧပြီလစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၄၇.၅၀ | ၆၃၇.၀၀ | ▽ |
| RBD P.Olein | ၆၄၇.၀၀ | ၆၃၉.၅၀ | ▽ |
| RBD P.Stearin | ၆၄၉.၀၀ | ၆၄၀.၀၀ | ▽ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၇-၄-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၈၄.၄၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၁ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၄၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၀၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၁.၄၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၈.၈၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၂၆.၃၉၁ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၇-၄-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၀ ဒေါ်လာနှင့် USD ဈေး ၁၃၃၆ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၇-၄-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၃၆ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဝန်ကြီးများအဆင့် အစည်းအဝေးမှ ပွင့်လန်းလာမည့် အနာဂတ်အခွင့်အလမ်းများ




**ပေရယ်မြတ်ပြည့်ဖြိုး( နှစ်နိုင်ငံ)**

မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဝန်ကြီးများအဆင့် အစည်းအဝေးကို ဧပြီ ၂၃ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ညီလာခံအစည်းအဝေးခန်းမ၌ နံနက် ၁၀နာရီခွဲတွင် စတင်ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဦးဆောင်၍ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအပါအဝင် ကိုယ်စားလှယ် ၃၄ ဦးနှင့် ကိုရီးယားနိုင်ငံဘက်မှ ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန ကုန်သွယ်ရေးဝန်ကြီး H.E . Mr . Kim Hyun - Chong ဦးဆောင်၍ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr . Lee Sang – hwa နှင့် အဆင့်မြင့် အရာရှိကြီးများ



ပါဝင်သော ကိုယ်စားလှယ် ၁၂ဦးတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနှင့် ကိုရီးယားနှစ်နိုင်ငံ ကုန်သွယ်မှုပမာဏကို ၁ ဒသမ ၅ ဘီလီယံ သို့မဟုတ် နှစ်ဘီလီယံသို့ရောက်ရှိရေး ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများနှင့် ကိုရီးယားနှင့်ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်သကဲ့သို့ပင် မြန်မာနှင့် ကိုရီးယားနိုင်ငံတို့ အကြားတွင်လည်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ ထို့ပြင် မြန်မာနိုင်ငံမှကိုရီးယားနိုင်ငံသို့ လယ်ယာထွက်ကုန်များ အများဆုံး တင်ပို့နေ၍ လယ်ယာကဏ္ဍနှင့်ဆက်စပ်သည့် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကိုရီးယားလုပ်ငန်းရှင်များအတွက် Korea Desk ထားရှိရန်နှင့် Korea -Myanmar Industrial Complex စီမံကိန်းအတွက် ကိုရီးယားအစိုးရ၏ အတိုးနှုန်းသက်သာသော Economic Development Cooperation Fund (EDCF) အား ကူညီပေးနိုင်ရေးအပြင် KOTRA နှင့် MYAN TRADE တို့အကြား Master Plan ရေးဆွဲပြီးဖြစ်၍ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအတွက် Korea Specialist စေလွှတ်ခန့်ထားပေးမည်ဖြစ်ကြောင်းနှင့် ညောင်နှစ်ပင်စက်မှုဇုန် အကောင်အထည်ဖော်ရေးကိစ္စ များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဆက်လက်၍ နယ်စပ်ဒေသများ၌ ကုန်ပစ္စည်းများ တရားမဝင် ဝင်ရောက်မှုပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်အပါအဝင် စားသုံးသူအကာအကွယ်ပေးရေး၊ e-commerce နှင့် e-government လုပ်ငန်းများအတွက် ကိုရီးယားဘက်မှအတွေ့အကြုံနှင့် နည်းပညာအကူအညီများပေးရေးနှင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်း ကောင်းများရှိနေ၍ ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများပံ့ပိုးပေးရေးအပြင် ကိုရီးယားနိုင်ငံ၏ Saemaul Undong Project အရ မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၁၁၀ တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နေသဖြင့် စီမံကိန်း ဆက်လက်တိုးချဲ့ဆောင်ရွက်ပေးမည့် အစီအစဉ်များအား အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ကုန်သွယ်ရေးဝန်ကြီး H.E . Mr . Kim Hyun – Chong က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ကိုရီးယားနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် မူဝါဒချမှတ်ထားပြီး ဗီယက်နမ်နိုင်ငံနှင့် စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံနှင့်လည်း အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေးအတွက် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည့်ကိစ္စနှင့် ကိုရီးယားနိုင်ငံသည် စက်မှုလုပ်ငန်းကိုအခြေခံပြီး ပို့ကုန်ဦးစားပေး ဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ စီးပွားရေး တိုးတက်လာခြင်းဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် နည်းပညာ အကူအညီပေးခြင်းများ ဆောင်ရွက်သွားမည့်အပြင် မြန်မာနိုင်ငံ တွင်လာရောက်ရင်းနှီးမြှုပ်နှံသော ကိုရီးယားစီးပွားရေး လုပ်ငန်းများအတွက် အခက်အခဲများ ကြုံတွေ့ပါကကူညီဖြေရှင်းပေးနိုင်ရန် Korea Desk ထားရှိရေး၊ Korea - Myanmar Industrial Complex စီမံကိန်းအတွက် ကိုရီးယားအစိုးရ၏ အတိုးနှုန်းသက်သာသော Economic Development Cooperation Fund (EDCF) ချေးငွေရယူလိုခြင်းနှင့် ပတ်သက်၍ အကြောင်းပြန်ကြားပေးမည့်ကိစ္စ၊ MYANTRADE သည် မြန်မာနိုင်ငံ၏ ပို့ကုန်မြှင့်တင်ရေးအတွက် အရေးကြီးသည့်အဖွဲ့အစည်းဖြစ်သဖြင့် KOTRA မှ အတွေ့အကြုံများ ရယူဆောင်ရွက်သွားနိုင်ရေးအတွက် KOTRA နှင့် MYANTRADE တို့အကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်နည်းလမ်းများကို ကိုရီးယားဘက်သို့ အဆိုပြုပေးပို့ပေးရန်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ မိမိတို့ဘက်မှ Korea Specialist စေလွှတ်ပေးမည့်ကိစ္စအားလည်းကောင်း၊ ညောင်နှစ်ပင်စက်မှုဇုန်နှင့် အခြားစက်မှုဇုန်များတွင် ကိုရီးယားကုမ္ပဏီများမှ စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံသွားမည့် လုပ်ငန်းစဉ်များနှင့် နယ်စပ်မှ အခွန်မဆောင်ဘဲ တရားမဝင် တင်သွင်းလာသည့်ပစ္စည်းများကြောင့် မြန်မာနိုင်ငံအတွက် အခွန်နစ်နာသလိုနည်းပညာတိုးတက်မှုတွင်လည်း အဟန့်အတားဖြစ်စေသည့်အတွက် ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုရီးယားနိုင်ငံတွင် နိုင်ငံခြားသား အစိုးရဝန်ထမ်းများအတွက် Interm ပေးသည့် ကျောင်းများရှိသည့်အတွက် စိတ်ဝင်စားသည့် မြန်မာအစိုးရဝန်ထမ်းများအနေဖြင့် ၎င်းတို့ထံဆက်သွယ်လျှောက်ထားနိုင်ရန်၊ ညောင်နှစ်ပင်စက်မှုဇုန်ပြီးစီးပါက ကိုရီးယားကုမ္ပဏီ ၂၀၀ ကျော် လာရောက်ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း တစ်သိန်းကျော် ဖန်တီးပေးနိုင်မည်ဖြစ်၍ ညောင်နှစ်ပင်စက်မှုဇုန်အား အထူးစက်မှုဇုန်အဖြစ် ဆောင်ရွက်ပေးရန်ကိစ္စတို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဝန်ကြီးများမှ အပိတ်နှုတ်ဆက်စကားများပြောကြား၍ အစည်းအဝေးအား နေ့လယ် ၁၂ : ၀၀ နာရီတွင် ရုပ်သိမ်းခဲ့ပြီး ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ကုန်သွယ်ရေးဝန်ကြီး H.E . Mr . Kim Hyun - Chong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့မှ နေပြည်တော်ရှိ Park Royal Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ပြီး ညနေပိုင်းတွင် ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှတစ်ဆင့် ကိုရီးယားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရသည်။

မြန်မာ- ကိုရီးယား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဝန်ကြီးများအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပခဲ့သည့် အတွက် မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုအား ပိုမိုမြှင့်တင်နိုင်ခဲ့ပြီး စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန်အတွက်လည်း ပိုမိုအကျိုးဖြစ်ထွန်းစေခဲ့သည့်အပြင် နှစ်နိုင်ငံဆွေးနွေးမှုများကြောင့် မြန်မာ့ပို့ကုန်ပစ္စည်းများအတွက် ဈေးကွက်များပိုမိုရရှိလာမည်ဖြစ်ကာ နှစ်နိုင်ငံ ကုန်သွယ်မှုများကို ယခုထက်ပိုမို၍အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် ညောင်နှစ်ပင်စက်မှုဇုန်တွင် ကိုရီးယားနိုင်ငံရှိ ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သွားမည်ဖြစ်၍ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးသွားနိုင်မည်ဖြစ်ရုံမျှမက ကိုရီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာ့စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့်အတူ နည်းပညာဆိုင်ရာအကူအညီပေးခြင်းများပါ ဆောင်ရွက်ပေးသွားမည်ဖြစ်၍ မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိသည့် ရလဒ်ကောင်းများကို ဖန်တီးပေးနိုင်သည့် အစည်းအဝေးတစ်ခုဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# "Yellow Pea" တင်သွင်းမှုကို အိန္ဒိယ ထပ်တိုးကန့်သတ်

အိန္ဒိယအစိုးရက ၂၀၁၈ ခုနှစ် ဧပြီ ၂၅ ရက်က ထုတ်ပြန်လိုက်သည့်ကြေညာချက်အရ ယခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အတွင်း နိုင်ငံအတွင်းသို့ "Yellow Pea" တင်သွင်းမှုကို တန်ချိန် တစ်သိန်းခန့်သာ ခွင့်ပြုရန်ကန့်သတ်လိုက်ကြောင်း သိရှိရသည်။

ဧပြီ ၁ ရက်မှ ၂၅ ရက်အတွင်း ဆိပ်ကမ်းသို့ရောက်ရှိထားသည့် Yellow Peas များနှင့် L/C၊ TT စနစ်ဖြင့် ဘဏ်များမှတစ်ဆင့် ငွေလွှဲဝယ်ယူထားသည့် Yellow Peas များကို အသစ်ထုတ် ပြန်လိုက်သည့် သွင်းကုန်ကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ပြုထားကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံတွင် ပဲလုံး (Pea) တင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်း သတ်မှတ်ကောက်ခံလိုက်သည့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစတင်ကာ နိုင်ငံအတွင်းသို့ Pea တင်သွင်းမှုလျော့ကျလာခဲ့ကြောင်း၊ ထိုအချိန်မှစ၍ အိန္ဒိယအစိုးရသည် ပဲသီးနှံများအပေါ် အခြားသွင်းကုန်ခွန်များကိုလည်း သတ်မှတ်စည်းကြပ်ခဲ့ကြောင်း သိရသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် ကုလားပဲလုံးဖြူ (chickpeas) နှင့် ပဲနီလေး (lentils) တို့အပေါ် သွင်းကုန်ခွန် ၃၀ ရာခိုင်နှုန်း သတ်မှတ်စည်းကြပ်ခဲ့ပြီး ထို့နောက်တွင် ကုလားပဲလုံးဖြူ (chickpeas) အမျိုးအစားအပေါ် သွင်းကုန်ခွန်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် ၄၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် ၆၀ ရာခိုင်နှုန်းသို့လည်းကောင်း ဆက်တိုက်တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

Chickpeas များအပေါ် သတ်မှတ်သည့် သွင်းကုန်ခွန်တွင် Desi အမျိုးအစားကိုသာ စည်းကြပ်ခြင်းဖြစ်ကြောင်း၊ ကနေဒါနိုင်ငံသည် အများအားဖြင့် Kabuli အမျိုးအစားကိုသာ စိုက်ပျိုးလေ့ရှိကြောင်း ဖော်ပြထားပါသည်။

၂၀၁၆-၁၇ တွင် ကနေဒါမှ အိန္ဒိယသို့ပဲလုံးတန်ချိန် ၂၀၁၈၃၀၀ ခန့် တင်ပို့ခဲ့ကြောင်း Canadian Grain Commission ၏ အချက်အလက်များအရသိရှိရပါသည်။

ပြီးခဲ့သည့် နှစ်များတွင်လည်း အိန္ဒိယသို့ ကနေဒါမှ ပဲများတင်သွင်းရာ၌ အခြားသောအတားအဆီးများနှင့် ကြုံခဲ့ရကြောင်း၊ အိန္ဒိယအစိုးရ၏ လုပ်ထုံးလုပ်နည်းများအရ နိုင်ငံအတွင်းသို့ တင်သွင်းလာသည့်ပဲများကို ဆိပ်ကမ်းသို့ မရောက်မီပိုးသတ်မှိုင်းတိုက်ခြင်းများပြုလုပ်ရန် လိုအပ်ကြောင်း၊ ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းစဉ်မှာ အေးသောရာသီများတွင် ကောင်းစွာဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကနေဒါ၌ Nematode ပိုးမွှားလည်း မရှိကြောင်း၊ အိန္ဒိယသည် ကနေဒါပဲတင်ပို့မှုအား ပိုးသတ်မှိုင်းတိုက်ခြင်း လိုအပ်ချက်ဖြင့် ဖယ်ရှားရန်ကြိုးစားနေကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယအစိုးရသည် ပိုးသတ်မှိုင်းတိုက်ရန် လိုအပ်ချက်ကင်းလွတ်ခွင့်ကို ၂၀၀၄ ခုနှစ်မှစတင်ကာ ပုံမှန်သက်တမ်းတိုးပေးခဲ့ကြောင်း၊ ကနေဦးတွင် နှစ်စဉ်သက်တမ်းတိုးပေးပြီး နောက်ပိုင်းတွင် ခြောက်လတစ်ကြိမ်သို့ ပြောင်းလဲခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်ဇူလိုင်တွင် သုံးလသက်တမ်းသာတိုးပေးခဲ့ရာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ တွင် ကင်းလွတ်ခွင့်သက်တမ်းကုန်လွန်ခဲ့ကြောင်း၊ ယခုနှစ် ဇန်နဝါရီလမှစတင်ကာ နောက်ထပ်ခြောက်လ သက်တမ်းတိုးပေးထားရာ လာမည့်ဇွန်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရှိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလက ကနေဒါဝန်ကြီးချုပ် Justin Trudeau ၏ တရားဝင်ခရီးစဉ်အတွင်း ပိုးသတ်မှိုင်းတိုက်ခြင်းဆိုင်ရာ ကိစ္စရပ်အပေါ် ပူးပေါင်းဆောင်ရွက်ရေး အိန္ဒိယဝန်ကြီးချုပ်နှင့် သဘောတူညီချက်တစ်ခုရရှိခဲ့ကြောင်း 'Commodity News Service Canada' သတင်းစာမျက်နှာ၌ ဖော်ပြထားပါသည်။

အိန္ဒိယသည် ကမ္ဘာပေါ်တွင် ပဲအများဆုံးထုတ်လုပ်သူဖြစ်ရာ လက်ရှိ ၂၀၁၇-၁၈ သီးနှံရာသီ၌ တန်ချိန် ၂၃ ဒသမ ၉၅ သန်း ထွက်ရှိပြီး လာမည့် ၂၀၁၈-၁၉ သီးနှံရာသီတွင် တန်ချိန် ၂၄ သန်းထွက်ရှိရန် ရည်မှန်းထားကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# New - economy လုပ်ငန်းများ ရွေးချယ်ရာ ထိပ်တန်းနေရာအဖြစ် ဟောင်ကောင်ရပ်တည်လျက်ရှိ

သမားရိုးကျကုန်ထုတ်လုပ်ခြင်းထက် နည်းပညာများ၊ အင်တာနက်နှင့် စွမ်းအားပြည့်ကွန်ပျူတာစနစ်များဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သည့် New–economy ကုမ္ပဏီများ၏ ပြင်ပနိုင်ငံများ၌ စာရင်းဝင်ခြင်းအတွက် စဉ်းစားရာတွင် ဟောင်ကောင်မှာ ထိပ်တန်းနေရာအဖြစ်ရပ်တည်နေသေးကြောင်း ဟောင်ကောင်အိတ်ချိန်းမှ အမှုဆောင်ချုပ် Charles Li Xiaojia က ပြောကြားခဲ့သည်။

ယခင်က အမေရိကန်အိတ်ချိန်းမှာ ပြည်ပတွင် စာရင်းဝင်ခြင်းတွင် ထိပ်တန်းနေရာတွင်ရှိခဲ့ပြီး ယနေ့ခေတ်တွင် New-economy လုပ်ငန်းများအနေဖြင့် စာရင်းဝင်ခြင်းဆိုင်ရာ စည်းမျဉ်းအသစ်များ ပြင်ဆင်သတ်မှတ်ခဲ့သည့် ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးကိုသာ ရွေးချယ်လာကြကြောင်း၊ တရုတ်ပြည်မကြီးမှ New – economy လုပ်ငန်းများအား တက်ကြွစွာဆွဲဆောင်နေသော်လည်း ဟောင်ကောင်မှာ ၎င်း၏တစ်ခုတည်းသော အားသာချက်ဖြစ်သည့် ယှဉ်ပြိုင်မှုစွမ်းရည်မှာ မြင့်မားနေသေးကြောင်း ပြောကြားခဲ့သည်။

ဟောင်ကောင်မှာ ယခင်နှစ်အတွင်း IPOs ရောင်းချမှုပေါင်း ၁၅၀ နှင့် ၁၆၀အတွင်းနှင့် ဟောင်ကောင်ဒေါ်လာ ၁၉၀ ဘီလီယံထိ ရန်ပုံငွေမြှင့်တင်နိုင်မည်ဟုမျှော်မှန်းကြောင်း၊ အွန်လိုင်းရန်ပုံငွေ တည်ထောင်ခြင်းနှင့် နည်းပညာလုပ်ငန်းများတွင် ဝင်ရောက်လာသော New - economy လုပ်ငန်းကြီးများ အနည်းဆုံး ၅ ခု ခန့်ပါဝင်နိုင်ကြောင်း၊ ဟောင်ကောင် အိတ်ချိန်းအနေဖြင့် ပြီးခဲ့သည့်ဘဏ္ဍာ နှစ်အတွင်း ကုမ္ပဏီပေါင်း ၆၄ ခုခန့် စာရင်းဝင်ခဲ့ပြီး ဟောင်ကောင်ဒေါ်လာ ၂၄ ဒသမ ၄ ဘီလီယံ ရန်ပုံငွေမြှင့်တင်ခဲ့ရာ ယခင်နှစ်ထက် ၆၄ ရာခိုင်နှုန်းနှင့် ၈၄ ရာခိုင်နှုန်းအသီးသီး မြင့်တက်ခဲ့ကြောင်း၊ ယခင်ဘဏ္ဍာနှစ်တွင် ကုမ္ပဏီပေါင်း ၃၉ ခုသာစာရင်းဝင်ခဲ့ပြီး ဟောင်ကောင်ဒေါ်လာ ၁၃ ဒသမ ၃ ဘီလီယံသာ ရန်ပုံ ငွေမြှင့်တင်ခဲ့သည်။

ယခုလအတွင်း စာရင်းဝင်ခြင်း စည်းမျဉ်းအသစ် စတင်ကျင့်သုံးချိန်တွင် တရုတ်ပြည်မကြီးနှင့် နိုင်ငံတကာမှ ဇီဝနည်းပညာလုပ်ငန်းများ ဟောင်ကောင်အတွင်း စာရင်းဝင်လာကြမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ကုမ္ပဏီများစွာ စာရင်းဝင်လာပြီး IPOs ရောင်းချမှု အကြိမ်အရေအတွက် မြင့်တက်လာ သကဲ့သို့ အမေရိကန်စတော့အိတ်ချိန်းအနေဖြင့်လည်း ယခုအချိန်ထိ လုပ်ဆောင်ချက်မှာ များစွာကောင်းမွန်လာကြောင်း၊ ရှန်းဟိုင်းအိတ်ချိန်းမှာ ရန်ပုံငွေမြှင့်တင်မှုအရ ကမ္ဘာတွင် ပဥ္စမအဆင့် ရှိခဲ့ပြီး ဟောင်ကောင်မှာ ထိပ်တန်း တတိယအဆင့်နှင့် ရန်ပုံငွေအားဖြင့် ဟောင်ကောင်ဒေါ်လာ ၁၉၀ ဘီလီယံခန့် မြှင့်တင်နိုင်ခဲ့ကြောင်း သိရှိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ထိုင်းနိုင်ငံနှင့် ယူကေတို့သည် နောက်ထပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူညီခြင်း

ထိုင်းအစိုးရမှ ဦးဆောင်၍ အကောင်အထည်ဖော်လျက်ရှိသည့် အရှေ့ပိုင်းစီးပွားရေးစင်္ကြံ၏ သိပ္ပံပညာ၊ နည်းပညာ၊ ဆန်းသစ်တီထွင်မှု၊ ပညာရေးနှင့် လေကြောင်းလုပ်ငန်းများ၌ ဗြိတိန်လုပ်ငန်းများ ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ထားခြင်းနှင့်အတူ ထိုင်းနိုင်ငံနှင့် ဗြိတိန်တို့သည် မဟာဗျူဟာကျသော နောက်ထပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ထဲထဲဝင်ဝင်ဆောင်ရွက်ကြရန် သဘောတူညီထားပြီးဖြစ် သည်။

ထိုင်းနှင့် ဗြိတိန်၏ ပူးတွဲအဆင့်မြင့်ကော်မရှင် အစည်းအဝေးကို ဗြိတိန်တွင် ကျင်းပရန် သဘောတူညီထားကြပြီး ထိုင်းဒုတိယဝန်ကြီးချုပ်သည်လည်း မေလတွင် ဗြိတိန်သို့တရားဝင်အလည်အပတ်ခရီးသွားရောက်မည်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းကလည်း ဗြိတိသျှဝန်ကြီး သုံးဦးသည် ထိုင်းနိုင်ငံသို့လာရောက်လည်ပတ်ခဲ့သည့် သာဓကများလည်း ရှိပါသည်။ ဗြိတိန်သည် ထိုင်းနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်ရည်ရွယ်၍ယခုနှစ်အတွင်း ဗြိတိန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့လာ ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။ တတိယအကြိမ် ယူကေ-ထိုင်းမဟာဗျူဟာမြောက်ဆွေးနွေးပွဲကို ဇန်နဝါရီလ ၃ ရက်တွင်ကျင်းပခဲ့ရာ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုခိုင်မာရေးနှင့် မဟာဗျူဟာကျသောအရေးပါမှုများအပေါ် အဆင့်မြင့်ကိုယ်စားလှယ်များ၏ စေ့စပ်ညှိနှိုင်းမှုကို ဆက်လက်၍ အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း အထူးသဖြင့် နိုင်ငံတကာကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ သိပ္ပံပညာနှင့်ဆန်းသစ်တီထွင်မှု၊ လုံခြုံရေးနှင့်ကာကွယ်ရေးကဏ္ဍများအတွက် အလေးထားဆွေးနွေးခဲ့ကြသည်။ ဥရောပမှ ဗြိတိန်နုတ်ထွက်မှုကြောင့် ဗြိတိန်သို့တင်ပို့နေသည့် ထိုင်းနိုင်ငံ၏မွေးမြူရေးထွက်ကုန်တင်ပို့မှုပမာဏခွဲတမ်းကို ဆိုးကျိုးသက်ရောက်မှုမရှိရန် ထိုင်းနိုင်ငံကမျှော်လင့်နေပြီး ဥရောပမှ ဗြိတိန်နုတ်ထွက်ပြီးနောက်ပိုင်းတွင်လည်း နောက်ထပ်ကုန်သွယ်မှုဆိုင်ရာ ဆက်ဆံရေးအတွက် လိုအပ်သလိုပြင်ဆင်ဆောင်ရွက်ကြရန်လည်း နှစ်နိုင်ငံစလုံးက သဘောတူကြပါသည်။

ဥရောပနိုင်ငံများအကြား ထိုင်းနိုင်ငံ၏ ဒုတိယအကြီးဆုံးကုန်သွယ်ဖက်မှာဗြိတိန်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၆ ဘီလီယံမှ ၂၀၁၇ ခုနှစ်တွင် ဒေါ်လာ ၇ ဒသမ ၁၉ ဘီလီယံ (ထိုင်းဘတ် ၂၂၄ ဘီလီယံ)သို့ ၁၉ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ဗြိတိန်သို့ တင်ပို့မှုပမာဏသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၇ ဘီလီယံရှိ၍ ဗြိတိန်မှ ထိုင်းနိုင်ငံသို့ သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၉ ဘီလီယံရှိခဲ့ပါသည်။

ထိုင်းနိုင်ငံသည် လေကြောင်းပညာ၊ ဘဏ္ဍာရေးနည်းပညာနှင့် သိပ္ပံနည်းပညာနှင့် ဆန်းသစ်တီထွင်မှုတို့ကို အလေးထားဆောင်ရွက်လျက်ရှိရာ အရှေ့ပိုင်းစီးပွားရေးစင်္ကြံနှင့် Thailand 4.0 ကို အထောက်အပံ့ပြုရန် ဗြိတိန်နှင့် ထိုင်းနိုင်ငံတို့သည် အတူအကွဆက်လက်၍ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အီးယူနိုင်ငံများအကြား ဗြိတိန်သည် ထိုင်းနိုင်ငံ၌ ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်သည်။ ထိုင်းနိုင်ငံတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံထားသည့် ဗြိတိသျှလုပ်ငန်းအချို့မှာ Tesco၊ Boots၊ HSBC၊ Standard Chartered၊ Prudential၊ BP၊ Bristish Gas၊ Weston EU၊ Thames Water၊ Uniliver စသည့် ကုမ္ပဏီများ၏လုပ်ငန်းစီမံကိန်းစုစုပေါင်း ၂၂ ခုရှိပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၄ သန်း ရှိသည်။ လွန်ခဲ့သည့် ငါးနှစ်အတွင်း ဗြိတိန်ရှိထိုင်းနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၇ ဘီလီယံ ရှိရာ Thai Union အများပိုင်ကုမ္ပဏီ (John West tuna brand လုပ်ငန်း) နှင့် PTT အများပိုင်ကုမ္ပဏီ (PTT International Trading London လုပ်ငန်း) တို့သည် အဓိကထိုင်းလုပ်ငန်းများဖြစ်ပါသည်။ ဗြိတိသျှကုမ္ပဏီဖြစ်သော BOS အာကာသနည်းပညာကုမ္ပဏီသည် Boring နှင့် Airbus လေယာဉ်များအတွက် ပြင်ဆင်ထိန်းသိမ်းရေးဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ပေးရန် ထိုင်းနိုင်ငံ၌ ဒေသဆိုင်ရာ ဌာနချုပ်ရုံးကို ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ကျော်သူရ၊စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

Vol: 18, No.17 Monday April 30 2018

# ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု သုံးသပ်ချက်များ

ခင်မောင်ညို(ဘောဂဗေဒ)

အခုတလော တရုတ်နိုင်ငံရဲ့ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုလှုပ်ရှားမှု Belt and Road Initiative (BRI) နဲ့ပတ်သက်တဲ့ သတင်းတွေ အတော်လေးဖတ်ရတယ်။

မြန်မာနိုင်ငံဘက်က သတင်းတစ်ခုကတော့ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းမှာ မြန်မာလုပ်ငန်းရှင်တွေ ပါဝင်ဆောင်ရွက်နိုင်ဖို့ မြန်မာ-တရုတ် စီးပွားရေးကောင်စီဖွဲ့မယ်ဆိုတဲ့ သတင်းပါ။ စီမံကိန်းတွေမှာ ဖက်စပ်အနေနဲ့ဖြစ်ဖြစ် လုပ်နိုင်မယ့်လုပ်ငန်းရှင်တွေ ပါဝင်ဖို့ဆောင်ရွက်နေတယ်လို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌကပြောဆိုတယ်လို့လည်း Eleven သတင်းစာက ရေးပါတယ်။ ဆက်စပ်သတင်းတစ်ခုမှာတော့ BRI မူဘောင်ထဲကနေ မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူလူထု စားဝတ်နေထိုင်ရေးမြှင့်တင်နိုင်ဖို့ ကူညီဆောင်ရွက်ပေးမယ့် ရက်တိုသင်တန်းတွေ ၂၀၁၈ မှာ ဆက်ပေးသွားမယ်လို့လည်း သိရတယ်။

မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းအင်အားကြီးနိုင်ငံတစ်ခုလည်းဖြစ်၊ အရင်းအနှီးအများကြီးရှိ ချေးငွေတွေအများကြီးရယူထားတဲ့ တရုတ်နိုင်ငံနဲ့ ဘယ်လိုမှ ရှောင်လွှဲလို့ရတာမဟုတ်တဲ့ အမှန်တရား၊ အရှိတရားက တစ်ဖက်၊ နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရတဲ့ နောက်ခံသမိုင်းကြောင်းတွေအရ စိုးရိမ်ပူပန်မှုတွေ အများကြီးရှိနေတာက တစ်ဖက် တွေ့ရတယ်။ အဲဒီစိုးရိမ်ပူပန်မှုတွေကို ဘယ်လိုဖြေရှင်းဖို့ ပြင်ဆင်ထားသလဲဆိုတာကလည်း ရှိကောင်းရှိနေနိုင်ပေမယ့် အများပြည်သူ မမြင်မတွေ့ရကြလေတော့ အစိုးရိမ်ကြီးတာ လွန်တယ်လို့ မဆိုသာပြန်ဘူး။

ဒီကြားထဲမှာ နိုင်ငံတကာသတင်းတွေထဲ ကြည့်လိုက်တဲ့အခါ အဆင်မပြေတာတွေ တွေ့နေရလေတော့ ထပ်ထပ်ပြီးပူစရာတွေဖြစ်လာပါတယ်။ တစ်ဖက်ကကြည့်ရင်တော့ အဲဒီသတင်းတွေက မြန်မာနိုင်ငံ ဘယ်လောက်ပြင်ဆင်ထားရမယ်၊ ဘာတွေလုပ်ထားရမယ်၊ အိမ်စာ (Homework) ဘယ်လောက်ကြေကြေညက်ညက်လုပ်ထားဖို့လိုမယ်ဆိုတာညွှန်ပြနေပါတယ်။

ပထမဆုံးဖတ်ရတဲ့ သတင်းကတော့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ဦးဆောင်ညွှန်ကြားရေးမှူးရဲ့ဝေဖန်ချက်ပါ။ ဒီနေရာမှာစကားစပ်မိလို့ပြောရရင် အာရှအကျပ်အတည်းဖြစ်တဲ့ ၁၉၉၆-၉၇ လောက်တုန်းက အိုင်အမ်အက်ဖ်ရဲ့ ဆေးနည်းတွေဟာ အတော်လေးအငြင်းပွားစရာဖြစ်ခဲ့ရပါသေးတယ်။

အခုလည်းအိုင်အမ်အက်ဖ်ကသူ့ထုံးစံအတိုင်း နိုင်ငံတွေ ပြည်ပငွေပေးငွေယူရှင်းတမ်းမှာ တရုတ်ရဲ့ကြွေးမြီတွေကြောင့်အခြေအနေ ပိုဆိုးသွားမယ့်အန္တရာယ်ရှိကြောင်း ဝေဖန်ချက်သတင်းထွက်လာခဲ့ပါတယ်။ ကြွေးမြီမြင့်ပြီးသားနိုင်ငံတွေအနေနဲ့ ကြွေးယူပုံယူနည်း၊ ဆပ်ပုံဆပ်နည်းတွေ သတိထားကြဖို့လိုအပ်သလို တရုတ်နိုင်ငံဘက်က မူဝါဒချမှတ်သူတွေအနေနဲ့ ကြွေးနစ်နေပြီးသားနိုင်ငံတွေကိုမလိုအပ်တဲ့ ရေရှည်ရပ်တည်နိုင်ဖို့ခက်တဲ့ လုပ်ငန်းကြီးတွေအတွက် ငွေထုတ်မချေးဖို့ပါ သတိပေးသွားတာကိုတွေ့ရပါတယ်။ အလွန်တရာလိုအပ်နေတဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ အခြေခံအဆောက်အဦတွေကို အထောက်အကူပြုပေးနိုင်ပေမယ့် အကြွေးတွေမြင့်၊ အကြွေးတွေအတွက် အရင်းနဲ့အတိုးတွေဆပ်ရတဲ့အခါ အကုန်အကျတွေများလို့ တခြားသုံးသင့်သုံးထိုက်တာတွေအတွက် အသုံးအစွဲလျော့သွားတာမျိုး၊ ပြည်ပငွေပေးငွေယူရှင်းတမ်းအခြေအနေယိမ်းယိုင်သည်ထက် ယိမ်းယိုင်သွားတာမျိုး ဖြစ်စေနိုင်တယ်လို့ ဆိုပါတယ်။

တကယ်တော့ အိုင်အမ်အက်ဖ်က BRI ကို အထောက်အကူလုပ်ဖို့ တရုတ်နဲ့ပူးတွဲပြီးစွမ်းရည်မြှင့်တင်ရေးဗဟိုဌာနဖွင့်လို့ တရုတ်အရာရှိတွေ ပြည်ပမှာအလုပ်လုပ်နိုင်ဖို့ လေ့ကျင့်ပေးသွားမှာဖြစ်ပါတယ်။

လောလောဆယ်တော့ တရုတ်ရဲ့စီမံကိန်းထဲက ပါကစ္စတန်တို့၊ လာအိုတို့ အပါအဝင်နိုင်ငံရှစ်နိုင်ငံဟာ တရုတ်ရဲ့အကြွေးကိုပြန်ဆပ်ဖို့ခက်နေပြီး နောက်ထပ် ၂၃ နိုင်ငံလောက်လည်း အခက်အခဲတွေ့မယ့်အလားအလာရှိတယ်လို့ သုတေသနစာတမ်းတစ်ခုကဆိုပါတယ်။ ဒါကြောင့် အိုင်အမ်အက်ဖ်ဦးဆောင်ညွှန်ကြားရေးမှူးက လိုတဲ့နေရာသွား၊ မလိုတဲ့နေရာမသွားနဲ့ (မလိုတဲ့နေရာအကုန်အကျမခံနဲ့)လို့ သတိပေးတာပါ။

ငွေကြေးအလုံးအရင်းနဲ့သုံးရတဲ့ လုပ်ငန်းကြီးတွေနဲ့ ပတ်သက်တဲ့အခါ၊ အလုပ်လုပ်မယ့်လုပ်ငန်းကိုရွေးချယ်တဲ့အခါ ကိုယ်ကျိုးအတွက် မသမာမှုတွေလုပ်နိုင်တဲ့ အလားအလာတွေကလည်းရှိနေပါတယ်။

တရုတ်အရာရှိတွေဘက်ကလည်းကြွေးမှန်မှန်ဆပ်နိုင်ဖို့ အရေးကြီးတဲ့အကြောင်း ထောက်ခံပြောကြားကြပါတယ်။ အခြေခံအဆောက်အဦတွေအတွက် ရင်းနှီးရာမှာ ပြည်ပကရနိုင်တာတွေကိုလည်း ရယူဖို့




ကြိုးစားရင်း ပြည်တွင်းကလည်း မြှုပ်နှံဖို့ပြောဆိုကြပါတယ်။

အိုင်အမ်အက်ဖ်ရဲ့ စည်းမျဉ်းစည်းကမ်း တင်းကျပ်မှုအောက်မှာ ချေးငွေရဖို့ခက်လေတော့ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့နှောင့်နှေးကြန့်ကြာရတာကလည်း ပြောစရာတစ်ခု ဖြစ်နေပါတယ်။ အခြေခံအဆောက်အဦတွေအတွက် ထိုက်သင့်တဲ့ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့၊ သင့်တင့်တဲ့အကြွေးနဲ့ အရင်းအနှီးရယူဖို့ဆိုတာ အတော်လက်ဝင်တဲ့လုပ်ငန်းစဉ်ပါ။

ပါကစ္စတန်ဘက်ကိုလှည့်ကြည့်လိုက်တော့ ပါကစ္စတန်ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲရာမှာ တရုတ်ကြွေးတွေပိနေလို့ အခက်အခဲ တွေ့နေတဲ့အကြောင်း ရှေ့မှာပြောခဲ့ပါတယ်။ တရုတ်နဲ့ဆက်နွယ်နေတဲ့ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (BRI) စီမံကိန်းကို အကောင်အထည်ဖော်ဖို့ သွင်းကုန်တွေ တင်သွင်းမှု တိုးတက်လာတာကို ထောက်ပြဝေဖန်နေကြတာ တွေ့ရတယ်။ တချို့ကလည်း အခုလိုဖြစ်ရတာဟာ တရုတ်စီမံကိန်းတွေ မစခင်ကတည်းက ဖြစ်ရတာလို့ဆိုတယ်။ စီမံကိန်းတွေရဲ့ အနာဂတ်မှာပါကစ္စတန်ကအပေါ်စီးရမလား၊ တရုတ်ကအသာစီးရသွားမလားဆိုတာ ဆွေးနွေးကြတာတွေကလည်း အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။ သွင်းကုန်တွေ များလာတော့ နိုင်ငံခြားငွေလိုအပ်ချက်ကများ၊ ပြည်တွင်းငွေတန်ဖိုးကျဆင်းရတယ်လို့လည်း ဝေဖန်ကြပြန်ပါတယ်။ ပါကစ္စတန်ဗဟိုဘဏ်မှာ နိုင်ငံခြားသီးသန့်ရန်ပုံငွေပြတ်တဲ့အခါတောင်ကြုံသတဲ့။ ကက်ရှ်မီးယားဒေသမှာ တရုတ်နဲ့ဖက်စပ်လုပ်နေတဲ့ ဆည်မြောင်းလုပ်ငန်းစီမံကိန်းကိုရပ်ပစ်ဖို့တောင် နိုင်ငံရေးနယ်ပယ်ကဝိုင်းဝန်းဖိအားပေးနေကြတယ်။

ဆည်မြောင်းစီမံကိန်းမှာက သဘောတူစာချုပ်အတိုင်းတရုတ်ကုမ္ပဏီနဲ့ တရုတ်အလုပ်သမားကိုသုံးတာကလည်း ပြောစရာဖြစ်နေတယ်။

နီပေါနိုင်ငံကလည်း တရုတ်နဲ့ဖက်စပ်လုပ်နေတဲ့ ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကိုရပ်ပစ်ခဲ့ဖူးတဲ့သာဓကရှိနေပါတယ်။ အစိုးရသစ်က အရင်အစိုးရလက်ထက်ကလက်သိပ်ထိုးတင်ဒါခေါ်ခဲ့လို့ ဥပဒေနဲ့မညီညွတ်ဘူး ဆိုပြီး ရပ်ပစ်တာပါ။ ဒါ့အပြင် တရုတ်စက်ပစ္စည်းတွေရဲ့ အရည်အသွေးပြည့်မီမှု၊ သင့်တော်မှုရှိ-မရှိကိုလည်း ပွင့်ပွင့်လင်းလင်းသိချင်ကြတယ်။ တရုတ်ကလည်းပါကစ္စတန်ရဲ့ လုံခြုံရေးနဲ့ နိုင်ငံရေးအငြင်းပွားမှုတွေကြောင့် လမ်းဖောက်လုပ်ရေးစီမံကိန်းတစ်ခုကိုရပ်ဆိုင်းခဲ့တဲ့သာဓကလည်းရှိပါတယ်။ နိုင်ငံရေးအရအငြင်းပွားစရာဆိုတာကလည်းဆင်းရဲတဲ့ဒေသတွေကို လမ်းကဖြတ်သွားပြီးချမ်းသာတဲ့ဒေသတွေကိုသာ အကျိုးပြုမှာဖြစ်လို့ဆိုတဲ့ အကြောင်းကြောင့်ပါ။ တရုတ်အနေနဲ့ လုပ်ငန်းစီမံကိန်းတွေအတွက် လုံခြုံရေးအန္တရာယ်ကင်းစေဖို့ လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံနဲ့ လျှို့ဝှက်ဆွေးနွေးမှုတွေ လုပ်ရတယ်ဆိုတဲ့ ကောလာဟလသတင်းတွေကလည်းထွက်ပေါ်လာနေပါတယ်။

လုပ်ငန်းကြီးတွေဟာ အရင်းအနှီးကများ၊ တည်ဆောက်ရေးကာလကကြာမြင့်၊ ပြန်ဆပ်ရမယ့်ကာလကလည်း ရှည်လျားလေတော့ စိုးရိမ်စရာတွေ၊ အန္တရာယ်တွေများတာ အမှန်ပါ။ ပြီးတော့အများပြည်သူက အကျိုးခံစားစရာပဲဖြစ်ဖြစ်၊ ထိခိုက်နစ်နာစရာပဲဖြစ်ဖြစ် ပုဂ္ဂလိကအကျိုးခံစားစရာ၊ ထိခိုက်နစ်နာစရာတွေထက် ကြီးမားနေလေတော့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွေအတွက် လက်ရှောင်ချင်၊ လက်တွန့်ချင်စရာတွေပါ။ ဒီတော့ အရင်းအနှီးများများရှိတဲ့ ပြည်သူပိုင်လုပ်ငန်းတွေကို အများဆုံးသုံးရတယ်။ ပြည်သူပိုင်လုပ်ငန်းကြီးတွေအနေနဲ့ ပုဂ္ဂလိကလုပ်ငန်းထက် အရင်းအနှီးများများကိုအတိုးနှုန်းသက်သက်သာသာနဲ့ရနိုင်တဲ့ အခွင့်အလမ်းများတယ်။ ပြည်သူပိုင်လုပ်ငန်းတွေ ဒေဝါလီမခံရလေအောင်အစိုးရက သွယ်ဝိုက်ပြီးအကူအညီပေးနိုင်တယ်။

ရေရှည်ကို ကြည့်နိုင်တယ်။ အများအကျိုးကိုဦးစားပေးနိုင်ကြတယ်။

ပုဂ္ဂလိကနဲ့ ပြည်သူပိုင်ဖြစ်ဖြစ်၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပဲဖြစ်ဖြစ်ပေါင်းလုပ်နိုင်တယ်။ အဲဒီလိုဆို နေရာပေါင်းစုံကအရင်းအနှီးအမျိုးမျိုး၊ နည်းပညာ အတတ်ပညာအမျိုးမျိုးကိုရယူဖို့ အခွင့်အလမ်းပိုများတယ်။ ငွေချေးယူသူအတွက်သာမက ငွေထုတ်ချေးသူအတွက်ပါ အန္တရာယ်လျော့ပါးစေနိုင်တယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေဆိုတာကအရင်းအနှီးကခပ်ရှားရှား၊ အရင်းအနှီးလိုချင်ရင် စရိတ်ပိုကြီးတတ်တယ်။ နိုင်ငံခြားကချေးရင် အတိုးသက်သာပေမယ့် နိုင်ငံခြားငွေဖလှယ်နှုန်း အပြောင်းအလဲဖြစ်မယ့်အန္တရာယ်က အမြဲရှိနေတယ်။ အစိုးရဘက်မှာ လုပ်ငန်းစီမံကိန်းတွေကို အကဲဖြတ်စောင့်ကြည့်အကောင်အထည်ဖော်ဖို့ စွမ်းရည်ကသိပ်ရှိတာမဟုတ်။ အကျင့်ပျက်ခြစားမှုတွေနဲ့လည်း ကြုံရတတ်တယ်။

ခန့်မှန်းတာတွေ စရိတ်တွေပိုကုန်၊ အချိန်ကြာ၊ လိုချင်တဲ့အရည်အသွေးကျတော့ မရတာတွေကလည်း မဆန်း။ ဘယ်သူတွေခံရတယ်။ ဘယ်သူတွေကစံတယ်။ စံတာ၊ ခံတာ အချိုးမကျဆိုတဲ့ ပြဿနာ၊ မြေသိမ်းပြဿနာ၊ အလုပ်အကိုင်မရ၊ ပတ်ဝန်းကျင်ထိခိုက်၊ ဒေသခံလုပ်ငန်းတွေနစ်နာ၊ ပြဿနာပေါင်းသောင်းခြောက်ထောင်ကို ဖြေရှင်းရမယ်။

လုပ်ငန်းစီမံကိန်းတွေအတွက် သွင်းကုန်တွေတိုးသွင်းနေချိန်၊ ပို့ကုန်တွေ ပိုပို့နိုင်မယ့်အလားအလာရှိမလား။ လုပ်ငန်းစီမံကိန်းတွေအတွက် အိမ်နီးချင်းနိုင်ငံတွေနဲ့ရော အငြင်းပွားကြရဦးမလား။

တရုတ်တို့ကဒေသတွေ၊ နိုင်ငံတွေရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီပါစေလို့ပြောထားတယ်။ တကယ်တမ်းမှာ ဘယ်သူကကြိုးဆွဲသလဲ၊ စရိတ်ကုန်လူပန်း၊ နိုင်ငံအတွက် ဆင်ဖြူတော်စီမံကိန်းတွေပဲဖြစ်နေမလား။ တရုတ်အတွက်ပဲလုပ်သွားတယ်လို့ ထင်စရာဖြစ်နေမလား။ တရုတ်တွေက ထင်ရာစိုင်းတတ်တဲ့အကျင့်ရှိသလား။ သက်ဆိုင်ရာဒေသရဲ့ စည်းမျဉ်းစည်းကမ်းတွေကိုလိုက်နာသလား။

တရုတ်ကုမ္ပဏီဆိုတာတွေက အစိုးရကုမ္ပဏီဖြစ်လေတော့ ပုဂ္ဂလိကလုပ်ပုံလုပ်နည်းတွေ၊ ဈေးကွက်ပုံစံတွေကို နားမှလည်ရဲ့လား။ အမိန့်ကိုနာခံရုံပဲ နာခံတတ်တဲ့သူတွေ၊ အစိုးရအစိုးရချင်းသာ စကားပြောတတ်တဲ့သူတွေလား၊ စီးပွားရေးသမားနဲ့မပြော၊ နိုင်ငံသမားနဲ့သာပြောတတ်သလား၊

မြန်မာနိုင်ငံကိုလာသွားတဲ့တရုတ်သုတေသီတစ်ယောက်ကတော့ တရုတ်အပေါ် သံသယရှိတာတွေကိုပယ်ဖျောက်ဖို့ အတော်လေး ကြိုးစားရဦးမယ်လို့ ဆိုသွားလေရဲ့။

ကိုယ့်ဝန်ထမ်းတွေ၊ အရာရှိတွေကလည်း တရုတ်နဲ့ဆက်ဆံရာမှာအရည်အချင်းပြည့်ဖို့၊ အကျင့်မပျက်ဖို့၊ လောဘမကြီးဖို့၊ ဒေသမှာလူမုန်းမများတဲ့သူတွေဖြစ်ဖို့လည်း လိုသေးတယ်။ နိုင်ငံအကျိုးကိုကိုယ့်အကျိုးထက် ရှေ့တန်းတင်ဖို့လိုတယ်။ တချို့ကလည်း အောင်မြင်တဲ့၊ အင်အားကောင်းလာတဲ့ တရုတ်အရာရှိကြီးတွေဟာ မောက်မာလာတယ်၊ ဟန်ကြီးပန်ကြီးနိုင်လာတယ်လို့ မြင်ကြတယ်။

ဒါကြောင့်တရုတ်အနေနဲ့ အရင်အတွေ့အကြုံတွေ၊ အမှားအယွင်းတွေကနေသင်ခန်းစာယူဖို့ ဝိုင်းဝန်းတိုက်တွန်းနေကြတာတွေ့ရတယ်။ သူ့တစ်နိုင်ငံတည်းလုပ်တာထက် နိုင်ငံပေါင်းစုံက အရင်းအနှီးတွေ၊ ကျွမ်းကျင်မှုတွေ၊ ကုမ္ပဏီတွေ၊ လုပ်သားတွေ ပါဝင်တာကိုမြင်ချင်ကြတယ်။ အိမ်ရှင်နိုင်ငံတွေ နိုင်ငံခြားငွေရစေမယ့် လုပ်ငန်းမျိုး တွေအတွက် ဖွင့်ပေးစေချင်ကြတယ်။ ပြည်သူ့ဆက်ဆံရေး၊ စာနယ်ဇင်းနဲ့ ဆက်ဆံရေးကောင်းဖို့လိုတယ်။ ဘယ်စီမံကိန်းတွေ ဘာကြောင့် လုပ်တယ်။ ဘယ်သူတွေ ဘယ်လောက်အကျိုးရှိ ရမယ်ဆိုတာ မြင်သာထင်သာရှိရမယ်။ ဒေသခံတွေကိုအလုပ်သမားအနေနဲ့ရော မန်နေဂျာတွေအနေနဲ့ပါ တွဲသုံးဖို့လိုမယ်။ ဒေသရဲ့ ဓလေ့ထုံးစံကို လေးစားရမယ်။

အများကောင်းဖို့လုပ်တယ်ဆိုတဲ့ စီမံကိန်းဟာတကယ်လည်း တစ်နိုင်ငံတည်းကောင်းစားဖို့လုပ်တာ မဟုတ်တဲ့အကြောင်း၊ အပြောနဲ့အလုပ်ညီပြီး သက်သေပြဖို့လိုတယ်လို့ ဆွေးနွေးကြတာတွေ့ရတယ်။

# ရပ်စောက်မြို့အား လိမ္မော်မြို့တော်မှသည် သရက်မြို့တော်ဆီသို့

**စောမောင်(တောင်ကြီး)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့သည် သစ်သီးဝလံ ဥယျာဉ်ခြံလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြပေသည်။ ၂၀၁၆ ခုနှစ်လောက်တွင် အဆိုပါမြို့နယ်၌ လိမ္မော်ပင်များအဖျား ခြောက်ရောဂါများကျရောက်ခဲ့သဖြင့် လိမ္မော်အထွက်နှုန်းကျကာ လိမ္မော်စိုက်တောင်သူများအဖို့ စီးပွားရေးကျဆင်းခဲ့သည်။ တစ်ချိန်တည်းမှာပင် ရှမ်းပြည်နယ်အရှေ့ဘက်နှင့် အရှေ့တောင်ဘက်ဒေသများမှ ပျားလိမ္မော်ပင်များဝင်ရောက်ခဲ့သဖြင့် လိမ္မော်ခြံပိုင်ရှင်များအကြီးအကျယ် ဆုံးရှုံးနစ်နာမှုများရှိခဲ့ပါသည်။ ဤကဲ့သို့ဖြစ်ပေါ်ခဲ့သော အခြေအနေကိုကုစားပေးနိုင်ရန်အတွက် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်အတွင်း စိန်တလုံးသရက်စိုက်ပျိုးမှုများကို ယခင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန (ယခုစားသုံးသူရေးရာဦးစီးဌာန) သည် ရပ်စောက်မြို့နယ်အား စိန်တလုံးသရက်မျိုးများကိုစိုက်ပျိုးစေခဲ့ရာ စိုက်ပျိုးသူတောင်သူများ၊ ကျောက်ဆုံစိုက်ကွင်း၊ ရွှေသံလွင်ကုမ္ပဏီ၊ ထူးကုမ္ပဏီ၊ ကမ္ဘောဇကုမ္ပဏီ၊ ရွှေပုဇွန်ကုမ္ပဏီတို့ပါဝင်ခဲ့သည်။ အဆိုပါကုမ္ပဏီများမှ မိမိတို့လုပ်ကိုင်ခွင့်ရရှိထားသောမြေလွတ်မြေရိုင်းမြေဧကများမှ နှစ်စဉ် ၁၀ ရာခိုင်နှုန်းစိုက်ပျိုးလာခဲ့ကြပြီး ကုမ္ပဏီအသီးသီးမှလည်း စိန်တလုံးသရက်ပျိုးပင် နှစ်စဉ်တစ်သိန်းစီကိုတောင်သူများအား ဖြန့်ဝေပေးစေခြင်း၊ ပျိုးပင်မဖြန့်ဝေနိုင်ပါက ပျိုးပင်ဖိုးငွေဆယ်သိန်းစီကိုလည်းကောင်း ထောက်ပံ့ပေးရန် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်၍ ရပ်စောက်မြို့နယ် လိမ္မော်အစားသရက်စိုက်ဧကများတိုးပွားလာရေးအတွက် စီမံချက်ချ၍ဆောင်ရွက်လာခဲ့ရာ ၂၀၀၁-၂၀၀၂ခုနှစ်က သရက်စိုက်ဧက ၈၀၀ ခန့်သာရှိသော်လည်း ယနေ့အချိန်တွင် သရက်စိုက်ဧက ၉၀၀၀ ကျော် ၁၀၀၀၀ နီးပါးစိုက်ပျိုးပြီးစီးနေသည်ကိုသိရပါသည်။

စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအောင်မောင်း၏ ဧပြီလ ၂၄ ရက်ကသွားရောက်ခဲ့သောရှမ်းပြည်နယ်ခရီးစဉ်တွင် လားရှိုး - နောင်ချိုမှ ရပ်စောက်မြို့နယ်အတွင်းရှိ အဆိုပါနှစ်ရှည်သီးနှံစိုက်သရက်စိုက်ကွင်းများအား ကွင်းဆင်းကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ အဆိုပါခရီးစဉ်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်(၂)က မိမိသည်သရက်စိုက်ပျိုးထုတ်လုပ်မှုနှင့် ပြောင်းအသင်းအဖွဲ့များတွေ့ဆုံရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ရပ်စောက်မြို့နယ်၏ သရက်စိုက်ပျိုးထားရှိမှုများကိုအားရဖွယ်တွေ့မြင်ရပါကြောင်း၊ ယခုအခြေအနေသို့ရောက်ရှိအောင် ယခင်မိမိရှမ်းပြည်နယ်တွင် တာဝန်ကျစဉ်က သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့်ပူးပေါင်းကာ သရက်စိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့မှုများကိုချပြဆွေးနွေးခဲ့ကြောင်း၊ ယခင်က ရှမ်းပြည်နယ်(တောင်ပိုင်း) သီးနှံထွက်ကုန်များ တရုတ်သို့စီးထွက်မှုသည် ရှမ်းပြည်နယ်( မြောက်ပိုင်း ) သီးနှံများကုန်လုနီးပါးရောက်ခါမှ စီးထွက်လာတတ်သည့်သဘောရှိသော်လည်း ယခုမူ တောင်ကြီး၊ ရပ်စောက်၊ နောင်ချိုလမ်းကောင်းမွန်နေပြီဖြစ်၍ သစ်သီးဝလံနှင့်သီးနှံမျိုးစုံ တရုတ်သို့ပြိုင်တူစီးထွက်နေသည်ကိုတွေ့မြင်ရ၍ အားရစရာဖြစ်ပါကြောင်း၊ ယခုပြောင်းသီးနှံများလည်းဈေးကောင်းရနေသဖြင့် စိုက်ပျိုးသူတောင်သူမှ ပွဲစားကုန်သည်အထိ Supply Chain တစ်လျှောက်လုံး စိုက်ပျိုးထွက်ရှိမှုနှင့်တင်ပို့မှုမြင့်မားလာ၍ အကျိုးအမြတ်များရရှိနေကြသည်ကို ဝမ်းသာရပါကြောင်း၊ ပြောင်းကိုတရုတ်မှ အီသနောနဲ့မွေးမြူရေး အစားအစာအတွက် လိုအပ်ချက်ရှိနေခြင်းတို့ကြောင့် ပြည်ပဈေးကွက်အလားအလာကောင်းနေပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူ၊ ပွဲစား၊ ကုန်သည်အစုအဖွဲ့များ၊ ကုမ္ပဏီများ၊ သစ်



သီးဝလံနှင့် သီးနှံစိုက်ပျိုးမှုကဏ္ဍများမှာ လက်တွဲညီညီပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါကဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်း(တောင်)သရက်အစုအဖွဲ့ ဥက္ကဋ္ဌဦးမြင့်ဦးက ရပ်စောက်မြို့နယ် သရက်ဖွံ့ဖြိုးတိုးတက်မှုအတွက် FAO နှင့်ပေါင်းစပ်၍ သီးထိုးယင်ကိစ္စဆောင်ရွက်ခဲ့မှုကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်ကဂျာမနီနိုင်ငံအပြည်ပြည်ဆိုင်ရာပူပေါင်းဆောင်ရွက်ရေးအဖွဲ့ GIZ က Survey ဆောင်ရွက်ပြီး ရပ်စောက်၊ ပင်းတယ၊ တောင်ကြီးမြို့နယ်များတွင် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ကျယ်ပြန့်စွာသိရှိလာနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ Workshop များကို တစ်နှစ်တစ်ကြိမ် စိုက်ပျိုးရေးဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန (လက်ရှိစားသုံးသူရေးရာဦးစီးဌာန)၊ သစ်သီးဝလံပန်းမန်အသင်းအဖွဲ့ များဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ တရုတ်ပြည်နှင့် သရက်သီးအရောင်းအဝယ်ပြုလုပ်ရာတွင် အိတ်စွပ်သရက်သီးများဈေးပိုမိုရရှိခဲ့သဖြင့် သရက်သီးများ အိတ်စွပ်ဆောင်ရွက်ခဲ့မှုမှာ ယခင်နှစ် အိတ်သိန်းရှစ်ဆယ်ဖြန့်ဖြူးခဲ့ပါကြောင်း၊ ယခုနှစ်ပန်းပွင့်ချိန်တွင် အပူချိန် ၁၀ -၁၁ဒီဂရီဆဲလ်စီးရပ်သာရှိခဲ့သဖြင့် အအေးဓာတ်များပြီး အသီးတင်နည်းခဲ့သော် လည်း အပင်ကြီးထွားလာပြီဖြစ်သဖြင့် ယခင်နှစ်အထွက်နှုန်းထက်မကျနိုင်ပါကြောင်း၊ ယခင်ကတရုတ်သို့ သရက်သီးတင်ပို့ခဲ့ရာတွင် အိတ်စွပ်သီးနှင့် အိတ်မစွပ်သီးဈေးအတူတူရရှိခဲ့သော်လည်း နောက်ပိုင်းအိတ်စွပ်သရက်သီးသည် အိတ်မစွပ်သရက်သီးထက် ၇ ရက်မှ ၁၀ ရက်အထိပို၍ ရက်ကြာရှည်စွာသိုလှောင်ပြီး စားသုံးနိုင်သည့်အပြင် သရက်သီးအရောင်အသွေးညီညာလှပ၍ဈေးပိုမိုရရှိလာခဲ့သည်ကို သိရှိလာကြသဖြင့် သရက်သီးအိတ်စွပ်၍ဈေးကွက်တင်လာပါကြောင်း၊ ယခုသရက်ရေပေးဝေသည့် စိုက်စနစ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်သီးဝလံပန်းမန်အသင်း၊ မာလာမြိုင်ကုမ္ပဏီမှ ဒေါ်လှဲ့လှဲ့ဦးက ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် Value added စက်ရုံဆောက်လုပ်ရန် စီမံလျက်ရှိပါကြောင်း၊ သရက်သီးအစုအဖွဲ့များအား အိတ်စွပ်မှုလုပ်ငန်းအတွက် အိတ်ခွံများကိုယုံကြည်မှုဖြင့် အကြွေးစနစ်ပေးနေပါကြောင်း၊ လက်ငင်းငွေပေးချေဝယ်ယူမည်ဆိုပါက ၁၀ရာခိုင်နှုန်း Discount ပေးမည်ဖြစ်ပါကြောင်း၊ ၁၀ရာခိုင်နှုန်း Discount အတွက် ရရှိငွေကိုအစုအဖွဲ့ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်း၊ အစုအဖွဲ့ဖြင့် လုပ်ဆောင်ခြင်းကြောင့် မြေဩဇာနှင့် ပိုးသတ်ဆေးကုမ္ပဏီများမှ လာရောက်ချိတ်ဆက်မှုလည်းရှိပါကြောင်း၊ သို့သော် လေးလဆိုင်းစနစ်သာဖြစ်သောကြောင့် သရက်နှင့်အဆင်မပြေနိုင်သေးကြောင်း၊ သရက်ကအသီးပေါ်ချိန်အထိ ရှစ်လကြာမြင့်ပါကြောင်း၊ တောင်ကြီး၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံမြို့နယ်များမှ အချက်အခြာကျသောနေရာ တစ်နေရာကိုရွေးချယ်ပြီး သရက်သီးထုပ်ပိုးစက်ရုံတည်ဆောက်ရန် လုပ်ငန်းအဖွဲ့တစ်ဖွဲ့မှ ကမ်းလှမ်းလာတာရှိပါကြောင်း၊ ၎င်းစက်ရုံလာရောက်တည်ခြင်းဖြင့် သရက်သီးအမျိုးအစား၊ သရက်သီးထုပ်ပိုးမှုစနစ်တကျရှိလာခြင်း၊ အမျိုးအစား၊ အဆင့်ခွဲခြားရာတွင် စံသတ်မှတ်မှုတစ်ပြေးညီဖြစ်ပြီး သရက်စိုက်တောင်သူများသတ်မှတ်ဈေးနှင့်တူညီစွာရရှိကြမည်ဖြစ်ပါကြောင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်(၂)က သရက်စိုက်ကုမ္ပဏီများမှ တင်ပြလာသည့် လက်ရှိသရက်စိုက်ဧကများနှင့် လက်ဝယ်ရရှိထားသောမြေများကို အခက်အခဲအမျိုးမျိုးနှင့် စိန်ခေါ်ရမှုများတင်ပြခဲ့မှုများအပေါ် လုပ်ငန်းတစ်ခုကိုလုပ်ကိုင်ဆောင်ရွက်လျှင်တော့ အခက်အခဲဆိုတာရှိလာမှာဖြစ်ပါကြောင်း၊ စိန်ခေါ်မှုဆိုတာလည်း ရှိမှာဖြစ်ပါကြောင်း၊ ပေါင်းစပ်ဖြေရှင်းပေးပါကအခွင့်အလမ်းဆိုတာရှိလာမှာဖြစ်ပါကြောင်း၊ လက်ရှိရရှိထားသောမြေလွတ်မြေရိုင်းဧကများကို တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်းတိုးချဲ့၍ စိုက်ပျိုးသွားကြရန် လိုအပ်ပါကြောင်း၊ ဆောင်ရွက်နိုင်ခြင်းမရှိ၍ သက်တမ်းကုန်ဆုံးသွားပါကနိုင်ငံတော်က ပြန်လည်သိမ်းယူသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများအတွက် လယ်စစ်စီကိုတင်ပြပေးမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ရပ်စောက်မြို့နယ်သည် သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ကိုလည်း စနစ်တကျဖွဲ့စည်းထားရှိပြီး အဖွဲ့ဖွဲ့စည်းပြီးသည့် နောက်ပိုင်းတွင် သရက်ကိုနည်းစနစ်တကျ စိုက်ပျိုးသည့်ဧကများတိုးတက်လာသည်ကိုတွေ့ခဲ့ရသည်။ အရည်အသွေးထုပ်ပိုးမှုဈေးကွက် သတင်းအချက်အလက်များ၊ အသိပညာများတိုးတက်လာကြသည့်အပြင် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ခြင်းထက် အစုအဖွဲ့ဖြင့်လုပ်ဆောင်ပါကပိုမိုအောင်မြင်မှုရရှိသည်ဆိုသည့် ခံယူချက်များ လည်းနိုးကြားလာကြကြောင်းကိုလည်း တွေ့ခဲ့ရသည်။ သရက်အစုအဖွဲ့မှသည် အများပိုင်ကုမ္ပဏီအဆင့်ထိ တိုးတက်ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ကြရန်တိုက်တွန်းခဲ့ပါသည်။

အချို့တောင်သူများသည် ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် တင်ပို့ရောင်းချနေကြသည်ကိုတွေ့ခဲ့ရပြီး လိမ္မော်ခြံ၏ တစ်နှစ်ပြုပြင်ထိန်းသိမ်းစရိတ်ထက် သရက်ခြံ၏တစ်နှစ်ပြုပြင်ထိန်းသိမ်းစရိတ်က နည်းပါးကြောင်းကိုလည်း သိခဲ့ရပါသည်။

ထို့ကြောင့် ရပ်စောက်မြို့နယ်၏ အတိတ်ကလိမ္မော်ခြံများအဖျားခြောက်ပြီး အထွက်နှုန်းကျ၍ ဒေသစီးပွားရေး ကျဆင်းခဲ့မှုအပေါ် တာဝန်ရှိသူအသီးသီး၏ ပံ့ပိုးဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းစဉ်များသည် ယနေ့ပစ္စုပ္ပန်ကာလတွင် လိမ္မော်မြို့တော်မှသည် သရက်မြို့တော်ဆီသို့ စိတ်ကူး၍ လက်တွေ့ပံ့ပိုးခဲ့မှုသည် အကောင်အထည်ပေါ်လာပြီဟု ယနေ့မြင်ကွင်းကသက်သေထူလျက်ရှိပေပြီ။



## ပဲသိုလှောင်ရုံများတည်ဆောက်ရန် အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်း (Food Corporation of India) စီစဉ်လျက်ရှိ

စားနပ်ရိက္ခာဝယ်ယူရေး အစိုးရအေဂျင်စီအဖွဲ့အစည်းတစ်ခုဖြစ်သည့် အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်း (Food Corporation of India) သည် ခေတ်မီနည်းပညာများ အသုံးပြုသည့် ပဲကုန်လှောင်ရုံများ တည်ဆောက်ရန်အတွက် ဖြစ်နိုင်ခြေများကို တွက်ချက်လေ့လာနေပြီး အဆိုပါအစီရင်ခံစာအား ယခုနှစ် မတ်လကုန်တွင် တင်ပြဖွယ်ရှိကြောင်း သိရှိရသည်။

အိန္ဒိယဗဟိုအစိုးရသည် လွန်ခဲ့သည့် နှစ်နှစ်ကတည်းက တောင်သူလယ်သမားများထံမှ ပဲမျိုးစုံကို ဝယ်ယူပေးလျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်ကလည်း ပြည်တွင်းဝယ်ယူမှု၊ ပြည်ပတင်သွင်းမှုတို့ဖြင့် အရန်ပဲတန်ချိန် နှစ်သန်းခန့်ကို ဝယ်ယူခဲ့ကြောင်း၊ သို့ဖြစ်၍ အဆိုပါပဲများအား သိုလှောင်ရန်အတွက် ထားရှိမည့်နေရာများ လိုအပ်ခြင်းကြောင့်ဖြစ်နိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

အိန္ဒိယနိုင်ငံ၌ ပဲထုတ်လုပ်မှုမှာ ၂၀၁၆-၁၇ ခုနှစ်ကတည်းက တိုးမြှင့်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇွန်လကုန် သီးနှံရာသီအတွက် ဒုတိယအကြိမ်ခန့်မှန်းထားသည့် ထုတ်လုပ်မှုပမာဏမှာ တန်ချိန် ၂၃ ဒသမ ၉ သန်းခန့်ဖြစ်ကြောင်း၊ ယခင်နှစ်သီးနှံရာသီတွင် ပဲမျိုးစုံ တန်ချိန် ၂၃ ဒသမ ၁ သန်းသာ ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ယခုနှစ်တွင် ယခင်နှစ်ထုတ်လုပ်မှုပမာဏထက် မြင့်မားဖွယ်ရှိကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယဗဟိုအစိုးရ၏ စားနပ်ရိက္ခာဝယ်ယူရေး အခြားအေဂျင်စီတစ်ခုဖြစ်သည့် National Agricultural Cooperative Marketing Federation of India (NAFED) ၏ တာဝန်ရှိသူများက ပြောကြားခဲ့ရာ၌ ပဲဝယ်ယူရေးနှင့်စပ်လျဉ်း၍ စမ်းသပ်စီမံကိန်းပြုလုပ်ပြီးဖြစ်သည့်အတွက် အဆိုပါစီမံကိန်းအား တိုးမြှင့်ဆောင်ရွက်နိုင်ခြေရှိကြောင်း၊ ၂၀၁၇ ခုနှစ်တွင် NAFED သည် အရန်ပဲတန်ချိန် ၁၄ သိန်းနှင့် MSP အစီအစဉ်အတွက် တန်ချိန် ၁၀ သိန်းဝန်းကျင်ခန့် ဝယ်ယူခဲ့ကြောင်း၊ လက်ရှိတွင် ပဲစင်းငုံနှင့် ကုလားပဲများကို ဝယ်ယူလျက်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များပိုမိုတင်ပို့

မြန်မာ- ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဧပြီ ၁၄ ရက်မှ ၂၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၃၉ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၀၂၉၀ တန်ကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၇၁၅၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၁၃၄ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ပစ္စည်း လျော့နည်းတင်ပို့ခဲ့ပေမယ့် ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်ပါတယ်။ တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၆ သန်းတန်ဖိုးရှိရေထွက်ကုန် ၄၂တန်၊ ကော့သောင်းကုန်သွယ် ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၁၁ သန်း တန်ဖိုးရှိငါးမျိုးစုံ၊ ပုစွန်၊ အခြားရေထွက်၊ ကင်းမွန်၊ ရေဘဝဲ၊ ပင်လယ် ငါးရှဥ့်တို့ကိုတန် ၈၆၀၀၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈၂ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ အေးခဲပုစွန်၊ သဲကဏန်း၊ ကင်းမွန်(လိပ်) တို့ကို ၁၆၄၇ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# မူဆယ်မှ ရေထွက်ကုန်တင်ပို့မှု သိသိသာသာလျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၆၁၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၁၅၉ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၅၄၁ တန် လျော့နည်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄၅ သန်း လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ သင်္ကြန်ကာလ ဖြစ်တာကြောင့် တင်ပို့မှု သိသိသာသာ လျော့နည်းရတာဖြစ်ကြောင်း၊ ငါးရှဥ့်၊ ကဏန်း၊ ငါးဆားနယ်၊ ငါးလေးခြောက်၊ ငါးစီဖောင်း၊ ပုစွန်ဖွဲ့နဲ့ ငါးပူတင်းရေခဲ ခြောက် တင်ပို့မှုများလည်း လျော့နည်းခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဈေးအနေနဲ့ ကဏန်း တစ်တန်လျှင် ယွမ် ၆၇၂၀၀၊ ငါးရှဥ့်တစ်တန်လျှင် ယွမ် ၂၉၀၀၀ ဈေးဖြင့် ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှု မရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

# သင်္ကြန်ကာလ မူဆယ်ဇုန်ကုန်သွယ်ရေး အခြေအနေ

ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်မှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၉၁၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၂၄ သန်း၊ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၂၈ ဒသမ ၁၄၂ သန်းဖြင့်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါသီတင်းပတ်မှာ မြန်မာ့သင်္ကြန်ကာလဖြစ်သည့်အတွက် ပို့ကုန်ပိုင်းမှာ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာ၊ ပဲမျိုးစုံ၊ ရေထွက်ကုန်မျိုးစုံ၊ ကျောက်စိမ်း၊ ဆိတ်/ကွဲ(အရှင်)၊ အမဲသားခြောက်၊ ကျွဲနွားသားရေဆားနယ်အစို၊ Re-export သကြားနှင့် ဒီဇယ်ဆီတင်ပို့ မှုလျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် ဘိလပ်မြေ၊ ဓာတ်မြေသြဇာ၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် အပိုပစ္စည်း၊ စက်နှင့် စက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်းများ၊ တာယာနှင့်ကျွတ်၊ ချည်ထည်များ၊ အလှကုန်ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများ လျော့နည်းတင်သွင်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏ လျော့နည်းခဲ့ပါသည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာ ၁၃၂၆ ကျပ်၊ တစ်ဒေါ်လာ ၆ ဒသမ ၂၉၄ ယွမ်၊ ကျပ် ၁၀၀ လျှင် သုည ဒသမ ၄၈၀ ယွမ်နှုန်းထားရှိကြောင်း တွေ့ရပါသည်။

ဧပြီ ၁၄ ရက်မှ ၂၀ ရက်အတွင်း မူဆယ်(၁၀၅) မိုင်ကုန် သွယ်ရေးဇုန်မှ ပို့ကုန်ကားစီးရေ ထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၄၄၇ စီး၊ ၁၂ ဘီးယာဉ် ၂၇၉၅ စီး၊ ခြောက်ဘီးယာဉ် ၇၅၂ စီးနှင့် လေးဘီးယာဉ် ၉၇ စီးဖြစ်ပြီး သွင်းကုန်ကားစီးရေ ထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၁၀၂ စီး၊ ၁၂ ဘီးယာဉ် ၃၅၅ စီး၊ ခြောက်ဘီးယာဉ် ၁၂၅ စီး၊ လေးဘီးယာဉ် ၆၆ စီးတို့ဖြစ်ကြောင်း သိရပါသည်။ **မော်မော်အောင်**

# တရုတ်နိုင်ငံသို့ စိန်တလုံးသရက်သီး တန်ချိန်နှစ်ထောင်နီးပါးတင်ပို့နိုင်

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၆၅၀ သန်းတန်ဖိုးရှိ စိန်တလုံးသရက်သီးတန်ချိန် ၁၉၀၀ ကို တရုတ်နိုင်ငံသို့ စတင်တင်ပို့ခဲ့ပါတယ်။ သရက်သီးအပြင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၇၁ သန်းတန်ဖိုးရှိ ဖရဲသီးတန် ၃၁၄၅၀ နဲ့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂၂ သန်းတန်ဖိုးရှိ သခွားမွှေးတန် ၅၀၁၀ ကိုလည်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှ မြစ်သား၊ ကျောက်ဆည်၊ စဥ့်ကိုင်၊ အမရပူရ၊ ပုသိမ်ကြီးစတဲ့မြို့နယ်များမှ ထွက်ရှိတဲ့ စိန်တလုံးနဲ့ရွှေဟင်္သာသရက်သီးတွေကို မူဆယ်မှတစ်ဆင့် တရုတ်ပြည်မကြီးကို တင်ပို့ရောင်းချကြကြောင်း၊ စိန်တလုံးသရက်သီးအများဆုံးထွက်ရှိတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တန်ချိန် ၂၅၀၀ မှ ၃၀၀၀ ကြား ထွက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် သရက်စိုက်ဧကခုနစ်သောင်းကျော်ရှိပြီး စိန်တလုံးသရက် တစ်ဧကစိုက်တဲ့ ခြံကတစ်နှစ်ကိုပျမ်းမျှတစ် တန်ခွဲထွက်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

# မောင်တော ကုန်သွယ်ရေးမှ ဝါးတင်ပို့

ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅၁၀၃ တန်ဖိုးရှိ ဝါးလုံးအကြီး ၆၄ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဝါးတင်ပို့မှု မရှိဘဲ ဧပြီလဆန်းပိုင်းက တန် ၄၀ တင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဝါးလုံးအကြီးရဲ့ လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၈၀ ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**



# မြန်မာ-အိန္ဒိယ နယ်စပ်မှ ကွမ်းသီးများ ပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်မှ ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄၂ သန်းတန်ဖိုးရှိ ကွမ်းသီး ၄၀၃၇ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၄၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၅၉၅ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးလျော့နည်း တင်ပို့ခဲ့သော်လည်း တမူးကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလို ပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၅၆ သန်းတန်ဖိုးရှိ ကွမ်းသီး ၄၄ တန်၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၆ သန်းတန်ဖိုးရှိကွမ်းသီး ၃၅၉ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၂ သန်း တန်ဖိုးရှိ စောင်၊ ငါးမျိုးစုံ၊ စီးကရက်၊ တီရှပ်တို့ကို တန် ၅၀ နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၀ သန်း တန်ဖိုးရှိ မျောက်ငိုသီး၊ စီးကရက်၊ နန့်ဖာလုံ အမယ်စုံတို့ကို ၅၃ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ယခုတစ်ပတ် မြန်မာ-ထိုင်း နယ်စပ်မှ ရော်ဘာတင်ပို့

သင်္ကြန်ကာလများဖြစ်တဲ့ ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်းမှာ မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှုမရှိကြောင်း သိရပါတယ်။ မြန်မာ-ထိုင်း နယ်စပ်ရှိ မြိတ်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၂၄၃ သန်း တန်ဖိုးရှိ ရော်ဘာ တန်ချိန် ၂၀၀ တင်ပို့ခဲ့ရာ မြိတ်ကုန်သွယ်ရေးစခန်းမှRSS-3တန်ချိန် ၁၅၀ နဲ့တာချီလိတ်ကုန်သွယ်ရေးစခန်းမှRubber Latex 60 % DRC တန်ချိန် ၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာကို မူဆယ်နဲ့ ချင်းရွှေဟော်မှ ၁၁၃၇ တန်ကျော် တင်ပို့ခဲ့ပြီး မြိတ်နဲ့ တာချီလိတ်စခန်းများမှ ရော်ဘာတင်ပို့မှုမရှိကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS-3 တစ်တန်လျှင်ကျပ် ၁၆ ဒသမ ၁၈၄ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက တစ်တန်ကို ၉၃၇၃ကျပ် ဈေးတက်ကြောင်း ကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် တင်ပို့မှုလျော့ကျ

ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ ရက် သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၄၈၁၆ တန်ဖိုးရှိ လက်ဖက်ခြောက် ၄၇ တန်နီးပါး တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၅၆ တန်နီးပါးနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ် ၉ တန်ခန့် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အများဆုံးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဒုတိယအများဆုံးထွက်ရှိပြီး ပလောင်၊ ပအိုဝ့်၊ ခနု နဲ့ ရှမ်း တိုင်းရင်းသားများက စိုက်ပျိုးကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များ တင်သွင်းမှုလျော့ကျ

ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၁၉ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၁၅၈ စီးတင်သွင်းခဲ့ပါတယ်။

ယခင်တစ်ပတ်က ၅၇၂၂ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၅၆၄ စီးလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်များမှ ဆိုင်ကယ်များ တင်သွင်းမှု ကျဆင်းခဲ့တဲ့အတွက် ယခုလို ကျဆင်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၇ သန်းတန်ဖိုးရှိဆိုင်ကယ် ၉၁၃ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၉၇ သန်းတန်ဖိုးရှိ အစီး ၂၄၀ နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ဆိုင်ကယ်ငါးစီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မြန်မာ့ဆန်နှင့် လယ်ယာထွက်ကုန်များ မြန်မာနှင့် တရုတ် တရားဝင်ကုန်သွယ်မှုပြုကြတော့မည်



**မောင်လွင်ပြင်**

မြန်မာနိုင်ငံကထွက်သည့် ဆန်အပါအဝင် လယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံက တရားဝင်ဝယ်ယူရန်ကမ်းလှမ်းထားသည်ဆိုသော သတင်းသက်ဆိုင်ရာဝန်ကြီးဌာန ပြောကြားချက်အရ သိရသည်။ ဆန်အပါအဝင် မြန်မာ့လယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံဘက်က တရားဝင်ဝယ်ယူရန် ကမ်းလှမ်းလာသည့်အတွက် နှစ်ဖက်နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းကပြောကြားသည်။ သတင်းဌာနတစ်ခုက ဖော်ပြရာတွင် "သူတို့ဘက်က အဆိုပြုတယ်။ ကူမင်းအစိုးရကနေအဆိုပြုတဲ့ ကုမ္ပဏီပေ့ါနော်။ အဲဒီကုမ္ပဏီကနေ ဒီဘက်ကဆန်ဝယ်ချင်တယ်ဆိုပြီး အဆိုပြုတယ်။ အဲဒီအပေါ်မှာ MoU ထိုးဖို့အတွက် နှစ်ဖက်ညှိနှိုင်းဆဲပဲဖြစ်တယ်။ မထိုးရသေးဘူး။ အဲဒီတော့ MoU ထိုးဖို့ကိုလည်း ဝန်ကြီးဌာနအနေနဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်နေတယ်။ MoU ထိုးပြီးရင်လည်း တရားဝင်အသိပေးမယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း ပြောကြားထားသည်ကို ဖော်ပြထားသည်။

ညွှန်ကြားရေးမှူးချုပ်ပြောစကားထဲတွင် ပြောထားသည့် ကူမင်းအစိုးရဆိုသည်မှာ ယူနန်ပြည်နယ်အစိုးရအဖွဲ့ကိုရည်ညွှန်းခြင်းဖြစ်သည်။ ကူမင်းသည် ယူနယ်ပြည်နယ်၏ မြို့တော်ဖြစ်သည်။ ယူနယ်ပြည်နယ်သည် တရုတ်နိုင်ငံ၏တောင်၊ အရှေ့တောင် အရပ်တွင်တည်ရှိပြီး ကုန်းတွင်းပိတ်ပြည်နယ်ကြီးတစ်ခုဖြစ်သည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့နှင့်လည်း နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ မြန်မာနိုင်ငံက စိုက်ပျိုးရေးထွက်ကုန်များ တရုတ်ပြည်မကြီးသို့ တင်ပို့ကြရာတွင် ယူနန်ပြည်နယ်ကို အများအားဖြင့်ဖြတ်သန်းရသည်က များသည်။ ယူနန်ပြည်နယ်သည် နိုင်ငံတစ်နိုင်ငံစာပမာ နယ်မြေဧရိယာကျယ်ဝန်းပြီး မြန်မာနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုပမာဏများပြားသော ပြည်နယ်တစ်ခုလည်း ဖြစ်သည်။

ယခုယူနန်ပြည်နယ်အစိုးရက မြန်မာနိုင်ငံမှ ဆန်အပါအဝင် လယ်ယာထွက်ကုန်များကို တရားဝင်ဝယ်ယူချင်သည်ဆိုသောအခါ မြန်မာအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လယ်ယာထွက်ကုန်ပစ္စည်း စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းဝယ်ကြသူများအားလုံးအတွက် ဝမ်းသာရမည့်ကိစ္စဖြစ်သည်။ ထို့ပြင် တရားဝင်နယ်စပ်ကုန်သွယ်ရေးအတွက်လည်း ရင်အေးရမည့်ကိစ္စဖြစ်သည်။ ရင်အေးရခြင်းဟုဆိုရခြင်းမှာ ယင်းဒေသ တရုတ်-မြန်မာ နယ်စပ်တစ်လျှောက်တွင် ထိုက်သင့်အားလျော်စွာ တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားပါသော်လည်း ဝိသမလောဘစီးပွားရေးသမားအချို့က မထင်လျှင်မထင်သလို အလစ်အငိုက်အကွက်ချောင်းပြီး ရှောင်ကွင်းလမ်းကြောင်းများအသုံးပြု၍ တရားမဝင်မှောင်ခိုကုန်သွယ်ခြင်းများရှိခဲ့သည်။ ယင်းအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည်လည်း အခြားဝန်ကြီးဌာန၊ လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဖမ်းဆီးနှိမ်နင်းနေရခြင်းများလည်း ရှိခဲ့သည်။ တရားမဝင်မှောင်ခိုကုန်သွယ်ခြင်းသည် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေကိုထိခိုက်နစ်နာစေသည်။ မှောင်ခိုကုန်သွယ်သူဝိသမစီးပွားရေးသမားအဖို့လည်း တစ်ဖက်ကဈေးနှိမ်ခြင်းကိုခံရသည်။

ယခုအခါ နှစ်ဖက်တာဝန်ရှိသူချင်း ညှိနှိုင်းလက်မှတ်ရေးထိုးပြီး တရားဝင်ကုန်သွယ်မှုပြုလျှင် နှစ်ဖက်အကျိုးရှိမည်။ နယ်စပ်ကုန်သွယ်ရေးလည်း စည်ပင်ဖွံ့ဖြိုးမည်။ အခွန်ရလမ်းလည်း ပုံမှန်ဖြောင့်တန်းမည်။ ကုန်သွယ်ရောင်းဝယ်မှုသည် နှစ်ဖက်ဘက်မျှဖို့လိုပါသည်။ ယခုအခါ မြန်မာ့ဆန်သည် တရုတ်နိုင်ငံအတွက် အဓိကတင်ပို့ကုန်ဖြစ်လာနေသည်။ မြန်မာ့ဆန်စပါးထုတ်လုပ်ရောင်းဝယ်ကြသူများသည်လည်း တရုတ်နိုင်ငံကို ကြီးမားသောဈေးကွက်အဖြစ် သဘောထားနေရပြီး ရောင်းဝယ်တင်ပို့မှုပြုနေရသည်။ တရုတ်ဝယ်လက်များသည်လည်း နှစ်စဉ်နှစ်တိုင်းအဆွဲများသည့် အနေအထားရှိသည်။ နောင်လည်းမြန်မာ့ဆန်များ တရုတ်တို့ အဝယ်သွက်နေပါဦးမည်။ ထိုအခါကုန်သွယ်မှုသဘောတရားအရ ဝယ်သူဈေးကွက်ဖြစ်နေသောအခါတစ်ခါတစ်ရံမြန်မာ့ဆန်များ နယ်စပ်ကုန်သွယ်ရေးတွင် ဈေးစကားအဆိုခံရခြင်းများရှိနေသည်။ တရားမဝင်ရှောင်ကွင်းလမ်းကြောင်းများမှလည်း မှောင်ခိုတင်ပို့ရောင်းဝယ်ခြင်းများလည်း ရှိနေသောအခါ ဆန်ဈေးအနှိမ်ခံရခြင်းအဖြစ်မျိုးနှင့် ရင်ဆိုင်ရသည့်အခါ ရင်ဆိုင်ရသည်။ ယင်းအခက်အခဲပြဿနာသည် အစိုးရချင်းနှစ်ဖက်သဘောတူညီမှုဖြင့် စာချုပ်ချုပ်ဆိုအရောင်းအဝယ်ပြုကြမည်ဆိုလျှင် စကားသိပ်ပြောစရာမလိုအောင်ရှင်းသွားမည်ဖြစ်သည်။ ယခုနောက်ပိုင်းတွင် ဆန်နှင့်အခြားလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်တင်ပို့ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနတာဝန်ရှိသူတို့သည် ပြည်ထောင်စုအစိုးရ၏ သဘောထားမူဝါဒကိုရယူပြီး နှစ်နိုင်ငံချင်းတရားဝင်ကုန်သွယ်မှုပြုလုပ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်သည့်အတွက် တရုတ်-မြန်မာ ကုန်သွယ်မှုပမာဏသည် ယခုနောက်ပိုင်းနှစ်များတွင် တိုးပွားလာသည်ကိုတွေ့ရှိနေရသည်။ ယင်းသည်ဖြစ်သင့်သောကိစ္စဖြစ်သည်။ ဒီမိုကရေစီအသွင်ပြောင်းနိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာဖော်ပြချက်လည်း ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်နှင့် လွတ်လပ်သောကုန်သွယ်ရေးမူဝါဒကိုလည်း ရုပ်လုံးပေါ်စေသည့်သဘောလည်းဖြစ်သည်။

မြန်မာနှင့်တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုအခြေအနေကို လေ့လာကြည့်သောအခါ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော စာရင်းများအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇန်နဝါရီလအထိ ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၄၅၇၈ ဒသမ ၈၆၄ သန်း၊ သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၁၀၄ ဒသမ ၇၂၃ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၉၆၈၃ ဒသမ ၅၈၇ သန်းရှိနေသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနှင့်တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၀၅၅ ဒသမ ၄၈၇ သန်း၊ သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၇၄၉ ဒသမ ၂၈၆ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၀၈၀၄ ဒသမ ၇၇၃ သန်းရှိခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း တရုတ်နှင့်မြန်မာကုန်သွယ်မှုပမာဏမှာ ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၄၅၉၆ ဒသမ ၉၆၁ သန်း၊ သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၆၃၉၅ ဒသမ ၄၇၉ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၀၉၉၂ ဒသမ ၄၄၀ သန်းရှိခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်အထိ မြန်မာ-တရုတ်ကုန်သွယ်မှုပမာဏတွင် တရုတ်ဘက်ကတင်သွင်းသည့် သွင်းကုန်ပမာဏက ပိုမိုများပြားလျက်ရှိနေသေးသည်။ ယင်းကလည်းမြန်မာနိုင်ငံဘက်ကတင်ပို့သည့် ပို့ကုန်အရေအတွက်နှင့်ပမာဏနည်းပါးနေသေးခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် တရားမဝင်မှောင်ခိုနည်းဖြင့်စီးထွက်သွားသော ကုန်တင်ပို့ခြင်းများရှိနေသေးခြင်းကြောင့်လည်း ကုန်သွယ်မှုကွာဟချက်ဖြစ်ပေါ်နေရခြင်းဖြစ်မည်ဟုထင်သည်။ သို့သော် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုံခြုံရေးအဖွဲ့အစည်းများကလည်း တရားမဝင်ကုန်သွယ်မှုများ ပပျောက်အောင်စီစဉ်ဆောင်ရွက်နေခြင်းများတော့ရှိသည်။ ထို့ပြင်လည်း ယင်းနယ်စပ်ဒေသဟူသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လိုခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့၏ ဩဇာအာဏာသက်ရောက်မှုရှိနေခြင်းကြောင့် တရားဝင်နယ်စပ်ကုန်သွယ်ရေးအတွက် နှောင့်နှေးကြန့်ကြာရခြင်းမျိုးလည်းရှိကောင်းရှိနိုင်သည်။ အချို့သောလက်နက်ကိုင်အဖွဲ့အစည်းတို့၏ နယ်မြေစိုးမိုးရေး လှုပ်ရှားမှုများသည် နယ်စပ်ကုန်သွယ်ရေးအပေါ် ဂယက်ရိုက်ခတ်နိုင်ပါသည်။ ယင်းကိစ္စကိုလည်း ထည့်တွက်ရပေဦးမည်။

မြန်မာ့ဆန်စပါးနှင့်အခြားလယ်ယာထွက်ကုန်ပစ္စည်းများသည် ယခုနောက်ပိုင်းနှစ်များတွင် နည်းစနစ်မှန်သောစိုက်ပျိုးထုတ်လုပ်ခြင်းများကြောင့် တဖြည်းဖြည်းအထွက်အားသန်လာပြီဖြစ်သည်။ ထိုအခါ ဈေးကွက်လိုအပ်လာနေပြီဖြစ်သည်။ ဥပမာ- မြန်မာ့ဆန်ဆိုလျှင် ယခုနှစ်အထွက်ပိုလာသဖြင့် တရုတ်နိုင်ငံဈေးကွက်ကြီးအပြင် အခြားအာရှ၊ အာဖရိကနှင့်ဥရောပနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်သို့ ဈေးကွက်ရှာဖွေတင်ပို့နေရပြီဖြစ်သည်။ ဤအခြေအနေတွင် ဈေးကွက်ရှာဖွေရာ၌ တရားဝင်ကုန်သွယ်ရေးကိုသာ ဦးတည်သောဈေးကွက်ကိုသာရှာနေကြပြီလည်းဖြစ်သည်။ မကြာမီသောကာလတွင် မြန်မာ့ဆန်သည် အရည်အသွေးရော အရေအတွက်အရပါ အာရှတွင်ထိပ်တန်းအဆင့်၌ ပြန်လည်နေရာရတော့မည်ဟုလည်း ခန့်မှန်းတွက်ချက်နေသည်။ သည်အခြေအနေကို တွက်ချက်မိ၍လည်း ယူနန်ပြည်နယ်အစိုးရက တကူးတကမြန်မာ့ဆန်များကို တရားဝင်လက်မှတ်ရေးထိုးဝယ်ယူမည်ဟူသောစိတ်ကူးဖြင့် လက်ဦးမှုရအောင် လုပ်လိုက်ခြင်းဖြစ်မည်။ မည်သို့ပင်ဖြစ်ပါစေ မြန်မာနိုင်ငံအဖို့ကတော့ တရားဝင်ဝယ်ယူခြင်းကို ကြိုဆိုရပါမည်။ တရားဝင်ကုန်သွယ်မှုပြုမည့်အစီအစဉ်အတွက်လည်း သက်ဆိုင်ရာပြည်နယ်အစိုးရကိုလေးစားချီးကျူးပါကြောင်း ထောပနာပြုရပါမည်။ ထိုကဲ့သို့ ကုန်သွယ်မှုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းထားသင့်ကြောင်း ကိုလည်း သိစေအပ်ရပါမည်။

**(ရေးသားချက်များသည် ဆောင်းပါးရှင်၏ အာဘော်သာဖြစ်သည်)**

**Commerce ကာတွန်း**




BAYER
Supradyn®
EMP
Supradyn
new
energy
coenzyme Q10
2106AA9517
စွမ်းအင်ပြည့်တင်း ဆူပရာဒင်း
အားဆေး
www.facebook.com/empsupradyn
Coenzyme Q10 ပါဝင်တဲ့
Supradyn New Formula


EML
Everywhere Myanmar Logistics
Public Company Limited
www.everywheremyanmar.com
[ Freight Forwarding General Services]
Office : No(436), 1st Floor, Between 54th & 55th Street, Strand Road, Botahtaung Township, Yangon, Myanmar.
Phone : 09 428888712,09 450099636,09 5065999. E-mail : info@everywheremyanmar.com, sales@everywheremyanmar.com

အရပ်

# အင်းကြွင်းစံ

## ကလေးကစားကွင်းနှင့်သံထည်လုပ်ငန်း

(လျှော၊ ဒန်း၊ ဆီးလျှော၊ ကစားစရာအမျိုးမျိုး၊ အဆောက်အဦနှင့် သံပန်း၊ သံတံခါးအမျိုးမျိုး)



အမှတ်(၃၅၇)၊ ၆၄-ရပ်ကွက်၊ ဖောင်ကြီးလမ်းနှင့်မိုးမခ(၁)လမ်းထောင့်၊ တောင်ဒဂုံမြို့နယ်။
09-5175237, 09-448033887, 09-448050188

# KIP KHANT COMPANY LIMITED

## Electric Concrete pole/Material/Machine Manufacturing & Distributor




အမှတ်(၃)၊ စက်မှုမြို့ပတ်လမ်း၊ ၆၂-ရပ်ကွက်၊ စက်မှုဇုံ(၂)၊ တောင်ဒဂုံ။ ဖုန်း – ၀၁–၂၃၄၈၁၁၅၊ ၀၉–၄၂၁၀၅၄၂၃၆

# SKY ASIA မှ ကျိုက်ထီးရိုး Cable Car နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ



SKY ASIA မှ ကျိုက်ထီးရိုး Cable Car နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မွန်ပြည်နယ် ကျိုက်ထီးရိုး ဆံတော်ရှင်တည်ရှိရာ ရသေ့တောင်ရှိ SKY ASIA ကုမ္ပဏီ ရုံးခန်းတွင် ဧပြီလ ၂၄ ရက်က ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် ကျိုက်ထီးရိုးကေဘယ်လ်ကားနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသည့်အကြောင်းအရာများနှင့် လက်ရှိလုပ်ဆောင်နေသည့် လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

"ဒီနေ့သတင်းစာရှင်းလင်းပွဲလုပ်ရတာက လတ်တလောဖြစ်နေတဲ့ ကေဘယ်လ်ကားနဲ့ပတ်သက်တာကို ပြောပြချင်လို့ပါ။ အခုလက်ရှိမှာ မြန်မာကန်ထရိုက်တာအဖွဲ့က လုံခြုံစိတ်ချမှုမရှိဘူးဆိုပြီး စွပ်စွဲပြောဆိုနေတာတွေရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြင်သစ်နိုင်ငံရဲ့ နည်းပညာနဲ့ တည်ဆောက်သလို လိုအပ်ချက်ရှိတာတွေကိုလည်း ပြင်သစ်နဲ့ ကိုရီးယားက အင်ဂျင်နီယာတွေက လာစစ်ဆေးခဲ့ပါတယ်"ဟု SKY ASIA ကုမ္ပဏီမှ Managing Director Mr. Cho Ki Young က ပြောသည်။

"ကေဘယ်လ်စီးတဲ့သူတွေကို ဒီရှင်းလင်းပွဲက တစ်ဆင့်ပြောချင်တာကတော့ လုံခြုံရေးနဲ့ပတ်သက်ပြီး အာမခံချက်မရှိတဲ့ကိစ္စ၊ ဆောက်လုပ်ရေးနဲ့ပတ်သက်ပြီး ပိုက်ဆံမပေးဘူးဆိုတဲ့ ကိစ္စတွေကို သက်ဆိုင်ရာက စစ်ဆေးပြီးလို့ အဖြေ ထွက်လာတာနဲ့ ပေးရမယ်ဆိုပေးမှာပါ။ သတင်းတွေကို တစ်ခုချင်းလိုက်မရှင်းတော့ဘဲ ပြည်သူတွေအမှန်အတိုင်းသိရအောင် ဒီရှင်းလင်းပွဲကိုလုပ်ရတာပါ"ဟု ၎င်းကဆက်ပြောသည်။

SKY ASIA ကုမ္ပဏီအနေဖြင့် ဘုရားဖူးများဘေးကင်းလုံခြုံစွာ ဘုရားဖူးနိုင်စေရန် ရည်ရွယ်ထားပြီး Cable Car ပြေးဆွဲရန်အတွက်လည်း ကိုရီးယားအစိုးရဌာန၏ စစ်ဆေးမှုအသိအမှတ်ပြုလက်မှတ် ရရှိပြီးသားဖြစ်ကြောင်း သိရသည်။

ကျိုက်ထီးရိုး Cable Car စီးနင်းရန်အတွက် ဈေးနှုန်းများမှာ တစ်ကြောင်းလျှင် ကျပ် ၄၀၀၀ နှင့် အသွားအပြန် ကျပ် ၆၀၀၀ သတ်မှတ်ထားပြီး နိုင်ငံခြားသားဧည့်သည်များအတွက်ကိုမူ တစ်ကြောင်းလျှင် ကျပ် ၇၀၀၀ နှင့် အသွားအပြန်အတွက် ကျပ် ၁၄၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

# ပြည်ပမှ နာမည်ကြီး Artist များ ပါဝင်မည့် Together Music Festival 2018 ကျင်းပမည်

ပြည်ပမှ နာမည်ကြီး Artist များ ပါဝင်မည့် Together Music Festival 2018 ကို မေလ ၅ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Together Festival ဂီတပွဲတော်ကို မြန်မာနိုင်ငံတွင်ကျင်းပခဲ့သည်မှာ လေးနှစ်ဆက်တိုက်ရှိပြီဖြစ်ပြီး H-Life Entertainment နှင့် ထိုင်းနိုင်ငံမှ Retox Sessions တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲကို မြန်မာနိုင်ငံမှာ ၂၀၁၅ ခုနှစ်ကတည်းက စခဲ့တာပါ။ အခုလိုလေးနှစ်ဆက်တိုက် လုပ်နိုင်တာကလည်း ပြည်သူတွေရဲ့ လက်ခံအားပေးမှုကြောင့်ပါ။ ဒီနှစ်မှာလည်း တခြားပွဲတွေနဲ့မတူအောင် လုပ်ဆောင်ထားပါတယ်။ Together Festival Yangon က မြန်မာပြည်ရဲ့ ပထမဦးဆုံးသော နိုင်ငံတကာအဆင့်မီ EDM Festival ဖြစ်တဲ့အပြင် မြန်မာပရိတ်သတ်တွေအတွက် အမှတ်တရပေါင်းများစွာရှိနေတဲ့ ဂီတပွဲတော်ကြီးလည်း ဖြစ်ပါတယ်"ဟု Together Festival ပွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်ဂီတပွဲတော်တွင် ပြည်ပမှ နာမည်ကြီး Artist 5 ဦးနှင့် ပြည်တွင်းမှ အနုပညာရှင် ၅ ဦး ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး ၂၀၁၈ ပထမနှစ်ဝက်၏ မိုးမဝင်ခင် ကျင်းပသည့်ပွဲဖြစ်ကြောင်း၊ Outdoor Festival ပွဲများကို စက်တင်ဘာလလောက်မှသာ ပြန်လည်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ပွဲတွင် ပြည်ပမှ ပါဝင်မည့် ဂီတပညာရှင်များမှာ Hardwell, Brohug, GTA, Matisse & Sadko နှင့် 4B တို့ဖြစ်ပြီး ပြည်တွင်းမှ Aladin, Double U နှင့် OU J တို့မှ ပါဝင်အားဖြည့်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ အဆိုပါပွဲအတွက် လက်မှတ်အမျိုးအစား သုံးမျိုးသတ်မှတ်ထားပြီး ဈေးနှုန်းများ ကျပ် ၂၅၀၀၀၊ ၃၅၀၀၀နှင့်၇၅၀၀၀ ဟူ၍ သတ်မှတ်ထားကြောင်း သိရသည်။




# Yangon Investment Forum 2018 ကို လာမည့်လတွင် ကျင်းပမည်

ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ ကြီးမှူးကျင်းပမည့် Yangon Investment Forum 2018 (YIF 2018) ကို မေ ၉ ရက်တွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖိုရမ်၌ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်မည့်စီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရှင်းလင်းလွယ်ကူ မြန်ဆန်ထိရောက်သော လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ပေးမှုများ၊ သီလဝါ စီးပွားရေးဇုန်၏ ရင်းနှီးမြှုပ်နှံမှုများကို ဆွေးနွေး ပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့မှာ လာရောက် ရင်းနှီးမြှုပ်နှံ ရင် မြေယာကဏ္ဍ၊ အခွန်ကောက်ခံမှု၊ အခွန်ကင်းလွတ်ခံစားခွင့်၊ အစိုးရ၏ အာမခံနိုင်မှုနှင့် ရရှိနိုင်တဲ့အခွင့်အလမ်းများကို ဆွေးနွေးသွားမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က ပြောသည်။

ဖိုရမ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ German Cooperation Implemented through GIZ နှင့် Myanmar Investors Development Association (MIDA) တို့ကို ပူးပေါင်း ပံ့ပိုးထားခြင်းဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပလုပ်ငန်းရှင်ပေါင်း ၅၀၀ ခန့် တက်ရောက်နိုင်ရန် မျှော်မှန်းထားပြီး နောက်ပိုင်းတွင်လည်း ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# သုံးကြိမ်မြောက် ကမ္ဘာ့အသိဉာဏ် ပစ္စည်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ




သုံးကြိမ်မြောက် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (World Intellectural Property Day) အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ရှိ UMFCCI တွင် ဧပြီ ၂၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါပွဲကို United States Agency for International Development (USAID) နှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း (IPPAM) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး တီထွင်ဖန်တီးခြင်းနှင့်ပတ်သက်၍ SME လုပ်ငန်းများအား မည်သို့လုပ်ကိုင်သင့်သည်ကို ဟောပြောခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကမ္ဘာ့နိုင်ငံအသီးသီးမှာက တီထွင်ဖန်တီးနိုင်တဲ့အမျိုးသမီးတွေများသလို မြန်မာအမျိုးသမီးတွေလည်း အခုဆို တီထွင်ဖန်တီးမှုတွေ လုပ်လာကြပါပြီ။ အသိဉာဏ်ပညာဆိုတာ မွေးကတည်းကပါပေမယ့် ကြီးမားတဲ့ ဉာဏ်ပညာကတော့ လူတိုင်းမှာမရှိနိုင်ပါဘူး။ မြန်မာတွေက ဒီလိုမျိုးလုပ်ရမယ်ဆိုတာ မသိခဲ့ကြသလို သိရှိမှုအားလည်းနည်းပါတယ်။ အဲ့ဒါကြောင့် ဒီလိုမျိုးဆွေးနွေးပွဲတွေကိုပြည်တွင်းမှာ များများလုပ်ပေးမယ်ဆိုရင်SME လုပ်ငန်းတွေကလည်း အသိပညာတွေရလာမယ်။ အကျိုးခံစားခွင့်တွေကိုလည်း သိရှိလာမယ်။ အဲဒီကျရင် ပိုကောင်းမွန်တဲ့တိုင်းပြည်ဖြစ်လာမယ်လို့ယုံကြည်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ပြောသည်။

လက်ရှိတွင် IP Law အတွက် ဥပဒေရေးဆွဲထားပြီး လွှတ်တော်ပြန်စချိန်တွင် အတည်ပြုမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လည်း IP Law ထွက်ရှိရန်စောင့်မျှော်နေကြသလို IP Law ထွက်ရှိလာပါကလည်း လုပ်ငန်းလုပ်ကိုင်ရာတွင် ပိုမိုအဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

# The Voice Myanmar ၏ တိုက်ရိုက်သီဆိုယှဉ်ပြိုင်မှု ပွဲစဉ်များကို အွန်လိုင်းမှတစ်ဆင့် မဲပေးနိုင်

လက်ရှိတွင် ရေပန်းစားနေသည့် The Voice Myanmar သီချင်းဆိုပြိုင်ပွဲ၏ တိုက်ရိုက်သီဆိုယှဉ်ပြိုင်မှုပွဲစဉ်များကို အွန်လိုင်း Web Portal မှတစ်ဆင့် မဲပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ The Voice Myanmar ၏ တိုက်ရိုက်သီဆိုယှဉ်ပြိုင်မှုပွဲစဉ်တွင် ပြိုင်ပွဲဝင် ၂၄ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဧပြီလ ၂၉ ရက်မှ ဇွန်လ ၃ ရက်အထိ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

The Voice Myanmar ပရိသတ်များအနေဖြင့် မိမိနှစ်သက်သဘောကျသည့်အဆိုတော်ကို thevoice.mptvote.com အွန်လိုင်း Web Portal မှ မဲပေးနိုင်ရန်အတွက် မိမိသုံးစွဲသလောက်သာကျသင့်မည့် Pay As You Go(PAYG) (သို့မဟုတ်) လွယ်ကူစွာ အသုံးပြုနိုင်မည့် Voting Pack များကို ရွေးချယ်နိုင်ရန် ပြုလုပ်ပေးထားကြောင်း သိရသည်။

ထို့အပြင် တစ်မဲလျှင် ၁၆ ကျပ်နှုန်းဖြင့် Live ပြိုင်ပွဲတစ်ခုအတွက် အများဆုံး ၃ ကြိမ်အထိသာ မဲပေးနိုင်မည်ဖြစ်သလို စိတ်ကြိုက်မဲပေးနိုင်သည့် အခွင့်အရေးရရှိမည့် Voting Pack များကိုလည်း Web Portal တွင် မိတ်ဆက်ပေးထားကြောင်း သိရသည်။

အွန်လိုင်းမှတစ်ဆင့် မဲပေးရာတွင် အွန်လိုင်း Web Portal ဖြစ်သော thevoice.mptvote.com ပေါ်တွင်သာ မဲပေးနိုင်မည်ဖြစ်ပြီး အွန်လိုင်း Web Portal ကို အသုံးပြုမှုအတွက် ဒေတာအသုံးပြုခပေးရန် မလိုအပ်သည့်အပြင် Voting Pack မှတစ်ဆင့် မဲဝယ်ယူနိုင်မှုကိုလည်း ကန့်သတ်ထားခြင်းမရှိကြောင်း သိရသည်။

ချောစု စုစည်းသည်

Vol: 18, No.17 Monday April 30 2018

# မန္တလေးကျောက်စိမ်းရောင်းဝယ်ရေးစျေးကွက်စတင်လှုပ်ရှား

မန္တလေး မဟာအောင်မြေမြို့နယ်ရှိ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်း ကျောက်မျက်စျေးတွင် သင်္ကြန်ကာလ ပိတ်ရက်များ၊ လပြည့် လကွယ် ပိတ်ရက်များဖြင့် ပိတ်ရက်များ ဆက်နေ၍လာရောက်သူ ဝယ်လက်များ နည်းပါးနေပြီး စျေးကွက်အေးစက်နေရာမှ ဧပြီ ၂၃ ရက် စျေးဖွင့် ရက်မှစ၍ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နှင့် တရုတ်(တိုင်ပေ)မှ ဝယ်လက်များ၊ ပြည်တွင်း ကျောက်စိမ်း အချောထည် လုပ်ကိုင်သည့် လုပ်ငန်းရှင်များ လာရောက်ကြကာ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်း စည်ကားစ ပြုလျက်ရှိသည်။ နိုင်ငံခြားသား ဝယ်လက်များမှလည်း လက်ကောက် အကြမ်းထည်၊ အချောထည်နှင့် ပုတီးလုံးချောများကို စိတ်ဝင်စားစွာ ကြည့်ရှုဝယ်ယူမှုများ ရှိကြောင်း သိရသည်။

ကျောက်စိမ်းများ ထွက်ရှိသော ကချင်ပြည်နယ် ဖားကန့်ဒေသတွင်လည်း တွင်းလုပ်သားများ သင်္ကြန်ကာလ နေရပ်သို့ ပြန်သွားကြပြီး မေလ ဆန်းပိုင်းမှသာ လုပ်ငန်းခွင်ဝင်ရောက်ကြမည်ဖြစ်ရာ မန္တလေး ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်းများသို့ ကျောက်စိမ်း အရိုင်းတုံးများ ဝင်ရောက်မှု နည်းပါးလျက်ရှိသည်။ ကျောက်စိမ်း အရိုင်းများ ဝင်ရောက်မှု လျော့နည်းသဖြင့် ကျောက်ဖြတ်၊ ကျောက်သွေးလုပ်သားများ အလုပ်ရှားပါးလျက်ရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# သင်္ကြန်ကာလအပြီး မန္တလေးရှိမြို့နယ်အချို့တွင် အိမ်ခြံမြေရောင်းဝယ်မှုထက်ငှားရမ်းမှုပိုမိုများပြား

မန္တလေးမြို့ရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည် မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်များတွင် သင်္ကြန်ကာလအပြီးတွင် အိမ်ခြံမြေရောင်းဝယ်မှုထက် ငှားရမ်းမှုများ ပိုမို များပြားလျက်ရှိကြောင်း မန္တလေး အိမ်ခြံမြေအကျိုးဆောင်အသင်းမှ သိရသည်။ ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့သည် အချက်အချာကျသောနေရာများဖြစ်၍ အရောင်းပြခန်းနှင့် စျေးဆိုင်ခန်းဖွင့်လိုသူများက မိုးရာသီမတိုင်မီ ကြိုတင်ငှားရမ်းမှုများကြောင့် နေရာပေါ်မူတည်ကာ ငှားရမ်းမှု သွက်နေကြောင်း သိရသည်။ မြို့တွင်း ဧရိယာတွင် လုံးချင်းအိမ်ရာများထက် တိုက်ခန်းများသာ ငှားရမ်းမှု များပြားနေပြီး စျေးချိုနှင့် ရတနာပုံစျေးအနီးနေအိမ်များတွင် အခန်းများကန့်ကာ ငှားရမ်းနေကြသည်ဟု ဆိုသည်။

ချမ်းမြသာစည်မြို့နယ်တွင် လူနေထိုင်ရန် လုံးချင်းအိမ်များ ငှားရမ်းမှုများနေပြီး သိပ္ပံလမ်း၊ ၆၂ လမ်း၊ ၆၃ လမ်း၊ ၆၄ လမ်း၊ ၆၅ လမ်း၊ ၆၆ လမ်းတို့တွင် နေအိမ်တစ်လုံးလျှင် ကျပ်သိန်း ၂၀ မှ ၃၀ အတွင်းရှိကာ အနိမ့်ဆုံးခြောက်လမှ တစ်နှစ်စာချုပ်ဖြင့် ငှားရမ်းနေကြသည်။ ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ် ဆင်ခြေဖုံးရပ်ကွက်များ၊ မြရည်နန္ဒာ၊ ထွန်းတုံးအောင်သာယာ၊ သင်ပန်းကုန်းရပ်ကွက်များတွင် နယ်မှ မန္တလေးမြို့သို့လာရောက်လုပ်ကိုင်သူ များနေထိုင်ရန် အိမ်ခန်းများငှားရမ်းမှု မြင့်တက်လျက်ရှိရာ အနိမ့်ဆုံးကျပ် ၄၀၀၀၀ မှ ကျပ် ၁၅၀၀၀၀ အထိရှိကြောင်း သတင်းရရှိပါသည်။

**သီဟကိုကို(မန္တလေး)**



# ဒို့ညီနောင်မော်တော်ယာဉ်လိုင်းမှ ပုသိမ်-ရန်ကုန်-တောင်ကြီး ခရီးစဉ် ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကင်မလင်းကျွန်းအဝေးပြေးကားဂိတ်မှ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ မြဝတီမြို့ကြီးများအပြင် တိုင်းအတွင်းမြို့နယ်များသို့လည်း မော်တော်ယာဉ်လိုင်းပေါင်းစုံနှင့် ပြေးဆွဲလျက်ရှိရာ ဧပြီလမှစတင်၍ ဒို့ညီနောင်ကားဂိတ်မှ ပုသိမ်-ရန်ကုန်-တောင်ကြီး ခရီးစဉ် မော်တော်ယာဉ်လိုင်းသစ် စတင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယခင်ပုသိမ်မြို့မှ တောင်ကြီးသို့ သွားရောက်ရာတွင် ရန်ကုန်မှတစ်ဆင့် သွားရောက်ရပြီး ယခုလို ပုသိမ်-ရန်ကုန်-တောင်ကြီးခရီးစဉ် ယာဉ်လိုင်းသစ်တိုးချဲ့ပြေးဆွဲသည့်အတွက် တောင်ကြီးမြို့သို့ တိုက်ရိုက်သွားရောက်မည့် ခရီးသွားများမှာ အချိန်ကုန်၊ ငွေကြေးကုန်ကျစရိတ် လျော့နည်းသွားပြီး ယခင်ကထက် အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ ပုသိမ်-တောင်ကြီး ခရီးစဉ်အတွက် မော်တော်ယာဉ်စီးခ တစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြစ်ပြီး ၄၅ ယောက်စီး Air con လေအိတ်ကားကြီးဖြင့် ပုသိမ်မြို့မှ မွန်းလွဲ ၁ နာရီ နေ့စဉ်ထွက်ရှိ၍ တောင်ကြီးမြို့မှ နေ့စဉ် ညနေ ၄ နာရီ ပုံမှန်ထွက်ရှိမှာဖြစ်ကြောင်း အဆိုပါကားဂိတ်မှ သိရသည်။ **ဧရာမြေ(ပုသိမ်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ် အခွန်အများဆုံး ထမ်းဆောင်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

မန္တလေးတိုင်း ဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံး ထမ်းဆောင်ခဲ့ကြသော ဝင်ငွေခွန်ထမ်း ပြည်သူ ၅၀ ဦးနှင့် ကုန်သွယ်လုပ်ငန်းခွန် အခွန်ထမ်းလုပ်ငန်းရှင် ၅၀ ဦးတို့အား ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၂၄ ရက်မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်ခန်းမတွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အခွန်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကိုကိုအေးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော အခွန်အများဆုံး ထမ်းဆောင်ခဲ့ကြသည့် ဝင်ငွေခွန် အခွန်ထမ်းနှင့် ကုန်သွယ်လုပ်ငန်းခွန် အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုင်းဒေသကြီးအတွင်း ကောက်ခံရရှိသည့် အခွန်ငွေများအနက် ရာခိုင်နှုန်းအချိုးအစားအလိုက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ခွဲဝေရရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြု ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အခွန်ထမ်းပြည်သူများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနေကြသူများ ဖြစ်သည့်အတွက် ဂုဏ်ပြုခြင်းဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**သီဟကိုကို(မန္တလေး)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်စျေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | စျေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဗုရှ် (၂၀၀၃) | J | ၂၂၃ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | မတ်ခ်(တူး) (၂၀၀၃) | G | ၂၄၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဟွန်ဒါဖစ်/ရှပ်တဲလ် (၂၀၁၃) | ယာယီ | ၂၇၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ဆူဇူကီး/ဆိုလီယို (၂၀၁၂) | I | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဆူဇူကီး/ကယ်ရီထရပ် (၂၀၀၅) | I | ၇၀ သိန်း | 0.6 ဓာတ်ဆီ |
| ၆။ | ခရောင်း (၂၀၀၁) | F | ၂၅၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ပရိုဘောက် (၂၀၁၁) | N | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၈။ | ပါဂျဲရိုး(၂၀၀၁) | G | ၁၀၅ သိန်း | |
| ၉။ | အာလ်ဖတ် (၂၀၀၃) | F | ၃၃၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | စျေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ မယ်ညိုလမ်း | (၃၀ x ၅၀)ပေ | BN (၁) ထပ် အခန်းဖွဲ့ | ၂၁၀၀ သိန်း | မြေပိုပါ၊ လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၂။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသာ်လမ်း | (၃၅ x ၄၅)ပေ | RC (၁) ထပ်၊ အခန်းဖွဲ့ | ၂၇၀၀ သိန်း | လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၃။ | လုံးချင်းအိမ် | ဒဂုံ(မြောက်)ပိုင်း၊ (၄၁) ရပ်ကွက် | (၅၀ x ၆၀)ပေ | RC (၂) ထပ်၊ MB (၅) ခန်း | ၂၈၀၀ သိန်း | ရပ်ကွက်သန့်၊ လမ်းကောင်း | ၀၉/၅၁၁၇၂၆၂ |
| ၄။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း | (၃၅ x ၇၀)ပေ | BN (၂) ထပ် | ၇ သိန်း | ၁ လအငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၅။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ | ၇၅၀၀ စ/ပေ | (၅) လွှာ၊ အခန်းဖွဲ့ | နှစ်သိန်း သုံးသောင်း | ၁ လအငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | လုံးချင်းအိမ် | ရန်ကင်းမြို့နယ်၊ ဘောက်ထော် | (၅၀ x ၁၀၀)ပေ | RC (၂) ထပ် MB (၃)၊ BR (၂) | ၃၀ သိန်း | ၁ လအငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | တိုက်ခန်း ကျယ် | စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း | ၁၂၅၀ စ/ပေ | (၆) လွှာ၊ MB (၁)၊ BR (၁) | ၇၂၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | မြေ | ပဲခူးမြို့ ဝမ်းဘဲအင်းအနီးလမ်းပေါ် | မြေ ၃ ဧက | မြေသီးသန့် | ၂၀၈ သိန်း၊ ၁ ဧက | | ၀၉/၅၁၄၃၈၂၇ |
| ၉။ | မြေ | ပုဂံမြို့ အနော်ရထာရပ်ကွက်၊ ညောင်ဦး-ချောက်ကားလမ်းဘေး | (၆၀ x ၈၀)ပေ | မြေသီးသန့်၊ ချိန်းလင့်ကာထား | ၂၅၀၀ သိန်း | ဂရန်မြေ | ၀၉/၅၁၁၇၂၆၂ |

# မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေး

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကနှင့်အစိုးရကဏ္ဍတို့မှ သက်ဆိုင်သူများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော ဗဟုသုတများ မျှဝေရန်၊ မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီနှင့်ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်၊ မန္တလေးတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်လာစေရန်ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ)တို့ ပူးပေါင်းကျင်းပသော“မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာများရှင်းလင်းဆွေးနွေးပွဲ” အခမ်းအနားကို ဧပြီ ၂၄ ရက် နံနက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင်ကျင်းပခဲ့သည်။



အခမ်းအနားတွင်မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကမန္တလေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့အခြေပြုအိမ်နီးချင်း တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံများနှင့် စီးပွားရေးဆက်နွယ်မှုများ၊ ဧရာဝတီမြစ်အခြေပြု အရှေ့မြောက်ဒေသစီးပွားရေးစကြံဖွံ့ဖြိုးရေး အလားအလာများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများအကြောင်း ရှင်းလင်းဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးဒေါက်တာလွင်သူဇာရွှေကရင်းနှီးမြှုပ်နှံမှုလုပ်ထုံးလုပ်နည်းများအားလည်းကောင်း၊ ညွှန်ကြားရေးမှူးဒေါက်တာဝဏ္ဏာအောင်က ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်သည့်နည်းလမ်းများအားလည်းကောင်း၊ ညွှန်ကြားရေးမှူးဒေါ်နွယ်နီဦးက မန္တလေးတိုင်းဒေသကြီးနှင့်သက်ဆိုင်သည့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသတင်းအချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက်မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်မင်းနှင့်တက်ရောက်လာသောစီးပွားရေး လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီးတွင်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သောလုပ်ငန်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄၈ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏကျပ် ၄၉၅၇၁၄၂ ဒသမ ၈၇၄ သန်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၀၊ ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ ၃၂၄၄ ဒသမ ၉၉၅ သန်းရှိကြောင်း သိရှိရပါသည်။

**သီဟကိုကို(မန္တလေး)**

## ပုသိမ်မြို့နယ် ကျေးလက်နေတောင်သူများကို စိုက်ပျိုးရေးနည်းပညာပေး သင်တန်းဖွင့်လှစ်သင်ကြား

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်း၍ ကျေးလက်နေတောင်သူများအား လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းဖွင့်ပွဲကို ဧပြီ ၂၂ ရက်က လင်းဝွင်းကြီးကျေးရွာအုပ်စု ကွက်ပြင်ကြီးကျေးရွာ၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးကျော်သူရက ကျေးလက်နေပြည်သူများအနေဖြင့် ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးမြှင့်တင်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန၊ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး စပါးအထွက်နှုန်းကောင်းမွန်ရေးနှင့် ယခုနှစ်မိုးရာသီတွင် သင်ကြားပေးသော နည်းစနစ်များအတိုင်း တောင်သူများ စနစ်တကျစိုက်ပျိုး၍ စပါးအထွက်နှုန်း တိုးတက်လာရန် ရည်ရွယ်၍ စိုက်ပျိုးရေး နည်းပညာပေး သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် လယ်ယာမြေများ၌ ဖြစ်ပေါ်နေသော မြေဆီလွှာပျက်စီးမှုအခြေအနေ၊ မြေဆီလွှာတွင်ပါဝင်သော အာဟာရဓာတ်များ၊ မြေဆီလွှာ ချဉ်/ငန် အနည်းအများကြောင့် ဖြစ်ပေါ်နိုင်သော အခြေအနေများ၊ ဓာတ်မြေသြဇာ အလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီလွှာများပျက်စီးရခြင်း အကြောင်းများ၊ သက်ဆိုင်ရာမြို့နယ်အလိုက် မြေဆီလွှာဓာတ်ခွဲစစ်ဆေးခြင်းမှ ရရှိလာသောအဖြေပေါ်မူတည်၍ စိုက်ပျိုးမြေ ကောင်းမွန်စေရန်အတွက် မြေဆီလွှာများကို မည်သို့ပြုပြင်ဆောင်ရွက်သင့်ကြောင်းစသည့် စိုက်ပျိုးနည်းပညာ ဘာသာရပ်များကို ဧပြီ ၂၂ ရက်မှ ၂၆ ရက်အထိ သင်တန်းသား ၆၀ ဦးအား သင်တန်းနည်းပြဆရာ ငါးဦးက သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ထွန်းထွန်း(ပုသိမ်)**

## ဧရာဝတီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ စားသောက်ကုန်နှင့် လူသုံးကုန် သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့်သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းကို ဧပြီ ၂၄ ရက်မှ မေ ၃ ရက်အထိဖွင့်လှစ်မည်ဖြစ်ပြီး လက်ထောက်အင်ဂျင်နီယာ ဒေါ်သီရိလှိုင်နှင့် အငယ်တန်းစာရေးဒေါ်လှလှဝင်းတို့က သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ ဟင်္သာတမြို့နယ် ပုဇွန်တောင်ကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့သည်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဘိုကလေးမြို့တွင် ဧပြီ ၂၆ ရက်မှ မေ ၂ ရက်အထိ လူသုံးကုန်နှင့်အလှကုန်ပစ္စည်းထုတ်လုပ်မှု ပညာပေးသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပြီး ဦးစီးအရာရှိ ဒေါ်ဇင်မာထွေးနှင့် သုတေသနလက်ထောက်-၄ ဦးဇင်မောင်မောင်တို့က သင်ကြားပေးမည်ဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်လျက် ယခုလိုသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်ထူးက ပြောပါသည်။

**မင်းမင်းဦး(ပုသိမ်)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ


| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၃၀-၄-၂၀၁၈ မှ ၆-၅-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ ပညာသင်ကြားရေးဆိုင်ရာ၊ တရားရေးဝန်ထမ်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိလိမ့်မည်။ သင်ကြားနေသော ပညာရေးအဆင်ပြေအောင်မြင်လိမ့်မည်။ အိမ်ထောင်ရှိပြီးသူဆိုလျှင်အိမ်ထောင်ဖက်၏စွမ်းရည်ဖြင့်စီးပွားတိုးတက်လိမ့်မည်။ ကျန်းမာရေးအနေဖြင့် အသည်းနှင့်ပတ်သက်သောဝေဒနာခံစားရမှုရှိတတ်ပြီး ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်၊ အင်အားကုန်ခမ်းချည့်နဲ့သောရောဂါတို့ဖြစ်တတ်ပါသည်။ **ယတြာ။ ။အနီရောင်ပစ္စည်း အသုံးပြုပါ။**



**တနင်္လာသားသမီးများအတွက်** အတွေးအခေါ် အကြံအစည်စဉ်းစားဆင်ခြင်မှု ပုံမှန်အနေအထားရှိသော်လည်း စိုးရိမ်စိတ်များ၊ ပျံ့လွင့်မှုများ၊ လုပ်စရာများပြားမှုကြောင့် တည်ကြည်မှုနည်းသဖြင့် အရာရာအပြည့်အဝမကောင်းပါ။ စုဆောင်းမှု၊ စည်းကမ်းတကျသုံးစွဲမှုနှင့်ပတ်သက်၍ အထူးသတိထားသင့်သည်။ ရေနှင့်ရေထွက်ပစ္စည်းများအကျိုးပေးပါသည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေတတ်ပါသည်။ **ယတြာ။ ။မီးခိုးရောင်ပစ္စည်းအသုံးပြုပါ။**



**အင်္ဂါသားသမီးများအတွက်** အကျိုးဆောင်လုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးလုပ်ငန်းများအောင်မြင်မှုရရှိပြီး အကျိုးခံစားရမည်ဖြစ်ပါသည်။ ပညာရေးတွင်ရှေးဟောင်းပညာများကိုလေ့လာလိုစိတ်ရှိနေမည်။ အချစ်ရေးတွင်နှလုံးသားရေးအတွက်မစဉ်းစားသေးဟုဆိုသော်လည်း ပတ်ဝန်းကျင်၏လှုံ့ဆော်မှုကြောင့်စိတ်ဝင်စားလာတတ်သည်။ ကျန်းမာရေးဆိုးဆိုးဝါးဝါးမရှိတတ်ပါ။ အစားအသောက်မဆင်ခြင်သောကြောင့် အစာအိမ်ရောဂါဖြစ်တတ်ပါသည်။

**ယတြာ။ ။မိုးကုတ်တွင်းထွက်ကျောက်နီရဲရဲကို ဆောင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မမျှော်လင့်သောငွေကြေးများရရှိတတ်ပြီး ငွေရေးကြေးရေးအခြေအနေကောင်းမွန်လိမ့်မည်။ လုပ်ငန်းနှင့်ပတ်သက်၍အခက်အခဲပြဿနာများ ကြုံရတတ်သည်။ ဘာသာရေးလုပ်ငန်းများတွင် တာဝန်မကျေပျက်ကွက်မှုများရှိတတ်သည်။ လူမျိုးခြားနှင့်လုပ်သောလုပ်ငန်းများ အထူးအောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပညာရေးတွင်မေ့လျော့ပေါ့ဆမှုများရှိနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ဝမ်းကိုက်ရောဂါပိုးရရှိတတ်သည်။ **ယတြာ။ ။မိမိခြံဝန်းအတွင်း နွယ်ပင်များစိုက်ခြင်းရှောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းကိစ္စများ ပြီးပြတ်အောင်မြင်ပြီးငွေကြေးအမြတ်အစွန်းရမည်။ စိုက်ပျိုးရေးလုပ်ငန်းများ တွင်ကျယ်မှုရှိလိမ့်မည်။ ဝန်ထမ်းများစွာဖြင့်လုပ်ရသောလုပ်ငန်းများအောင်မြင်လိမ့်မည်။ ပညာရေး ဉာဏ်ရည်ကောင်းမွန်နေသည်။ အချစ်ရေး ဝေးကွာနေသူနှင့်ဆုံရတတ်သည်။ အိမ်ထောင်ရေးကံကောင်းနေတတ်သည်။ ကျန်းမာရေးအနည်းငယ်ချူချာနေတတ်ပြီး အရိုးအဆစ်နာကျင်ကိုက်ခဲမှုရှိနေတတ်ပါသည်။ **ယတြာ။ ။ရေအိုးစင်လှူပါ။**



**သောကြာသားသမီးများအတွက်** အလုပ်အကိုင်အပြောင်းအရွှေ့ကြုံတတ်သည်။ အလုပ်လုပ်ရာတွင်တက်တက်ကြွကြွဖြင့်မြင့်မားသောစူးစမ်းမှုရှိမည်။ အနုပညာလုပ်ငန်း၊ စာပေလုပ်ငန်းများအကျိုးပေးမည်။ ပညာရေးထူးချွန်ထက်မြက်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အကောင်း၊ အဆိုးရောယှက်နေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်အနေအထိုင်မှားယွင်းမှုကြောင့် ရောဂါဝေဒနာရတတ်သည်။ **ယတြာ။ ။ အနီရင့်နှင့်အနက်ရောင်ရှောင်ပါ။**



**စနေသားသမီးများအတွက်** ကံကောင်းမှုများရှိနေမည်။ စီးပွားရေးနှင့်ပတ်သက်၍ ဦးနှောက်ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုရှိနေမည်။ ဆေးနှင့်ဆေးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင်ကျယ်လိမ့်မည်။ နည်းပညာသစ်များနှင့်ပတ်သက်သော လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပညာရေးတွင် ဆရာကောင်းများ၏ အကြံဉာဏ်ဖြင့် အောင်မြင်မှုရတတ်သည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်ရောဂါ၊ အကြောရောဂါ၊ အဆစ်အမြစ်နာကျင်သောရောဂါတို့ သတိထားသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာပျော်ရွှင်မှုရှိနေမည်။

**ယတြာ။ ။မိမိမွေးနံထောင့်ဘုရားတွင်ရွှေထီးတစ်လက်လှူပါ။**

# ရွှေပြည်သာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးတွင် ဓာတုပစ္စည်းနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်၊ ဖြန့်ဖြူး၊ ရောင်းချ၊ သုံးစွဲသူများ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးရန်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူဝန်ထမ်းများသည် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်းပြီး ဧပြီ ၂၆ ရက်တွင် ရွှေပြည်သာမြို့နယ် (ဇုန် ၂၊ ၃၊ ၄) စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီရုံး၊ ကနောင်ခန်းမတွင် စက်မှုဇုန်အတွင်းရှိ ဓာတုပစ္စည်း သိုလှောင်၊ သုံးစွဲ၊ ဖြန့်ဖြူးသည့် စီးပွားရေးလုပ်ငန်းရှင်နှင့် ဝန်ထမ်းများကို ဓာတုပစ္စည်းများနှင့် ပတ်သက်သည့် သိရှိလိုက်နာဆောင်ရွက်ရမည့် အချက်များ အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုဝင်းက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပါ စစ်ဆေးရေးအဖွဲ့မှ ဓာတုပစ္စည်းထုတ်လုပ်၊ ဖြန့်ဖြူး၊ သုံးစွဲသူများက စည်းကမ်းများကို လိုက်နာခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ ထုတ်ပြန်ချက်များကို လိုက်နာခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လျှောက်ထားရာတွင် လိုအပ်သည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သန်းသန်းအေးက ဓာတုပစ္စည်းများကို စည်းကမ်းတကျမသုံးစွဲလျှင် လူ၊ တိရစ္ဆာန်၊ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ပြုနိုင်၍ အန္တရာယ်ကင်းအောင်သုံးစွဲ၊ သိုလှောင်၊ စွန့်ပစ်ရမည့်နည်းလမ်းများ၏ အခြေအနေများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်၊ ဖြန့်ဖြူး၊ ရောင်းချ၊ သုံးစွဲသူများအနေဖြင့် မိမိတို့လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လေ့လာခြင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ အရည်အသွေး ပြည့်မီရန်နှင့်စားသုံးသူများကိုဘေးဥပဒ်အန္တရာယ် မဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်သွားရန်၊ စားသုံးသူများမှ စားသောက်ကုန်ပစ္စည်းဝယ်ယူစားသုံးရာတွင် နစ်နာမှုရှိ၍ တိုင်ကြားလာလျှင် ဌာနအနေဖြင့် အဆင့်ဆင့်အရေးယူ ဆောင်ရွက်မည့်အခြေအနေ၊ ဓာတုပစ္စည်းများကို စနစ်တကျသုံးစွဲသည့် အနေအထားဖြစ်အောင် အားလုံး ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်မည့် အခြေအနေများကို လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများ၊ ရွှေပြည်သာမြို့နယ် (ဇုန် ၂၊ ၃၊ ၄) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ရုံးအဖွဲ့မှူး၊ အဖွဲ့ဝင်များ၊ စက်မှုဇုန်အတွင်းရှိစားသောက်ကုန်၊ လူသုံးကုန်၊ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းရှင်နှင့် ဝန်ထမ်းများ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ပါတယ်။

**ခင်သီ (စားသုံးသူ)ရန်ကုန်**


# မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် (၄/၂၀၁၈)ကြိမ်မြောက် မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ

စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ ရွေးချယ်ဝယ်ယူစားသုံးနိုင်ရန်နှင့် ထုတ်လုပ်သူလုပ်ငန်းရှင်များမှလည်း စံချိန်စံညွှန်းမီ၊ အရည်အသွေးမီ ကုန်ပစ္စည်းများထုတ်လုပ်လာစေရေးရည်ရွယ်၍ ၂၀၁၈ ခုနှစ် ဧပြီ ၂၆ ရက်တွင် (၄/၂၀၁၈)ကြိမ်မြောက် မကွေးခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အစည်းအဝေးကို ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ပါသည်။

ရှေးဦးစွာ မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌဦးစိုးနိုင်က သက်တမ်းလွန် ပစ္စည်းများ သိမ်းဆည်းသည့်အခါ စစ်ဆေးတွေ့ရှိရသမျှ အကုန်သိမ်းဆည်းရမည်ဖြစ်ကြောင်း၊ တစ်ဆိုင်လုံးရှိပစ္စည်းများ သက်တမ်းလွန်နေသည်ကိုတွေ့လျှင် တစ်ဆိုင်လုံးသိမ်းဆည်းရမည် ဖြစ်ကြောင်း၊ ကွင်းဆင်း စစ်ဆေးသည့်အခါတွင်လည်း တတ်နိုင်သလောက် ဥပဒေနှင့်အညီဆောင်ရွက်ပြီး ကွင်းဆင်းသည့်အခါ သတင်းမီဒီယာကို ချိတ်ဆက်ခေါ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်မည်ဖြစ်ကြောင်း၊ ကျန်အဖွဲ့ဝင်များမှလည်း ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မကွေးခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းအဖွဲ့ အတွင်းရေးမှူး ဒေါ်အေးအေးမိုးက ပြီးခဲ့သောဘဏ္ဍာနှစ်မှာ သက်တမ်းလွန်ပစ္စည်းများ ၁၇ သိန်းကျော်ဖိုး သိမ်းဆည်းနိုင်ခဲ့ပြီး အခမ်းအနားဖြင့် ဖျက်ဆီးနိုင်ခဲ့ရာ ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း၊ နည်းပညာပိုင်းအနေဖြင့်လည်း လုပ်ငန်းရှင်များကို အသိပညာပေးခြင်းဖြင့် ပံ့ပိုးပေးရမှာဖြစ်ကြောင်း၊ မိမိတို့အဖွဲ့မှ သက်တမ်းလွန် ပစ္စည်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသည့်အတွက် အခြားတိုင်းများမှ မုန့်များမှာ Expire Date ထည့်သွင်းမလာတော့သည်ကို စစ်ဆေးတွေ့ရှိရသည့်အတွက် မိမိတို့ဒေသတွင်း မုန့်များတွင် စားသုံးသူဥပဒေနှင့်အညီ အချက်အလက်များ ပါဝင်အောင် ဆောင်ရွက်နေမှုနှင့်အတူ အခြားတိုင်းများမှ ဝင်ရောက်လာသည့်မုန့်များတွင်လည်း အချက်အလက် မပြည့်စုံပါက ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းသွားရန် လိုပါကြောင်း ဆွေးနွေးတင်ပြခဲ့ရာ ဥက္ကဋ္ဌက ဒေသတွင်းထုတ်လုပ်သည့် အချိုရည်များကို FDA မှ အမြန်ဆုံးစစ်ဆေးဆောင်ရွက်သွားရန်အတွက် လိုအပ်သည့် နည်းလမ်းအစီအမံများကို FDA မှ တင်ပြစေရန်နှင့် ထုတ်လုပ်သည့်ထောက်ခံချက်မရသေးမီ လုပ်ငန်းများကို ယာယီရပ်ဆိုင်းထားရန်လိုကြောင်း ဆွေးနွေးခဲ့ရာ တက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသို့ အဖွဲ့ဝင်စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့သည်ဟု သိရှိရသည်။ **စန္ဒာစိုးလွင် (မကွေး)**



# အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ

# စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ကုန်သွယ်မှုအခြေအနေ



အိန္ဒိယနိုင်ငံ၏ စီးပွားရေးတွင် လယ်ယာကဏ္ဍသည် နိုင်ငံ GDP ၏ ၁၆ ဒသမ ၈ ရာခိုင်နှုန်း ပါဝင်နေပြီး စုစုပေါင်းလုပ်သားအင်အား၏ ၄၇ ရာခိုင် နှုန်းရှိနေပါသည်။ အိန္ဒိယနိုင်ငံသည် မြေအကျယ်အဝန်း ဟက်တာ ၃၂၉ သန်းရှိသည့်အနက် စိုက်ပျိုးနိုင်သည့် မြေဧရိယာမှ ဟက်တာ ၁၅၆ သန်းရှိသဖြင့် ကမ္ဘာပေါ်တွင် အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယမြောက် စိုက်ပျိုးနိုင်သည့်မြေ အများဆုံး ပိုင်ဆိုင်သည့် နိုင်ငံလည်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင်သီးနှံများကို အဓိကစိုက်ပျိုး ရာသီနှစ်ခုဖြစ်သည့် Kharif (မိုးရာသီ) (ဇူလိုင်မှ အောက်တိုဘာအထိ) နှင့် Rabi (ဆောင်းရာသီ)(အောက်တိုဘာမှမတ်လအထိ) တို့တွင် စိုက်ပျိုးထုတ်လုပ်ပြီး မတ်လမှဇွန်လအတွင်း နွေသီးနှံများ ကြားညှပ်စိုက်ပျိုးကြသည်။ အိန္ဒိယနိုင်ငံ၏အဓိကစားသုံး သီးနှံများမှာ ဆန်၊ ဂျုံ၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှံစား သီးနှံများနှင့် ဆီထွက်သီးနှံများဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံစိုက်ပျိုးမှုအခြေအနေကို လေ့လာကြည့်ပါက အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ် တွင် ပဲအများဆုံးစိုက်ပျိုးသည့် နိုင်ငံဖြစ်သော်လည်း ပဲမျိုးစုံမှာ သီးနှံစိုက်ပျိုးမှု စုစုပေါင်း၏ ခြောက်ရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းသာရှိပါသည်။ ပဲမျိုးစုံသည် အခြားသီးနှံများထက် အသားဓာတ်ကြွယ်ဝစွာရရှိနိုင်ပြီး ကြားသီးနှံအဖြစ် စိုက်ပျိုးနိုင်သည်။

ပဲမျိုးစုံကို ရာသီသုံးခုဖြစ်သော Kharif (မိုးရာသီ)၊ Rabi (ဆောင်းရာသီ)နှင့် Summer (နွေရာသီ)တို့တွင် စိုက်ပျိုးပြီး ရာသီအလိုက် စိုက်ပျိုးသည့် ပဲအမျိုး အစားများမှာ Kharif (မိုးရာသီ) တွင် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် Lobia (Cowpea) ၊ Kulthi (Horsegram) နှင့် Moth ပဲများကိုလည်းကောင်း၊ Rabi (ဆောင်း ရာသီ)တွင် ကုလားပဲ၊ ပဲနီလေး၊ ပဲလုံး၊ Lathyrus နှင့် Rajmash ပဲမျိုးများကိုလည်းကောင်း၊ နွေရာသီတွင် ပဲတီစိမ်း၊ မတ်ပဲနှင့် Cowpea တို့ကိုလည်းကောင်း စိုက်ပျိုးကြပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်းပဲစိုက်ပျိုး မှုသည် အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ အလယ်ပိုင်းနှင့် တောင်ပိုင်းသို့ ရွှေ့လျားရောက်ရှိလာပြီး ပဲများကို အဓိကအားဖြင့် Madhya Pradesh, Maharashtra, Rajasthan, Andhra Pradesh, Karnataka and Uttar Pradesh စသည့် ပြည်နယ်ခြောက်ခုတွင် အဓိက စိုက်ပျိုးကြပါသည်။

အိန္ဒိယနိုင်ငံမှ တောင်သူလယ်သမားများ အနေဖြင့် ပဲစိုက်ပျိုးထုတ်လုပ်ရာတွင် ဈေးနှုန်း မတည်ငြိမ်ခြင်း၊ ပဲအမျိုးမျိုးမှာ Public Distribution System (PDS) တွင် မပါဝင်ခြင်း၊ ရောင်းချရာတွင် MSP ဈေးနှုန်းအောက်သာ လျော့နည်းရရှိခြင်း စသည့်အခက်အခဲများ ကြုံတွေ့ကြရသဖြင့် Public Distribution System (PDS) အရ အထူးအခွင့်အရေးရရှိသည့် ဆန်နှင့်ဂျုံကိုစိုက်ပျိုးရန်နဲ့ ဝါနှင့် သကြားကဲ့သို့ ဝင်ငွေကောင်းသောသီးနှံများကို စိုက်ပျိုးရန် အများဆုံး စိတ်ဝင်စားကြပါသည်။ လယ်သမားများအနေဖြင့် တစ်ဟက်တာလျှင် ကီလိုဂရမ် ၈၀၀ သာထွက်ရှိသော ပဲအထွက်နှုန်းနှင့်နှိုင်းယှဉ်ပါက တစ်ဟက်တာလျှင်ကီလိုဂရမ် ၃၀၀၀ မှ ၄၀၀၀ ထွက်ရှိသည့် ဂျုံကို ပြောင်းလဲစိုက်ပျိုးလာကြပါသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပဲအမျိုးအစား အလိုက် ပျမ်းမျှစိုက်ဧက၊ အထွက်နှုန်းနှင့် ထုတ်လုပ်မှုတို့ကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်-

| ပဲအမျိုးအစား | စိုက်ပျိုးသည့်ဧရိယာ (ဟက်တာ - သိန်း) | ထုတ်လုပ်မှု (တန်ချိန် သိန်း) | အထွက်နှုန်း (ကီလိုဂရမ်/ ဟက်တာ) |
|---|---|---|---|
| ပဲစင်းငုံ | ၄၀. ၂၈၃ (၁၇ ရာခိုင်နှုန်း) | ၂၉.၇၉၅ (၁၇ ရာခိုင်နှုန်း) | ၇၄၀ |
| မတ်ပဲ | ၃၃.၃၃၄ (၁၄ ရာခိုင်နှုန်း) | ၁၈.၈၆ (၁၁ ရာခိုင်နှုန်း) | ၅၆၆ |
| ပဲတီစိမ်း | ၃၃.၃၇၅ (၁၄ ရာခိုင်နှုန်း) | ၁၅.၃၈၃ (၉ ရာခိုင်နှုန်း) | ၄၆၁ |
| ကုလားပဲ | ၈၈.၄၃၂ (၃၇ ရာခိုင်နှုန်း) | ၈၂.၉၁၄ (၄၇ ရာခိုင်နှုန်း) | ၉၃၈ |
| ပဲနီလေး | ၁၃.၉၀၁ (၆ ရာခိုင်နှုန်း) | ၁၀. ၉၂၉ (၆ ရာခိုင်နှုန်း) | ၇၈၆ |
| အခြားပဲ | ၃၀. ၂၇၈ (၁၃ ရာခိုင်နှုန်း) | ၁၉. ၁၂၂ (၁၁ ရာခိုင်နှုန်း) | ၂၄၄၈ |
| စုစုပေါင်း | ၂၃၉ . ၆၀၃ | ၁၇၇ . ၀၀၃ | ၇၃၉ |

## ကောခိုင်ကျော် (နှစ်နိုင်ငံ)

အိန္ဒိယမိုးလေဝသဌာန၏ အနောက်တောင်မုတ်သုံလေ ဝင်ရောက်မည့်ခန့်မှန်းချက်အား ဧပြီလ ဒုတိယပိုင်းတွင်ဖော်ပြမည်ဖြစ်ပြီး ပုဂ္ဂလိကခန့်မှန်း ချက်များအရ အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် ပုံမှန်မုတ်သုံမိုးရရှိမည်ဟု သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှုနှင့်ထွက်ရှိမှုအခြေအနေကို လေ့လာကြည့်ပါက အိန္ဒိယနိုင်ငံတွင် ၁၉၅၀-၅၁ ခုနှစ်မှ ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း ပဲမျိုးစုံစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုမှာ သိသိသာသာ တိုးတက်လာခြင်းမရှိသော်လည်း ၂၀၁၀-၂၀၁၁ ခုနှစ် နောက်ပိုင်းမှ စတင်၍ စိုက်ပျိုးသည့်ဧရိယာနှင့် ထုတ်လုပ်မှုမှာ တိုးတက်လာခဲ့ပြီး ၁၉၅၀-၅၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပဲမျိုးစုံ ထွက်ရှိမှုမှာ ၆၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။

အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံထုတ်လုပ်မှုတိုးတက်လာစေရန် The Ministry of Agriculture & Farmers Welfare, Department of Agriculture, Cooperation & Farmers Welfare (DAC&FW) အောက်တွင် The Directorate of Pulses Development (DPD) ဌာနအား ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံထွက်ရှိမှုတိုးတက်လာစေရန် ၁၉၅၁-၁၉၅၆ ခုနှစ်မှစတင်၍ ငါးနှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး အိန္ဒိယအစိုးရအနေဖြင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန် National Food Security Mission–Pulses၊ Accelerated Pulses Production Programme(A3P)၊ Special initiatives for pulses and oilseeds in dry land areas of 60000 villages programme၊ Integrated Development of 60000 Pulses villages in Rainfed Areas၊ Special Plan to achieve 19+ million tonnes of Pulses production during Kharif 12-13၊ Macro Management of Agriculture (MMA) စသည့် အစီအစဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အိန္ဒိယအစိုးရလယ်ယာစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားအကျိုးစီးပွားဝန်ကြီးဌာနမှ ထုတ်ပြန်သော Agricultural Statistics at a glance-2016 အစီရင်ခံစာပါ အချက်အလက်များအရ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ပဲမျိုးစုံ အများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် တန်ချိန် သန်း၂၀ ထုတ်လုပ်ခဲ့၍ ကမ္ဘာ့စုစုပေါင်း ပဲမျိုးစုံထုတ်လုပ်မှု၏ ၂၅ ဒသမ ၈ ရာခိုင်နှုန်းရှိနေပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံစိုက်ပျိုး သည့် ဧရိယာ ဟက်တာ ၁၆ ဒသမ ၉ သန်းမှ တန်ချိန် ၂၃ ဒသမ ၉ သန်း စံချိန်တင် ထုတ်လုပ်နိုင်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ထွက်ရှိမှု တန်ချိန် ၂၃ ဒသမ ၁ သန်းထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဆောင်းရာသီ(Rabi)အတွက် မျှော်မှန်းထားသည့် ပဲအထွက်နှုန်းမှာ တန်ချိန် ၁၄ ဒသမ ၁၅ သန်းရှိသည့်အနက် ကုလားပဲမှာ တန်ချိန် ၉ ဒသမ ၇၅ သန်း၊ ပဲနီလေးမှာ တန်ချိန် ၁ ဒသမ ၄သန်းခန့်နှင့် ပဲလုံး (field peas) တန်ချိန် တစ်သန်းခန့် ထွက်ရှိမည်ဟု ခန့်မှန်းထားပါသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပဲမျိုးစုံ အဓိက စိုက်ပျိုးသည့် ပြည်နယ်သုံးခုနှင့် ထုတ်လုပ်မှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| သီးနှံ အမျိုးအစား | အဓိက စိုက်ပျိုးသည့် ပြည်နယ် | စိုက်ပျိုးမြေ ဧရိယာ (ဟက်တာ သန်း) | ထုတ်လုပ်မှု (တန်ချိန် သန်း) |
|---|---|---|---|
| ပဲအမျိုးမျိုး | Madhya Pradesh | ၅. ၇၆ | ၅. ၁၂ |
| | Rajasthan | ၃. ၈၇ | ၁. ၉၅ |
| | Maharashtra | ၃. ၃၆ | ၁. ၄၁ |
| | **All - India** | ၂၅. ၂၆ | ၁၆. ၄၇ |

Source: Pocket Book of Agricultural Statistics 2016

အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် ပဲမျိုးစုံ ထုတ်လုပ်မှုကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

(တန်ချိန်-သန်း)

| ပဲအမျိုးအစား | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ |
|---|---|---|---|
| ကုလားပဲ | ၇.၁ | ၉.၄ | ၁၁.၁ |
| ပဲစင်းငုံ | ၂.၆ | ၄.၉ | ၄ |
| မတ်ပဲ | ၁.၉ | ၂.၈ | ၃.၂ |
| ပဲတီစိမ်း | ၁.၆ | ၂.၂ | ၁.၇ |
| အခြားပဲများ | ၃.၁ | ၃.၈ | ၃.၉ |
| ပဲမျိုးစုံစုစုပေါင်း | ၁၆.၃ | ၂၃.၁ | ၂၃.၉ |

Source: April, 2018 Pulses Market Report

အိန္ဒိယနိုင်ငံအနေဖြင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရာတွင် အိန္ဒိယနိုင်ငံ၏ လယ်ယာကဏ္ဍသည် မိုးရေရရှိမှုအပေါ် မူတည်နေပြီး ပဲမျိုးစုံကိုမိုးရေရ ရှိသည့် ဒေသများတွင်စိုက်ပျိုးကြသဖြင့် ပုံမှန်မိုးရေချိန်အောက် လျော့နည်းခြင်းနှင့် လုံလောက်သည့် ရေသွင်းစိုက်ပျိုးနိုင်မှုမရှိခြင်းတို့သည် ပဲမျိုးစုံ ထုတ် လုပ်မှုအပေါ် အကျိုးသက်ရောက်ခြင်း၊ အိန္ဒိယနိုင်ငံ ၏ ရာသီဥတုအခြေအနေ (မြေအမျိုးအစား ၊ မိုးရေချိန် ၊ အပူချိန်) သည် ပဲမျိုးစုံစိုက်ပျိုးမှုအတွက် သင့်တော်မှုနည်းပါးခြင်းနှင့် တစ်နှစ်ပတ်လုံးနှင့် နိုင်ငံတစ်ဝန်း ပဲမျိုးစုံစိုက်ပျိုးနိုင်မှုမရှိခြင်း၊ အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံအတွက် သုတေသနဆောင်ရွက်မှုအားနည်း၍ အထွက်နှုန်းကောင်းမျိုးစိတ်များ မရှိသောကြောင့် လယ်သမားများသည် စိုက်ပျိုးမှုနည်းလမ်းအဟောင်းများကိုသာ အသုံးပြုသဖြင့် အထွက်နှုန်း လျော့နည်းခြင်း၊ အစိုးရမှပဲမျိုးစုံအတွက် အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ပေးသော်လည်း ဆန်နှင့်ဂျုံကဲ့သို့ ထိရောက်မှုမရှိသဖြင့် အိန္ဒိယလယ်သမားများသည် ပဲမျိုးစုံအစားစပါးနှင့်ဂျုံကိုသာ စိုက်ပျိုးရန်ဦးစားပေးရွေးချယ်ခြင်း စသည့် စိန်ခေါ်မှုများကို ကြုံတွေ့နေရကြောင်း သိရှိရပါသည်။

ဆက်လက်ဖော်ပြပါမည်။

# စက်မှုဇုန်များတည်ထောင်ကာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ဖိတ်ခေါ်

မြန်မာနိုင်ငံတွင် စက်မှုဇုန်များတည်ထောင်ကာ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် စိတ်ဝင်စားသော နိုင်ငံများရှိနေပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့်လည်း ဖိတ်ခေါ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြော ကြားသည်။

ဧပြီ ၂၄ ရက်က ရန်ကုန်မြို့၊ သစ္စာလမ်းရှိမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ယခုလိုပြောကြားခဲ့ခြင်း ဖြစ်သည်။

“တခြားနိုင်ငံတွေကလည်း စက်မှုဇုန်တွေတည်ထောင်၊ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်မယ်ဆိုပြီး အဆိုပြုတာတွေရှိပါတယ်။ ကော်မရှင်အနေနဲ့ကတော့ ခွင့်ပြုပေးလို့ရတယ်။ ဒါပေမယ့် စက်မှုဇုန်ထောင်မယ့်မြေကတော့ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရက လက်ခံတဲ့နေရာ၊ ရွေးချယ်ထားတဲ့မြေနေရာဒါတွေပြည့်စုံပြီဆိုရင် ကော်မရှင်ကိုလာတင် ပြီးတဲ့အခါ ကော်မရှင်က ခွင့်ပြုပေးလို့ရပါတယ်။ စက်မှုဇုန်ထောင်တယ်ဆိုတာကလည်း MIC က promote လုပ်တဲ့ကိစ္စရပ်တွေထဲမှာ ပါတယ်။ သတ်မှတ်တဲ့အချက်အလက်တွေပြည့်စုံရမယ်၊ တိုင်းဒေသကြီး အစိုးရက ခွင့်ပြုရမယ်၊ မြေနဲ့ပတ်သတ်လို့ ရှင်းရှင်းလင်းလင်းဖြစ်မယ်ဆိုရင် ခွင့်ပြုပေးလို့ ရပါတယ်။ တခြားစက်မှုဇုန်တွေ လုပ်ချင်ရင်လည်း ဖိတ်ခေါ်ပါတယ်”ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် ညောင်နှစ်ပင်ဒေသတွင်လည်း ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမည့် စက်မှုဇုန်စီမံကိန်းကို ဆောင်ရွက်ရန် ညှိနှိုင်းမှုများရှိကြောင်း သိရသည်။

“ကိုရီးယားတွေက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိုးအိမ်ဦးစီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ညောင်နှစ်ပင်မှာ စက်မှုဇုန်ထောင်ဖို့ရှိတယ်။ ဒါကိုလည်း သဘောတူညီချက်တွေ ရရှိသွားပါပြီ။ ကော်မရှင်ကိုတော့ မတင်ရသေးဘူး။ စိစစ်ပြီးတော့ခွင့်ပြုမယ်။ စက်မှုဇုန်ထောင်ပြီးတော့ ကိုရီးယားရင်းနှီးမြှုပ်နှံမှုတွေ လုပ်မယ်လို့ပြောတယ်” ဟု ဦးအောင်နိုင်ဦးက ပြောသည်။

■

# တယ်လီနောနှင့် Ericsson တို့ ပူးပေါင်း၍ အင်တာနက်မြန်နှုန်းစမ်းသပ်မှုပြုလုပ်ခဲ့

တယ်လီနောနှင့် Ericsson Myanmar တို့ ပူးပေါင်း၍ အင်တာနက် မြန်နှုန်းစမ်းသပ်မှုတစ်ရပ်ကို လုပ်ဆောင်ခဲ့ရာ မြန်မာနိုင်ငံတွင် အမြင့်ဆုံးမြန်နှုန်းစံချိန်သစ်ဖြစ်သည့် တစ်စက္ကန့်လျှင် 1Gbps အထိ ရရှိခဲ့ကြောင်း သတင်းရရှိ သည်။

“ ဒီနေ့ရရှိခဲ့တဲ့ Gigabit 4GLTE စမ်းသပ်မှုက မြန်မာနိုင်ငံနဲ့ မြန်မာ့ဆက်သွယ်ရေးကဏ္ဍအတွက် မှတ်တမ်းတင် လောက်တဲ့အောင်မြင်မှုတစ်ရပ်ပဲဖြစ်ပါတယ်။ တယ်လီနောအနေနဲ့ မြန်မာနိုင်ငံမှာ အမြန်ဆုံးနဲ့ အတည်ငြိမ်ဆုံး အင်တာနက်ကွန်ရက်ကို တည်ထောင်ထားပြီးဖြစ်သလို ယနေ့ပြုလုပ်တဲ့ မြန်နှုန်းစမ်းသပ်မှုက ကျွန်တော်တို့ရဲ့ ကွန်ရက်ဟာ အနာဂတ်ကာလမှာ ပိုမို မြင့်မားလာမယ့် ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ အသင့်ရှိနေပြီ ဆိုတာကို ပြသနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒီနေ့ အောင်အောင်မြင်မြင်ရရှိခဲ့တဲ့ရလဒ်က 5Gb မြန်နှုန်းအဆင့်အထိ ရောက်ရှိခဲ့ပြီဖြစ်သလို တယ်လီနောရဲ့ကွန်ရက် တိုးတက်မှုအတွက်လည်းအရေးပါလှတဲ့ ခြေလှမ်းတစ်ရပ်ကို




လှမ်းနိုင်ခဲ့တာပဲ ဖြစ်ပါတယ်”ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann က ပြောကြားသည်။

အဆိုပါ အမြန်နှုန်းစမ်းသပ်မှုတွင် ပုံမှန် စမတ်ဖုန်းတစ်ခုကို အခြေခံကာ အဓိက LTE နည်းပညာများဖြစ်သည့် 256 QAM၊ 4x4 MIMO နှင့် Carrier Aggregation တို့ကို အသုံးပြုပြီး လိုင်စင်ရနှင့် ခွင့်ပြုချက်ရလိုင်စင်မဲ့လှိုင်းနှုန်းစဉ်များ ပေါင်းစပ်ကာ စမ်းသပ်ခဲ့ရာမှ အမြန်နှုန်းစံချိန်သစ်အဖြစ် တစ်စက္ကန့်လျှင် 1Gbps အထိ ရရှိခဲ့ခြင်းဖြစ်သည်။

Ericsson Myanmar ၏ မြန်မာနိုင်ငံဆိုင်ရာတာဝန်ခံ Eric Timmer က “ဗီဒီယိုအသုံးပြုမှု ပိုမိုမြင့်မားလာတာနဲ့အတူ ၂၀၂၂ခုနှစ်မှာ ကမ္ဘာတစ်လွှားမိုဘိုင်းဒေတာအသုံးပြုမှုက အခုထက် ၈ ဆ ပိုများလာမယ်လို့ မျှော်လင့်ပါတယ်။ အဲဒီခေတ်ရေစီးထဲမှာ မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ပါတယ်။ တယ်လီနောအနေနဲ့ မြန်မာနိုင်ငံက သုံးစွဲသူတွေအတွက် ပြိုင်ဖက်ကင်းတဲ့ စွမ်းဆောင်ရည်နဲ့ အတွေ့အကြုံတွေပေးစွမ်းနိုင်ဖို့အတွက် Licensed Assisted Access (LAA) အပါအဝင် Ericsson ရဲ့ Gigabite LTE နည်းပညာတွေက စွမ်းဆောင်ပေးနိုင်မှာပါ”ဟု ဆိုသည်။

ယခုလို မှတ်တမ်းတင်နိုင်ခဲ့ခြင်းက Gigabite LTE နှင့် မြန်မာနိုင်ငံတွင် 5G နည်းပညာ အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်ရန် တယ်လီနောနှင့် Ericsson Myanmar တို့၏ပူးပေါင်းမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း သိရသည်။

# ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ စံချိန် မီတစ်မတ်သားရွှေဒင်္ဂါးများ ဗဟိုဘဏ်မှ ရောင်းချမည်

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ စံချိန်မီ တစ်မတ်သားရွှေဒင်္ဂါးများကို ဗဟိုဘဏ်မှရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတင်းရရှိသည်။

ယခုရောင်းချမည့် အသစ်သွန်းလောင်းထားသော တစ်မတ်သားရွှေဒင်္ဂါး၏မျက်နှာပြင်ဗဟိုတွင် မြန်မာ့လွတ်လပ်ရေးဖိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံနှင့်အောက်တွင် Aung San အမည်ပါရှိပြီး ဒင်္ဂါး၏ အနားပတ်လည်တွင် ‘Central Bank of Myanmar’၊ ‘4.082 gm 999.9 Fine Gold’ ဟု အင်္ဂလိပ်စကားလုံးဖြင့် ဖော်ပြထားကြောင်း၊ အခြားတစ်ဖက်မျက်နှာပြင်တွင် ‘မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၂၀၁၈၊ ၁ မတ်သား၊ ၉၉၉ ဒသမ ၉ သန့်စင်ရွှေ’ ဟု မြန်မာစကားလုံးဖြင့် ဖော်ပြထားကြောင်း သိရသည်။

တစ်မတ်သားရွှေဒင်္ဂါးများကို ဝယ်ယူသည့်အခါ ရွှေဒင်္ဂါးပြားနှင့်အတူ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် သွန်းလောင်းထားသည့်ဌာနအကြီးအကဲတို့၏ မှန်ကန်ကြောင်း ထောက်ခံချက်များတစ်ပေါင်းတည်းပါရှိမည်ဖြစ်ပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ အရောင်းဆိုင်များတွင် နေ့စဉ်ပေါက်ဈေးအပေါ် အလျော့တွက်နှင့် ကုန်ကျစရိတ် ကျပ် ၁၂၅၀၀ ထပ်ပေါင်းသည့် ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် တစ်ကျပ်သား၊ ငါးမူးသား၊ တစ်မတ်သား စံချိန်မီ ရွှေဒင်္ဂါးများကို ၁၉၉၁ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည်။

■

## ၁၄ ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း တစ်သိန်းကျော်ကို ချီးမြှင့်မည်

၂၀၁၈ ခုနှစ် မေ ၁ ရက်တွင် ကျင်းပမည့် ၁၄ ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ကျပ်သိန်းတစ်သောင်းဆုအပါအဝင် ဆုမဲပေါင်းတစ်သိန်းကျော်ကို ဖွင့်လှစ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရ သည်။

၁၀ ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ကျပ် သိန်းတစ်သောင်းဆု တစ်ဆု၊ ကျပ်သိန်းငါးထောင်ဆုနှစ်ဆု၊ ကျပ်သိန်း သုံးထောင်ဆု နှစ်ဆု၊ ကျပ်သိန်းတစ် ထောင်ဆု သုံးဆု၊ ကျပ်သိန်းငါးရာဆု ငါးဆု၊ ကျပ်သိန်းသုံးရာဆု ခုနှစ်ဆု၊ ကျပ် သိန်းတစ်ရာဆု ရှစ်ဆု၊ ကျပ်သိန်း ငါးဆယ်ဆုကိုးဆု၊ ကျပ်သိန်းသုံးဆယ်ဆု ကိုးဆု၊ ကျပ်ဆယ်သိန်းဆု (၁၂)ဆု၊ ကျပ်သုံးသိန်းဆု (၁၀၀)ဆု၊ ကျပ်နှစ် သိန်းဆု (၁၀၀၀)ဆု၊ ကျပ်တစ်သိန်းဆု (၁၃၀၀၀)ဆု၊ ကျပ်ငါးသောင်းဆု (၁၁၀၀၀၀)ဆုတို့ ပါဝင်သည့် စုစုပေါင်း ဆုမဲပေါင်း တစ်သိန်းနှစ်သောင်းလေးထောင့်တစ်ရာငါးဆယ့်ရှစ်ဆုကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေ သိန်းဆုဌာနခွဲမှ ဧပြီ ၂၆ ရက်နေ့စွဲ ဖြင့် ကြေညာချက်ထုတ်ပြန်ထားသည်။

ကျပ် ၅၀၀ တန်အောင်ဘာလေ သိန်းဆုစနစ်ကို ၂၀၁၇ ခုနှစ်ဧပြီလတွင် စတင်ခဲ့ပြီး အမြင့်ဆုံးဆုအဖြစ် ကျပ်သိန်းတစ်သောင်း သတ်မှတ်ထားသည်။

# BABETT EATERY & BAR ၏ ဧပြီလနှင့် မေလအတွက် အသားပွဲတော်စတင်

ဧပြီလနှင့် မေလအတွက် ပြုလုပ်မည့် Babett အသားပွဲတော်တွင် Babett ၏စားဖိုမှူးဖြစ်သူ Christophe Buzare က အမဲသား၊ သိုးသားနှင့် ဝက်သားတို့ကို ချက်ပြုတ် ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စားသုံးသူများအနေဖြင့် ဧပြီနှင့် မေလအတွင်း ဝိုင်ပရိုမိုးရှင်းကိုလည်း ရရှိမည်ဖြစ်ပြီး ‘Cabernet Sauvignon’ မှ စပျစ်အရသာဝိုင်တစ်ပုလင်းကို ကျပ်သုံးသောင်းဖြင့် သောက်သုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Babett ၏ အသားပွဲတော်တွင် နူးညံ့ပြီးအရသာရှိသည့်အပြင် ခရမ်းချဉ်ပစ္စည်းနှင့် ဟော်မုန်းပါဝင်မှုရာနှုန်းပြည့်ကင်းရှင်းသော စကော့တလန်နိုင်ငံမှ နွားမည်းသား၏ ရင်ပုံသားကင်ကို ကျပ်ခြောက်သောင်းဖြင့်လည်းကောင်း၊ နံရိုးသားကင်ကို ကျပ်ရှစ်သောင်းငါးထောင်ဖြင့်လည်းကောင်း ဝယ်ယူစားသုံးနိုင်မည်ဖြစ်သည်။

မြေထဲပင်လယ်ဒေသမှ ဝက်မည်းဖြစ်သော Iberico ဝက်ကို ဟင်းခတ်အမွှေးအကြိုင်များနှင့် ချက်ပြုတ်ထားပြီး ခံတွင်းတွေ့ဖွယ် ‘Marengo’ စတိုင်ဝက်သားကို ကျပ်သုံးသောင်းငါးထောင်ဖြင့်လည်းကောင်း၊ ဝက်ဂုတ်သားကို ကျပ် သုံးသောင်းကိုးထောင်ဖြင့်လည်းကောင်း၊ စီချွမ်ငရုတ်ကောင်းဖြင့် ပြင်ဆင်ထားသော ဝက်ပေါင်ရင်းသားကို ကျပ် လေးသောင်းသုံးထောင်ဖြင့်လည်းကောင်း စားသုံးနိုင်မည်ဖြစ်သလို ဂျပန်နိုင်ငံရှိ Kobe အမဲသားနှင့် မျိုးဖောက်ထားသည့် Wagyu-Kobe အမဲနံရိုးကင်ကို ကျပ်လေးသောင်းငါးထောင်ဖြင့် စားသုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံမှ သိုးသားကို အသင့်အတင့်ကျက်သည်အထိ ဟင်းခတ်အမွှေးအကြိုင်များဖြင့် ချက်ပြုတ်ထားသော သိုးသားဟင်းလျာကိုလည်း ကျပ်နှစ်သောင်းငါးထောင်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဟင်းလျာများကို စားသုံးလိုပါက ကြိုတင်စနစ်ဖြင့် မှာယူရမည်ဖြစ်ပြီး Babett Eatery & Bar၊ အလံပြဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၃၆၃၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သန်းထိုက်အောင်-စုစည်းတင်ပြသည်



## မြို့ကြီးများ၏ ၃၀-၄-၂၀၁၈ မှ ၄-၅-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | ၃၀-၄ -၂၀၁၈(တနင်္လာ) | ၁-၅-၂၀၁၈ (အင်္ဂါ) | ၂-၅-၂၀၁၈(ဗုဒ္ဓဟူး) | ၃ -၅-၂၀၁၈(ကြာသပတေး) | ၄-၅-၂၀၁၈(သောကြာ) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၈°C/၁၀၀°F | ၂၀% ၃၈°C/၁၀၀°F | ၂၀% ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၄°C/၉၃°F | ၄၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F |
| မန္တလေးမြို့ | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F |
| မြစ်ကြီးနား | ၆၀% ၃၅°C/၉၀°F | ၅၀% ၃၇°C/၉၁°F | ၂၀% ၃၇°C/၉၄°F | တိမ်အသင့်အတင့် ၃၇°C/၉၅°F | တိမ်အသင့်အတင့် ၃၇°C/၉၁°F |
| လားရှိုး | နေသာ ၃၂°C/၈၉°F | ၅၀% ၃၂°C/၉၀°F | ၄၀% ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F |
| ကျိုင်းတုံ | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F |
| လွိုင်ကော် | နေသာ ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၄၀% ၂၉°C/၈၄°F | ၉၀% ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၈°C/၈၃°F |
| တောင်ကြီး | ၅၀% ၁၉°C/၆၆°F | ၃၀% ၂၃°C/၇၃°F | ၄၀% ၂၁°C/၇၀°F | တိမ်အသင့်အတင့် ၁၈°C/၆၄°F | တိမ်အသင့်အတင့် ၁၁°C/၅၂°F |
| မော်လမြိုင် | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F |
| ဘားအံ | ၆၀% ၃၂°C/၉၀°F | ၅၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| တောင်ငူ | ၂၀% ၃၇°C/၉၈°F | ၂၀% ၃၆°C/၉၇°F | ၂၀% ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| မုံရွာ | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | ၁၀% ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၅°C/၉၅°F | ၅၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F |
| မြိတ် | ၁၀၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၉၀% ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| စစ်တွေ | ၂၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၂၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| မကွေး | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၇°C/၉၉°F | တိမ်အသင့်အတင့် ၃၇°C/၉၈°F |
| ဖလမ်း | နေသာ ၂၆°C/၇၉°F | ၄၀% ၂၆°C/၇၈°F | ၅၀% ၂၄°C/၇၆°F | တိမ်အသင့်အတင့် ၂၄°C/၇၆°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F |

# အပူပိုင်း ဆိုင်ကလုန်း မုန်တိုင်း ဖကီးကြောင့် ကမ္ဘာ့မိုးအများဆုံးဒေသ လာရီယူနီယံကျွန်းစုတွင် မိုးရွာသွန်း

အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း ဖကီးကြောင့် အိန္ဒိယသမုဒ္ဒရာ အနောက်ပိုင်းရှိ ရီယူနီယံကျွန်းစုတွင် မိုးများရွာသွန်းပြီး ရွှံ့နွံများထူထပ်ကာ ရေလွှမ်းမိုးမှုများလည်း ဖြစ်ပွားခဲ့ကြောင်း ဝဲသာဒေ့ါကွန်းဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

ဧပြီ ၂၄ ရက်က ဖြစ်ပွားခဲ့သော ဖကီးဆိုင်ကလုန်းမုန်တိုင်း၏ ဗဟိုချက်မသည် ရီယူနီယံကျွန်းစု၏ အရှေ့ဘက်တွင်စတင်၍ ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်။ ရီယူနီယံကျွန်းစုသည် မီးတောင်ကျွန်းတစ်ကျွန်းဖြစ်ပြီး မဒက်ဂတ်စတာကျွန်း၏ အရှေ့ဘက်မိုင် ၄၂၀ အကွာတွင်ရှိသည့် ကမ္ဘာပေါ်တွင် မိုးအသည်းထန်ဆုံး ရွာသွန်းသောဒေသဖြစ်သည်။

ဖကီးမုန်တိုင်းသည် ကျွန်းစု၏ အရှေ့ဘက်ကို ဖြတ်ကျော်ချိန်တွင် Saffir Simpsom Hurricane Wind Scale အရ အဆင့်-၁ အထိ ရောက်ရှိပြီးနောက် ပြန်လည်အားပျော့လာမည်ဟု ခန့်မှန်း ထားသည်။

ရီယူနီယံကျွန်းစု အရှေ့တောင်ပိုင်းတွင် ဧပြီ ၂၄ ရက်က ဒေသစံတော်ချိန် ညနေ ၆ နာရီအထိ ၂၄ နာရီအတွင်း ရွာသွန်းသော မိုးရေချိန်မှာ ၄၂၂ မီလီမီတာ ( ၁၆ ဒသမ ၆၁ လက်မ) ရှိခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အထူးသဖြင့် ရီယူနီယံကျွန်းစု၏ အရှေ့ဘက်ဒေသ ဧရိယာထက်ဝက်ခန့်မှာ ရေလွှမ်းမိုးမှုများဖြစ်ပေါ်ကာ ရွှံ့နွံများထူထပ်ခဲ့သည်။

ဖကီးမုန်တိုင်းသည် ယခုနှစ်တွင် ထူးထူးခြားခြား နောက်ကျ၍ ရောက်ရှိလာခြင်းဖြစ်ကြောင်း မိုးလေဝသဌာနတစ်ခုဖြစ်သည့် Meteo France က ပြောသည်။

အိန္ဒိယသမုဒ္ဒရာတွင် ဟာရီကိန်းမုန်တိုင်း ဖြစ်ပွားသော ရာသီမှာ နိုဝင်ဘာနှင့် ဧပြီလအတွင်း ဖြစ်သည်။ အပြင်းထန်ဆုံးဖြစ်ပွားသော လများမှာ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လတို့ဖြစ်သည်။ ၁၉၉၆ ခုနှစ် ဧပြီ ၁၀ ရက်တွင် ရီယူနီယံကျွန်းသို့ Han Sella မုန်တိုင်းဝင်ရောက်ခဲ့ခြင်းမှာ နောက်အကျဆုံး ဝင်ရောက်မှု ဖြစ်ပြီး ယခုအကြိမ်သည် နောက်အကျဆုံး ဝင်ရောက်ရာတွင် ဒုတိယအကြိမ်မြောက် ဖြစ်သည်။

**ဉာဏ်တင်**

# မြူမှုန်လေထုညစ်ညမ်းမှု ကာကွယ်ရေး အာဆီယံသဘောတူညီချက်အတိုင်း အကောင်အထည် မဖော်နိုင်သေး

နယ်စပ်ဖြတ်ကျော် မြူမှုန်လေထုညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (Asean Agreement on Transboundary Haze Pollution -AATHP) သဘောတူညီချက်ကို အကောင်အထည်မဖော်နိုင်သည့်အတွက် အရှေ့တောင်အာရှဒေသ၏ မြောက်ဘက်ပိုင်းဒေသများတွင် မြူမှုန်များသည့် ကာလရှည်ကြာစွာနှင့် ပြင်းထန်စွာဖြစ်ပေါ်လျက်ရှိကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် မြူမှုန်ကင်းလွတ်သော အာဆီယံဒေသ ဖြစ်ပေါ်ရေးမှာ အလှမ်းဝေးနေဆဲဖြစ်ကြောင်း ဧပြီ ၂၄ ရက်က သဘာဝပတ်ဝန်းကျင်ပညာရှင်တို့၏ ပြောကြားချက်ကို ထိုင်းနိုင်ငံမှနေးရှင်းသတင်းတွင် ဖော်ပြသည်။

နိုင်ငံစုံကော်ပိုရေးရှင်းများ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်သော ကန်ထရိုက်လယ်ယာစနစ်သည် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ ခြောက်သွေ့ရာသီတွင် မြူမှုန်လေထု ညစ်ညမ်းမှုဖြစ်ပွားရခြင်းနှင့် အာဆီယံမြောက်ပိုင်းဒေသတွင် ရာသီအလိုက် မြူမှုန်ညစ်ညမ်းမှု ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းတရားဖြစ်ကြောင်း Greenpeace အဖွဲ့ကပြောသည်။ ထို့ကြောင့် ပိုမိုတင်းကျပ်သော စည်းမျဉ်း၊ စည်းကမ်း များထုတ်ပြန်၍ နိုင်ငံစုံ အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းကြီးများကို ထိန်းချုပ်ရန် Greenpeace က နှိုးဆော်လျက်ရှိသည်။

ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် အမှုန် ၂ ဒသမ ၅ မက်ကရွန် (PM2.5 ) ထက်သေးငယ်သော အမှုန်များကြောင့် ဖြစ်ရသည့် လေထုညစ်ညမ်းမှုမှာ အနည်းငယ် တိုးတက်မှုရှိသော်လည်း ချင်းမိုင်နှင့် လမ်ပန်ကဲ့သို့သော အချို့နေရာများတွင်ရှိသော PM2.5 ၏ နေ့စဉ်ပျမ်းမျှပါဝင်မှုအဆင့်မှာ နိုင်ငံအတွင်း၌ ဘေးအန္တရယ်ကင်းသည်ဟု သတ်မှတ်ထားသော ပျမ်းမျှအဆင့်ထက် မြင့်မားနေဆဲဖြစ်သည်။

ထုံးစံအားဖြင့် ယခုနှစ်တွင် မြောက်ပိုင်းဒေသရှိမြူမှုန်ညစ်ညမ်းမှုပြဿနာမှာ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ယခုနှစ် ယခုအချိန်တွင် ပိုမိုပြင်းထန်လျက်ရှိသည်။ ချင်းမိုင်နှင့် လမ်ပန်နယ်မြေတို့တွင် ဒုက္ခဖြစ်စေနိုင်သော လေထုညစ်ညမ်းမှုအဆင့်အထိ ရှိနေသေးကြောင်း ညစ်ညမ်းမှုထိန်းချုပ်ရေးဌာန၏ လေထုညစ်ညမ်းမှုစောင့်ကြည့်ရေးအစီအစဉ်က ပြောသည်။ **ဉာဏ်တင်**

# ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့မဈေးကြီးအတွင်းရှိ ဆေးဆိုင်များနှင့် မုန့်အရောင်းဆိုင်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီး ဌာန (FDA) မှ ဦးဆောင်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ကျန်းမာရေး၊ စည်ပင်၊ မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာနတို့ ပူးပေါင်းပါဝင်ပြီး ဧပြီ ၂၅ ရက်က ရေကြည်မြို့နယ် အသုတ် မြို့နယ်စည်ပင်သာယာဈေးကြီး အတွင်းရှိ ဆေးအရောင်းဆိုင်များသို့ သွားရောက်၍ သက်တမ်းလွန်ဆေးဝါးများ၊ ဆေးဝါးမှတ်ပုံမတင်ထားသောဆေး များ ရောင်းချခြင်း ရှိ၊ မရှိ ရှောင်တခင် ဝင်ရောက်စစ်ဆေးရာ အချို့ဆေးဆိုင်များတွင် သက်တမ်းလွန် ဆေးများ၊ မှတ်ပုံတင်မထားသောဆေးများတွေ့ရှိရ၍ ၎င်းဆေးများကို သိမ်းဆည်း ခဲ့ပြီး နောင်တွင်ရောင်းချခြင်းမပြုရန် သတိပေးတားမြစ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မုန့်မျိုးစုံရောင်းချသောဆိုင်များအား ဝင်ရောက်စစ်ဆေး ရာအချို့ဆိုင်များတွင် စားသုံးရန်မသင့်သော သက်တမ်းလွန်မုန့်များ ရောင်းချ နေသည်ကိုတွေ့ရှိရ၍ ၎င်းမုန့်များအား ဆက်လက်ရောင်းချခြင်းမပြုရန် တားမြစ် ခြင်း၊ သတိပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အေးသိမ်း(ရေကြည်)**

# ဖျာပုံခရိုင် စားသုံးသူအခွင့်အရေး... 

ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီ၂၅ ရက်က ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေး ခန်းမတွင် ကျင်းပခဲ့ရာ အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဦးမြင့်အောင်က ဧရာဝတီတိုင်း ဒေသကြီးစား သုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ထုတ်ကုန် လုံခြုံစိတ်ချရမှု ကော်မတီက နိုင်ငံပိုင် သတင်းစာအသီးသီးမှ ကြော်ငြာထားပြီး ဌာနအသီးသီးမှ တရားဝင်ထုတ်ပြန်ထား သည့် အမိန့်ညွှန်ကြားချက်များ၊ သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါး ၇ မျိုး၊ အစားအသောက် ၄၄ မျိုး၊ ဆေးဝါး ၁၅ မျိုး၊ အလှကုန် ၂၃ မျိုးနှင့် အမှတ်တံဆိပ် မပါသော ကုန်စည် များအား ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အရေးကြီးပါသဖြင့် လက်လီဆိုင်များတွင် စစ်ဆေး တွေ့ရှိပါက သိမ်းဆည်းခြင်းအပြင် ထုတ်လုပ်သည့် နေရာအထိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရန်၊ ခရိုင် တိုင်ကြားစာ လက်ခံဆောင်ရွက်ရေးစင်တာ (CICC)သို့ ယခု လအတွင်း တိုင်ကြားမှု ၆ မှု၊ မြို့နယ်အလိုက် ကွင်းဆင်း စစ်ဆေးရာတွင် တားမြစ်သိမ်းဆည်း ၅ မျိုး၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ကွင်းဆင်းစစ်ဆေးမှု အခြေအနေ များအား အသေးစိတ်တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများမှ အသီးသီး ဆွေး နွေးခဲ့ကြပြီး ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ ဥက္ကဋ္ဌက ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ် တို့၏ (၂/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ မွန် ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်း ရေးအဖွဲ့ စားသုံးသူတိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီတို့၏ (၂/ ၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား ဧပြီ ၂၆ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏကျော်က အဖွင့်အမှာ စကား ပြောကြားခဲ့ပြီး စားသုံးသူ အငြင်း ပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးသန်းအေးက လုပ်ငန်းဆောင်ရွက် မှုများ၊ မွန်ပြည်နယ် CICCသို့ တိုင်ကြား လာသည့် ကိစ္စရပ်များ၊ တိုင်ကြားလာမှု အပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်မှု များ၊ ယခင် အစည်းအဝေး ဆုံးဖြတ်ချက် အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ နှင့် ယခုအစည်းအဝေးတွင် ဆုံးဖြတ်ရ မည့် အချက်များအား ရှင်းလင်းတင်ပြခဲ့ သည်။

ဆက်လက်၍ ဒုတိယပြည်နယ် ဦးစီးမှူး ဦးခင်အောင်သွင်က အမှာစာ များကို ဖတ်ကြားတင်ပြပြီး မွန်ပြည်နယ် အတွင်း FDAထောက်ခံချက် ရရှိပြီး ရေသန့်စာရင်းအား ဖော်ပြနိုင်ရေး FDA နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ် ကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာန၏ Website တွင် တိုင်ကြားလာသည့် တိုင် ကြားစာနှင့် ပတ်သက်၍ ဆုံးဖြတ်ပေး ရန်အချက်များအားတင်ပြခဲ့ပြီး အစည်း အဝေး တက်ရောက် လာသူများမှလည်း အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ မွန်ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အဖွဲ့ဝင် များနှင့် လုပ်ငန်းကော်မတီ (၂)ရပ်တို့မှ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ဖိတ် ကြားထားသည့် ဧည့်သည်တော်များ၊ စုစုပေါင်း ၂၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(စားသုံးသူ-မွန်)**

# မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



မအူပင်ခရိုင် စားသုံးသူအငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့ ၏ (၁၇)ကြိမ် မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို စားသုံးသူရေးရာဦးစီးဌာန ခရိုင် ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဧပြီ ၂၆ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ မိတ် ဖက်ဌာနများမှ ဖိတ်ကြားထားသူများ နှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း၂၀ ဦး တက် ရောက်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်စားသုံး သူအငြင်းပွားမှုဖြေ ရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မအူပင်ခရိုင် စားသုံးသူရေးရာဦးစီး ဌာနမှ ခရိုင် စားသုံးသူအငြင်းပွားမှုဖြေ ရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဇော်မင်း က (၁၆)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များမှ အကောင်အထည် ဖော်ဆောင်ရွက်ပြီးစီးမှုများ၊ ဝန်ဆောင် မှုလုပ်ငန်းများ၊ စည်းကမ်းနှင့် အညီ ဆောင်ရွက်နိုင်ရေးတို့ကို တင်ပြပြီး မိတ် ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် များကို ဆွေးနွေးခဲ့ သည်။ ဆက်လက်၍ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန မှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော် ဦးက ရှေ့လုပ်ငန်းစဉ်များကို အသေး စိတ်တင်ပြခဲ့ကာ တက်ရောက်လာသော မိတ်ဖက်အဖွဲ့အစည်းများ၏ မေးမြန်း ချက်များကိုပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။ **CONSUMER-MT**


## (၁၃) ကြိမ်မြောက် ကုန်သွယ်-လယ်ယာမိသားစု ဆရာကန်တော့ပွဲ ဖိတ်ကြားလွှာ

ကုန်သွယ်-လယ်ယာဝန်ထမ်းဟောင်းများ အချင်းချင်းရိုင်းပင်းကူညီမှုအသင်းမှ ကြီးမှူးကျင်းပသော (၁၃)ကြိမ်မြောက် ဆရာကန်တော့ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၆-၅-၂၀၁၈ (တနင်္ဂနွေနေ့)
အချိန် - ၀၉ း ၀၀ နာရီမှ ၁၂ း ၀၀ နာရီအထိ
နေရာ - ကုန်သွယ်-လယ်ယာခမ္မာရုံ၊ ကြားတောရလမ်း ဗဟန်းမြို့နယ်။



# တပင်ရွှေထီးဈေးနှင့် ချယ်ရီဈေးတို့အား နေပြည်တော်ခရိုင် ဦးစီးမှူးရုံးမှ ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာ ဦးစီးဌာန နေပြည် တော်ခရိုင် ဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးငြိမ်း ဦးဆောင်၍ ဥတ္တရခရိုင်နှင့် ဒက္ခိဏခရိုင်တို့တွင် ဧပြီလအတွင်း စားသုံးသူ အကာ အကွယ်ပေးရေး အသိပညာပေး ဟော ပြောခြင်း ၄ ကြိမ်၊ စားသုံးသူ အငြင်းပွား မှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေး ပြုလုပ်ခြင်း ၂ ကြိမ်နှင့် ပုဗ္ဗသီရိမြို့ တပင်ရွှေထီးဈေးအား ဧပြီ ၂၅ ရက်တွင် လည်းကောင်း၊ ဇမ္ဗူသီရိမြို့ ချယ်ရီဈေး အား ဧပြီ ၂၆ ရက်တွင်လည်းကောင်း ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။ ဥတ္တရခရိုင်အတွင်းရှိ တပင်ရွှေထီးဈေး အား စစ်ဆေးရာတွင် သုံးစွဲရန်မသင့် တားမြစ်ထားသော အလှကုန်များနှင့် ဒက္ခိဏခရိုင်အတွင်းရှိ ချယ်ရီဈေးအား စစ်ဆေးရာတွင် စိုက်ပျိုးရေးဌာနမှ တရား ဝင်ကြေညာထားသော သုံးစွဲရန် မသင့် ကျင်းထိုခြင်ဆေးခွေများနှင့် သက် တမ်းလွန် ငရုတ်ဆီဗူးများကို တွေ့ရှိရ၍ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ ရှေ့မှောက်တွင် သိမ်းဆည်းပြီး မြေမြှုပ် ဖျက်ဆီးခဲ့ကြောင်းနှင့် စားသုံးသူ အသိ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်နိုင်(နေပြည်တော်)**



ကိုအောင်ထွန်းလွင် + မကျော့ကျော့စန်း
SST
®
စားသောက်ကုန်လုပ်ငန်း
ပင်ရင်း–မန္တလေးမြို့
09-5079086, 09-5037776, 09-789321087

無限國際海運承攬運送股份有限公司
優益喜航空貨運承攬股份有限公司
Unlimited Express (Myanmar) Co.,Ltd.
SILKAIR
CARGO
❖ Worldwide Air/Sea Freight Forwarding
❖ Consolidation & Transit Shipment Service
❖ Door to Door Service
❖ Local Transportation & Tracking Service
❖ Custom Clearance Service
❖ Import & Export Documentation
Rm#1003, 10th Fl, Yuzana Condo Tower,
No.69,Shwe Gone Daing Road,
Bahan Township,Yangon,Union Of Myanmar.
Tel:95(1)558660~2,
Fax:95(1)558664
HP:95(9)43084385, 95(9)5112152
E-mail:henry@uecrgn.com.mm
sanlin@uecrgn.com.mm
Website:www.uecgroup.com.tw




သွေးပေါင်ချိန်ကိုထိန်းညှိပေးမယ့်
သွေးတိုးကျ ခေါင်းကြည်ဆေး



## ကစားသမား လေးဦးအထိ ထုတ်ရောင်းရန် စပါးအသင်းပြင်ဆင်နေ

စပါးအသင်းသည် ယခုနှစ်ရာသီကုန်တွင် အဓိက ကစားသမားလေးဦးအထိ ထုတ်ရောင်းသွားရန်ပြင်ဆင်နေကြောင်း သိရသည်။ စပါးအသင်းရောင်းထုတ်မည့် ကစားသမားများထဲတွင် ဒန်နီရို့စ်၊ ဝါညာမ၊ ဒမ်ဘီလီတို့ကဲ့သို့သော ကစားသမားများ ပါဝင်နေသည်။ ထို့ပြင် ၎င်းကစားသမားများအပြင် ကွင်းလယ်ကစားသမား အဲလ်ဒါဝီလည်း အရောင်းစာရင်းထဲတွင် ပါဝင်နေသည်။

စပါးအသင်းသည် အဆိုပါကစားသမား လေးဦးအတွက် တစ်ဦးချင်းတန်ကြေးကို ထုတ်ဖော်ပြောဆိုထားခြင်းမရှိဘဲ ကစားသမားလေးဦးအတွက် စုစုပေါင်း ပေါင်သန်း ၁၇၀ သတ်မှတ်ထားကြောင်း သိရသည်။

သို့သော် စပါးအသင်းမှ တာဝန်ရှိသူတစ်ဦးကမူ အသက် ၂၇ နှစ်ရှိ ဒန်နီရို့စ်၊ ၂၆ နှစ်ရှိ ဝါညာမနှင့် ၂၉နှစ်ရှိ အဲလ်ဒါဝီတို့အတွက် တစ်ဦးကို ပေါင်သန်း ၅၀ စီ သတ်မှတ်ထားကြောင်းနှင့် အသက် ၃၀ ရှိပြီဖြစ်သည့် ဒမ်ဘီလီအတွက်ကိုမူ ပေါင်သန်း ၂၀ သတ်မှတ်ထားကြောင်း ပြောကြားသည်။

အခြားတစ်ဖက်တွင် စပါးအသင်းသည် ဝုလ်အသင်းမှ ရူဘင်နီဗစ်၊ ဆောက်သမ်တန်အသင်းမှ စီဒရစ်ဆိုရစ်နှင့် စပို့တင်းလစ်ဘွန်းအသင်းမှ ဂျယ်ဆင်မာတင်တို့ကို ခေါ်ယူသွားရန်ပြင်ဆင်နေကြောင်း သိရသည်။

## ဘောလုံးလောက သတင်းတိုများ

- ဘာစီလိုနာ ကွင်းလယ်ကစားသမား အင်နီယေစတာသည် ယခုနှစ်ရာသီကုန်တွင် အသင်းမှထွက်ခွာရန်မှာ သေချာသွားပြီဖြစ်ကြောင်း အသင်းမှ တရားဝင်ထုတ်ဖော် ပြောဆိုသွားသည်။
- အဲဗာတန်နည်းပြ ဆမ်အလာဒိုက်စ်က မိမိအနေဖြင့် လာမည့်ရာသီတွင် အဲဗာတန်အသင်းတွင်သာ ဆက်ရှိနေမည်ကို များစွာမျှော်လင့်ထားကြောင်း ပြောကြားသည်။
- ပီအက်ဖ်ဂျီအသင်းမှ ကာဗာနီ၊ နေမာနှင့် အမ်ဘပ်ပီတို့မှာ ပြင်သစ်လီဂူး- ၁ အကောင်းဆုံးကစားသမားများဖြစ်ကြောင်း ချီးကျူးခံရသည်။
- ဘိုင်ယန်မြူးနစ် နောက်ခံကစားသမား ဘိုတန်းသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲတွင်ဒဏ်ရာရခဲ့ခြင်းကြောင့် အသင်း၏ပွဲစဉ်များကို လွဲချော်ရတော့မည်ဖြစ်သော်လည်း ဂျာမနီအသင်းနှင့်အတူ ကမ္ဘာ့ဖလားပွဲစဉ်များကို ပါဝင်ကစားနိုင်ဖွယ်ရှိနေကြောင်း နည်းပြ ဟေးနပ်စ်က ပြောကြားလိုက်သည်။

## ဝင်ဘလေကွင်းကို ဝယ်ယူရန် ရှာဟက်ခန်း ကြိုးပမ်းမှု အောင်မြင်ရန်နီးစပ်နေ



ဖူလ်ဟမ်အသင်းပိုင်ရှင် ရှာဟက်ခန်း၏ ဝင်ဘလေကွင်းအား ဝယ်ယူရန်ကမ်းလှမ်းမှုမှာ မကြာမီအချိန်အတွင်း အလုံးစုံ အောင်မြင်ဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ရှာဟက်ခန်းသည် ဝင်ဘလေကွင်းကို ပေါင်သန်း ၉၀၀ ဖြင့် ဝယ်ယူရန်ကမ်းလှမ်းထားမှုမှာ ရက်သတ္တရှစ်ပတ် (သို့မဟုတ်) ၁၂ ပတ်အတွင်း အလုံးစုံအောင်မြင်ဖွယ်ရှိကြောင်း သိရသည်။

အသက် ၆၇ နှစ်ရှိ ရှာဟက်ခန်းသည် ပါကစ္စတန်နွယ်ဖွား အမေရိကန်နိုင်ငံသား ခံယူထားသူ ဖြစ်သည်။

၎င်းသည် စက်မှုအင်ဂျင်နီယာတစ်ဦးဖြစ်ကာ ဖူလ်ဟမ်အသင်းကိုဝယ်ယူပြီးနောက်ပိုင်းတွင် အသင်းတိုးတက်အောင်မြင်ရေးအတွက် များစွာသောငွေကြေးများကို သုံးစွဲထားသူဖြစ်သည်။ ဖူလ်ဟမ်အသင်းသည် နည်းပြ ဂျိုကာနိုဗစ်လက်ထက်တွင် ရလဒ်များကောင်းမွန်နေပြီး ပွဲစဉ် ၄၄ အပြီးတွင် ၈၅ မှတ်ရရှိထားကာ တတိယနေရာတွင် ရပ်တည်နေသည်။

ဖူလ်ဟမ်အသင်းသည် ဒုတိယနေရာမှ ကာဒစ်အသင်းနှင့် တစ်မှတ်သာကွာနေခြင်းကြောင့် ရာသီကုန်တွင် ပရီးမီးယားလိဂ်သို့ တန်းတက်ရန် အခြေအနေကောင်းနေသည်။

'ပရီးမီးယားလိဂ်မှာ ကစားရမယ်ဆိုရင် ကွင်းကောင်းတစ်ကွင်း ပိုင်ဆိုင်ထားနိုင်ဖို့တော့လိုပါတယ်။ ဒါကြောင့် ဝင်ဘလေလိုကွင်းမျိုးကိုဝယ်ယူပြီး အသင်းရဲ့ဂုဏ်ကိုမြှင့် တင်ရမှာပါ'ဟု ရှာဟက်ခန်းက ပြောကြားသည်။



## အာဆင်နယ်အသင်းကို ကိုင်တွယ်မည်ဆိုပါက ပေါင်သန်း ၂၀၀ လိုအပ်မည်ဟု လူးဝစ်အင်းနရစ်ဆို

အာဆင်နယ်အသင်းကို ကိုင်တွယ်မည်ဆိုပါက ပေါင်သန်း ၂၀၀ ခန့်လိုအပ်မည်ဖြစ်ကြောင်း ဘာစီလိုနာနည်းပြဟောင်း လူးဝစ်အင်းနရစ်က ပြောကြားလိုက်သည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ယခုနှစ်ရာသီကုန်တွင် အသင်းမှထွက်ခွာတော့မည်ဖြစ်ရာ ၎င်းနေရာတွင် အစားထိုးရန် ဘာစီလိုနာနည်းပြဟောင်း လူးဝစ်အင်းနရစ်မှာ သေချာသလောက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ လူးဝစ်အင်းနရစ်သည် ချယ်လ်ဆီးနည်းပြရာထူးအတွက်လည်း ရေပန်းစားနေသူဖြစ်သည်။ သို့သော် လူးဝစ်အင်းနရစ်ကမူ ၎င်းအနေဖြင့် အာဆင်နယ်အသင်းကို ကိုင်တွယ်သွားရန်ရှိနေကြောင်းကို အရိပ်အမြွက် ပြောကြားလာသည်။

ထို့ကြောင့် ၎င်းအနေဖြင့် အာဆင်နယ်အသင်းကို ကိုင်တွယ်ချိန်တွင် လက်ရှိလူစာရင်းကိုပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ကာ ယင်းအတွက် အနည်းဆုံးပေါင်သန်း ၂၀၀ ကျော် အသုံးပြုရမည်ဖြစ်ကြောင်း လူးဝစ်အင်းနရစ်က ပြောကြားခဲ့ခြင်းဖြစ်သည်။ လူးဝစ်အင်းနရစ်သည် စပိန် ယူ- ၂၁၊ စပိန် ယူ- ၂၃ နှင့် စပိန်လက်ရွေးစင်အသင်းကြီးများကို ကိုင်တွယ်ခဲ့ဖူးသလို ဘာစီလိုနာဘီအသင်း၊ ရိုးမားအသင်း၊ ဆယ်တာဗီဂိုအသင်းနှင့် ဘာစီလိုနာအသင်းများကို ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

## အက်သလက်တီကိုတွင်သာ ဆက်နေရန် ဂရက်ဇ်မန်း ဆုံးဖြတ်

အက်သလက်တီကိုအသင်း တိုက်စစ်မှူး ဂရက်ဇ်မန်းသည် ဥရောပထိပ်သီးအသင်းကြီးများနှင့် အပြောင်းအရွှေ့ သတင်းများပေါ်ထွက်လျက်ရှိသော်လည်း မိမိအနေဖြင့် အက်သလက်တီကိုတွင်သာ ဆက်ရှိနေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ ပြင်သစ်နိုင်ငံသား ဂရက်ဇ်မန်းသည်ယခုနှစ်ရာသီကုန်တွင် ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ကစားတော့မည်ဟု သတင်းများ လှိုင်လှိုင်ပေါ်ထွက်နေသော်လည်း ယင်းမှာကောလာဟလသာဖြစ်ကြောင်း ၎င်းကစားသမားက ပြောကြားလာခြင်းဖြစ်သည်။ ဂရက်ဇ်မန်းက 'ကျွန်တော် အက်သလက်တီကိုမှာပဲ ဆက်ရှိနေမှာ။ အဲဒီ အပြောင်းအရွှေ့သတင်းက ဘယ်ကနေ ဘယ်လို ထွက်လာတာလဲမသိဘူး။ ကျွန်တော် အသင်းပြောင်းဖို့မစဉ်းစားသေးပါဘူး။ အသင်းနဲ့ ၂၀၂၂အထိ စာချုပ်ချုပ်ဖို့ ရှိနေပါတယ်'ဟု အာဆင်နယ်အသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည့် ယူရိုပါလိဂ်ပွဲအပြီးတွင် ပြောကြားခဲ့သည်။

ဂရက်ဇ်မန်းသည် ပြင်သစ်လက်ရွေးစင်တိုက်စစ်မှူးတစ်ဦးဖြစ်သလို အက်သလက်တီကိုအသင်းတွင်လည်း အားထားရသည့် တိုက်စစ်မှူးတစ်ဦးလည်းဖြစ်သည်။ ၎င်းကစားသမားသည် ၂၀၁၄ခုနှစ်ကပင် ဆိုစီဒက်အသင်းမှ အက်သလက်တီကိုအသင်းသို့ ရောက်ရှိလာခြင်းဖြစ်ပြီး အသင်းအတွက် ၁၄၁ ပွဲတွင် ၇၉ ဂိုး သွင်းပေးထားသူဖြစ်သည်။

## ဆာနေးကို ပေါင်သန်း ၇၀ ဖြင့် ရီးရဲလ်မက်ဒရစ်အသင်း စတင်ကမ်းလှမ်း

ရီးရဲလ်မက်ဒရစ်အသင်းသည် မန်စီးတီးအသင်းမှ လူငယ်ကစားသမား ဆာနေးကို ပေါင်သန်း ၇၀ဖြင့် စတင်ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

PFA တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုရထားသူ ဆာနေးကို ခေါ်ယူနိုင်ရေးအတွက် ရီးရဲလ်မက်ဒရစ်အသင်း၏ ကမ်းလှမ်းမှုကို မန်စီးတီးအသင်းက တရားဝင်လက်ခံပြောကြားလာခြင်းမရှိသေးသလို ၎င်းကစားသမားကလည်း ရီးရဲလ်မက်ဒရစ်အသင်း၏ ဆက်သွယ်ကမ်းလှမ်းမှုကို မရရှိသေးကြောင်း သိရသည်။

သို့သော် ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းကမူ ဆာနေးကို ခေါ်ယူနိုင်ရေးမှာ မိမိတို့ အဓိကပစ်မှတ်ဖြစ်ကြောင်း ပြောကြားလာသည်။ လက်ရှိအချိန်တွင်အကောင်းဆုံးခြေစွမ်းကိုပိုင်ဆိုင်ထားသည့် ဆာနေးကို မန်စီးတီးအသင်းက လက်လွှတ်ဖွယ်မရှိသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းကမူ ဈေးတိုးပေးပြီး ထပ်မံကမ်းလှမ်းလာဖွယ်ရှိနေသည်။ ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံတိုက်စစ်မှူး စီရိုနယ်လ်ဒိုကလည်း ဆာနေးသာလာမည်ဆိုပါက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း ပြောဆိုသည်။

ဆာနေးသည် ၂၀၁၆ခုနှစ်က ရှော့လ်ကေးအသင်းမှ ပြောင်းရွှေ့လာသူဖြစ်ပြီး မန်စီးတီးအသင်းသို့ရောက်စက ခြေစွမ်းပြနိုင်ရေး ရုန်းကန်ခဲ့ရသော်လည်း ယခုနှစ်ရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်မှုနှင့်အတူ မန်စီးတီးအသင်းအတွက်လည်း များစွာအကျိုးပြုနိုင်သူဖြစ်သည်။ ထို့ပြင် ဆာနေးသည် PFA တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုကိုလည်း ပွေပွေနွေးနွေးရရှိထားသူတစ်ဦးလည်းဖြစ်သည်။



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆန်စပါး Supply Chain နှင့် ဆန်ဈေးကွက်တို့အပေါ် လေ့လာဆန်းစစ်သုံးသပ်ခြင်း

|နန္ဒာဝင်း၊ ဟန်နီ (WTO)|

**ယခင်တစ်ပတ်မှအဆက်**

မျိုးစပ်စပါးမျိုးစေ့ များအတွက် ပျမ်းမျှစိုက်ပျိုးမြေများသည် ၁၉၇၆-၂၀၀၈ ခုနှစ်အရ တရုတ်နိုင်ငံတွင် အခြားနီးစပ်သည့် အရာများထက် ၃၁ ရာခိုင်နှုန်းခန့် မြင့်မားလျက်ရှိသည်။

စက်မှုလယ်ယာလုပ်ငန်းများသည် အစိုးရက အလုပ်သမားများသို့ စက်ပစ္စည်းထောက်ပံ့ပေးမှုတွင် တိုးတက်မှုအစဉ်တွင် မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံ၏ဆန်စပါးစက်မှုကဏ္ဍတွင် စဉ်ဆက်မပြတ် တိုးတက်မှုမြင့်တက်လျက်ရှိသည်။ ဆန်စပါး စိုက်ပျိုးမှုအတွက် စက်မှုလယ်ယာအဆင့်သည် သီးနှံရိတ်သိမ်းမှုအဆင့်တွင် တူညီသောနှစ်များအတွင်း ၁၆ရာခိုင်နှုန်းမှ ၇၃ရာခိုင်နှုန်းသို့ မြင့်တက်လာချိန်တွင် ၂၀၀၂ ခုနှစ်တွင်ငါးရာခိုင်နှုန်းခန့်မှ ၂၀၁၂ ခုနှစ်တွင် သုံးပုံတစ်ပုံအောက်အထိသို့ မြင့်တက်လာခဲ့ပါသည်။ စက်ဖြင့်ထွန်ယက်သော မြေယာစိုက်ပျိုးမှု ၈၂ ရာခိုင်နှုန်းခန့်ရှိသောကြောင့် တရုတ်နိုင်ငံ၏ ဆန်စပါးစိုက်ပျိုးမှု၏ စက်မှုကဏ္ဍသည် အမြင့်ဆုံးဖြစ်သည်။ သို့သော်လည်း စက်များအသုံးပြု၍ စိုက်ပျိုးသောဧက၏ ၂၀ရာခိုင်နှုန်းသာရှိ၍ လုပ်သားလိုအပ်မှု မြင့်မားနေဆဲဖြစ်သည်။ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဆန်စပါးထုတ်လုပ်မှုသည် သီးနှံရိတ်သိမ်းမှု ၇၉ ရာခိုင်နှုန်း၊ ထွန်ယက်စိုက်ပျိုးခြင်း ၉၆ ရာခိုင်နှုန်း၊ စိုက်ပျိုးမှု ၅၈ ရာခိုင်နှုန်းဖြစ်ပြီး စက်မှုလယ်ယာလုပ်ငန်းများစာရင်းနှင့်အတူ စက်မှုကဏ္ဍအဆင့်အမြင့်မားဆုံး ဖြစ်နေသည်။ စက်မှုလယ်ယာကဏ္ဍသည် တရုတ်နိုင်ငံဆန်စပါးကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်းစိန်ခေါ်မှုတစ်ရပ်ဖြစ်နေပြီး အလုပ်သမားအင်အားများကို လျှော့ချပေးခြင်း (အလုပ်သမား လျှော့ချနိုင်စေခြင်းနှင့် အလုပ်သမား ကုန်ကျစရိတ်မြင့်တက်ခြင်း နှစ်မျိုးစလုံးဖြစ်သော) နှင့် တရုတ်နိုင်ငံ၏ ဆန်စပါးကဏ္ဍယှဉ်ပြိုင်နိုင်မှုသည် မြင့်တက်လာခဲ့ပြီးဖြစ်သည်။

## ပြည်တွင်းထောက်ပံ့မှုများအပေါ် ယုံကြည်စိတ်ချမှု တိုးတက်စေရေးအတွက် အစိုးရ၏ ဆောင်ရွက်ချက်အစီအစဉ်များ

ဆန်စပါးထုတ်လုပ်မှု တန်ဖိုးကွင်းဆက် ခေတ်မီစေခြင်း၊ ညှိနှိုင်း ဖြေရှင်းခြင်းများနှင့် နည်းပညာအသုံးပြုမှု တိုးတက်လာစေခြင်း နှစ်မျိုးလုံးတွင် ၎င်းတိုင်းတာချက်သည် ပြည်တွင်း ဈေးကွက်များသို့ ဆန်စပါးအရည်အသွေးထောက်အပံ့ပေးနိုင်ခြင်းနှင့် သေချာစွာ ကိုက်ညီမှုရှိရန် အကူအညီပေးခဲ့ပြီး ဖြစ်ပါသည်။ ပြည်တွင်းဝယ်ယူမှုတွင် အထောက်အပံ့ပေးနေစဉ်ကာလ အတွင်း ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန် ထိန်းညှိပေးခြင်းများပြုလုပ်ခြင်းနှင့် ပေးဆောင်ရမှုများ မြင့်မားသည့်အခါ ဈေးကွက်အတွင်းမှ ဆန်စပါးများကိုဖယ်ရှားရပါသည်။ SOEs အနေဖြင့် ဖြတ်ကျော်ကုန်သွယ်မှုအများစုကို ထိန်းချုပ်ခြင်းနှင့် TRQs သွင်းကုန်များသည် ဆန်စပါးထုတ်လုပ်သူများ နှစ်သက်သည့်ဈေးနှုန်းများကို တရုတ်နိုင်ငံအစိုးရက ထိန်းသိမ်းပေးနိုင်စွမ်းတို့ကို မြှင့်တင်ရပါမည်။

တရုတ်နိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ပထဝီမြေအနေအထား ပိုမိုကျယ်ပြန့်စေရန် ပိုမိုထောက်ပံ့မှုတစ်ခု ပေးစွမ်းနိုင်ခြင်း၊ ပို့ဆောင်ရေးကုန်ကျစရိတ်လျှော့ချခြင်း၊ အလျားအတိုင်းအတာတန်ဖိုးများ၊ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးခြင်း နှင့် ဆန်စပါးဈေးကွက်များ ပြောင်းလဲခြင်းများကို အထောက်အပံ့ပေးလျက်ရှိပါသည်။ အစိုးရ၏အားရဖွယ်ကောင်းသော ဈေးကွက်ခေတ်မီတိုးတက်မှုနှင့်အတူ ၎င်းဖွံ့ဖြိုးတိုးတက်မှုများသည် ပြည်တွင်းဆန်စပါးစားသုံးသူများကို ပိုမိုထောက်ပံ့မှုများ ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် ပို့ဆောင်ရေးကုန်ကျစရိတ်များ လျှော့ချပေးရန်ကူညီပေးခဲ့ခြင်းများဖြစ်သော ဈေးကွက်ရှာဖွေရေး အဓိကပြောင်းလဲမှုများ တိုးပွားလာခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ဆန်စပါးဆိုင်ရာမူဝါဒများတွင် ၎င်း၏ရည်မှန်းချက်ကိုရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း အစိုးရသည် မကြာသေးမီက ၎င်းအခြေအနေကိုထိန်းသိမ်းရန် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်တွေ့ရှိခဲ့ရပါသည်။ ၎င်းစိန်ခေါ်မှုများသည် "rising floor" (ထုတ်လုပ်မှုကုန်ကျစရိတ်) နှင့် "three ceiling" (ကုန်ဈေးနှုန်းများ၊ အစိုးရ၏ထောက်ပံ့မှုနှင့် တီထွင်သူများ) စသည့်လက္ခဏာရပ်များဖြစ်သည်။ အစိုးရသည် ၎င်းစိန်ခေါ်မှုများကိုဖြေရှင်းရန် မူဝါဒများကို ငါးနှစ်တာအစီအစဉ် (၂၀၁၆-၂၀၂၀) ဖြင့် စဉ်းစားရေးဆွဲလျက် ရှိပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

|ရွှေစင်ဦး|

**ယခင်တစ်ပတ်မှအဆက်**

နိုင်ငံတစ်နိုင်ငံ၏ နယ်မြေ၊ ရေနယ်နိမိတ်နှင့် သီးသန့် စီးပွားရေးဇုန် (EEZ) သည် ကမ်းခြေ (UNCLOS) မှ ရေမိုင် ၂၀၀ အထိ ကျယ်ပြန့်သည်။

(က) နယ်မြေဆိုသည်မှာ နိုင်ငံတကာက အသိအမှတ်ပြုထားသည့် နိုင်ငံ၏ နယ်နိမိတ်များဖြစ်သည်။
(ခ) ရေနယ်နိမိတ်ဆိုသည်မှာ (ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေ ဆိုင်ရာ ကွန်ဗင်းရှင်း- UNCLOS တွင် သတ်မှတ်ထားသည့် အတိုင်း) ကမ်းခြေမှ ရေမိုင် ၁၂ မိုင်ထိ ဖြစ်သည်။
(ဂ) သီးသန့်စီးပွားရေးဇုန် (EEZ) သည် ကမ်းခြေ (UNCLOS) မှ ရေမိုင် ၂၀၀ အထိ ကျယ်ပြန့်သည်။

အထက်ပါ (ဇ) တွင် ဖော်ပြထားသည့် ပင်လယ်ပြင် ငါးဖမ်းဆီးခြင်းမှ ထုတ်ကုန်များနှင့် ပင်လယ်ပြင်မှ ရရှိသည့် အခြားကုန်ပစ္စည်းများနှင့် ပတ်သက်၍ ရေနယ်နိမိတ်အတွင်း ဖမ်းဆီးရမိသည့် ငါးများကို အပြည့်အဝရရှိသည်ဟု ယူဆသည်။ သို့သော် ရေနယ်နိမိတ် ပြင်ပတွင် (သို့မဟုတ်) နိုင်ငံတကာပင်လယ်ပြင်တွင် ဖမ်းဆီးရမိသည့် ငါးများကိုမူ '၎င်း၏ ငါးဖမ်းသင်္ဘော' ဆိုသည်ကို အောက်ပါအတိုင်း ဖွင့်ဆိုသည်-

* သင်္ဘောကိုမြန်မာနိုင်ငံတွင် (သို့မဟုတ်) အီးယူ၏ အဖွဲ့ဝင် နိုင်ငံတစ်ခုတွင် မှတ်ပုံတင်ထားရမည်။
* သင်္ဘောသည် မြန်မာနိုင်ငံအလံ (သို့မဟုတ်) အီးယူအဖွဲ့ဝင် နိုင်ငံတစ်ခု၏ အလံကို လွှင့်ထူထားရမည်။
* ပိုင်ဆိုင်မှုသည် မြန်မာနိုင်ငံသားအများစု (သို့မဟုတ်) အီးယူအဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံတွင် ဖြစ်စေ၊ အီးယူအဖွဲ့ဝင်နိုင်ငံတွင်ဖြစ်စေ ရုံးချုပ်တည်ရှိသည့် ကုမ္ပဏီက ပိုင်ဆိုင်သည့် အပြင် နောက်ထပ်လိုအပ်ချက်အဖြစ် မြန်မာအများစု (သို့မဟုတ်) အီးယူအဖွဲ့ဝင်နိုင်ငံများက အများစု ပိုင်ဆိုင်ဖြစ်ရမည်။

အပြည့်အဝရရှိထားသည့် ကုန်ပစ္စည်းများ၏ နမူနာများတွင် အောက်ပါတို့ ပါဝင်သည်။

(က) တူးဖော်ရရှိသည့် တွင်းထွက်ကျောက်များ (သို့မဟုတ်) သံသတ္တုရိုင်းများ
(ခ) ပြည်တွင်း၌ မွေးမြူထားသော နွားများမှ ရရှိသည့် လတ်ဆတ်သည့် နွားနို့
(ဂ) ပြည်တွင်းထွက် နွားနို့ဖြစ်သော သီးသန့်ပြုလုပ်သည့် ဒိန်ခဲ
(ဃ) မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သည့် ဆန်၊ စပါး
(င) မြန်မာနိုင်ငံတွင် မွေးမြူသော (သို့မဟုတ်) နိုင်ငံရေပိုင်နက် ပြင်ပတွင် အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသော မြန်မာငါးဖမ်းသင်္ဘောက ဖမ်းဆီးရမိသော ငါးမှ ထုတ်လုပ်သည့် ငါးအသားချောင်း
(စ) ပြည်တွင်းရှိ အုန်းသီးများမှ ရရှိသည့် အုန်းနို့
(ဆ) ပြည်တွင်းသစ်များဖြင့် ပြုလုပ်ပြီး ဆေးမတင်ရသေးသော ပြည်တွင်းထွက် သွင်းအားစုများကိုသာ အသုံးပြုထားသည့် သစ်ပရိဘောဂ

## ၃.၄။ တတိယနိုင်ငံ၏ သွင်းအားစုများကို လုံလုံလောက်လောက်အသွင်းပြောင်းလဲခြင်း

## 'လုံလုံလောက်လောက်လုပ်ဆောင်သော သို့မဟုတ် ပြုပြင်ထားသော ကုန်ပစ္စည်းများ'

နိုင်ငံတစ်နိုင်ငံအတွင်း၌ အစအဆုံး မထုတ်လုပ်သည့် ကုန်ပစ္စည်းများကို တစ်မျိုး သို့မဟုတ် တစ်မျိုးထက် ပိုမိုသည့် တင်သွင်းပစ္စည်းများဖြင့် ထုတ်လုပ်ကြသည်။ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများတွင် တင်ပို့သည့် ကုန်ပစ္စည်းကို တင်ပို့သည့် ပင်ရင်းနိုင်ငံမှကုန်ပစ္စည်းဟုယူဆနိုင်စေရန် တင်သွင်းသည့်ကုန်ပစ္စည်းကို မည်သည့်နည်းလမ်းဖြင့် အသွင်ပြောင်းလဲရန် လိုအပ်ကြောင်း အတိအကျ သတ်မှတ်ထားသည်။ အောက်ပါနည်းလမ်းတစ်မျိုး သို့မဟုတ် နည်းလမ်းများကို ပေါင်းစပ်ခြင်းဖြင့် သိသိသာသာ အသွင်းပြောင်းလဲမှုကို ဖော်ပြ သို့မဟုတ် သတ်မှတ်နိုင်သည်။ (က) တင်သွင်းသည့် ပစ္စည်းအပေါ် အခွန်အမျိုးအစားကို ပြောင်းလဲခြင်း၊ (ခ) တင်သွင်းသည့် ပစ္စည်းတွင် ကုန်ချောပစ္စည်းနှင့် ဆက်စပ်နေသည့် တန်ဖိုးအဆင့်တစ်ခုကို ထပ်ဖြည့်ပေါင်းခြင်း၊ (ဂ) တင်သွင်းသည့် ကုန်ပစ္စည်းသည် အတိအကျ သတ်မှတ်ထားသည့် လုပ်ဆောင်ချက် (သို့မဟုတ်) ထုတ်လုပ်မှုပုံစံတစ်ခုကို ဖြတ်သန်းရခြင်း (ကိုင်တွယ်လုပ်ဆောင်မှုစည်းမျဉ်း)

EU GSP ROO စည်းမျဉ်းစည်းကမ်း၏ အပိုဒ်သည် စာရင်းစည်းမျဉ်းများဟု ခေါ်ဆိုသည့် နောက်ဆက်တွဲကို တိုက်ရိုက် ရည်ညွှန်းထားသည်။ ထိုစာရင်း စည်းမျဉ်းများသည် ကုန်စည်များအား သက်ဆိုင်ရာ ဟန်ချက်ညီ စည်းဝါးညှိစနစ် (HS) အမျိုးအစား ခွဲခြားမှုကို မူတည်၍ကျင့်သုံးနိုင်သည့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများကို သတ်မှတ်ပေးသည်။

မှတ်ရန်။ ။ အခြား ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းစနစ်များ (ဥပမာ - အာဆီယံ လွတ်လပ်စွာကုန်သွယ်မှုဒေသ)နှင့် မတူညီသည့်အချက်မှ EU GSP ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများတွင် လုံလုံလောက်လောက် လုပ်ဆောင်သော (သို့မဟုတ်) ပြုပြင်ထားသော ကုန်ပစ္စည်းများအတွက် ပင်ရင်းနိုင်ငံဆိုင်ရာ ရေပြင်ညီစည်းမျဉ်းများ မပါဝင်ခြင်းဖြစ်သည်။ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းအားလုံးကို အထူးနောက်ဆက်တွဲတွင် သတ်မှတ်ထားသည့် ကုန်ပစ္စည်းအလိုက်စာရင်း၌ သာ တွေ့ရှိနိုင်သည်။

(ကိုးကား။ ဥရောပသမဂ္ဂ၏အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

# ပညာရေးအခွင့်အလမ်းများ ပွင့်လန်းလျက်ရှိသော အာဆီယံ

| သိန်းမြင့်ဝေ |

ဒေးဗစ်ပါရာဒင် (David Perrodin) ဟူသော အမေရိကန်နိုင်ငံသား လူငယ်တစ်ယောက်သည် အသက် ၃၀ ကျော်အရွယ်တွင် ထိုင်းနိုင်ငံ၌ အင်္ဂလိပ်စာသင်ကြားပေးသောဆရာအဖြစ် အသက်မွေးဝမ်းကျောင်း ပါသည်။ ထို့နောက် သူသည် ထိုင်းနိုင်ငံအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျပြီးနောက် ဖိလစ်ပိုင်နိုင်ငံတွင် နေထိုင်ခဲ့သည်။ သူ၏ ဘွဲ့မရမီပညာရေးသည် ဘာသာရေးဆိုင်ရာ အတတ်ပညာဖြစ်သည်။ ထို့ကြောင့် သူသည် ဖိလစ်ပိုင်နိုင်ငံရှိ Philippine Christian University ၌ အင်္ဂလိပ်စာအထူးပြုဖြင့် တက်ရောက်ပညာသင်ဘွဲ့ယူခဲ့သည်။ ထို့နောက် သူသည် ဖိလစ်ပိုင်တက္ကသိုလ်တစ်ခုဖြစ်သော Ifugao State University သို့ ဆက်လက်တက်ရောက်ခဲ့ရာ အင်္ဂလိပ်ဘာသာစကား သင်ကြားရေးအထူးပြုဖြင့် မဟာဘွဲ့ရရှိခဲ့သည်။

အယ်မာဒီလူန (Elmer de Luna) သည် ဖိလစ်ပိုင်နိုင်ငံတွင် ဆရာလုပ်ခဲ့ဖူးသည့် ကွန်ပျူတာသိပ္ပံဘွဲ့ရတစ်ဦး ဖြစ်သည်။ သူသည်လည်း ထိုင်းနိုင်ငံတွင် မဟာဘွဲ့ရယူရန်ဆုံးဖြတ်ထားသူဖြစ်သည်။ ယခင်က သူသည် ထိုင်းနိုင်ငံတွင် ၁၂ နှစ်နေထိုင်ခဲ့ဖူးသည်။ သို့သော်လည်း သူသည် နိုင်ငံခြားသားလုပ်သားတစ်ဦးအနေဖြင့် ထိုင်းနိုင်ငံတွင် ယာယီသာနေထိုင်ခွင့်ရရှိမည်ဟု ယူဆသောကြောင့် ပညာသင်ယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ "လက်ရှိအချိန်ကာလမှာ မင်းအနေနဲ့ မဟာဘွဲ့တစ်ခုခုမရရှိထားဘူးဆိုရင် ကုမ္ပဏီလုပ်ငန်းရှင်အများစုက မင်းကိုအလုပ်ခန့်ဖို့စဉ်းစားမှာမဟုတ်ဘူး။ နောက်ထပ် ၁၀ နှစ်လောက်ဆိုရင် ကုမ္ပဏီတွေက ပါရဂူဘွဲ့ရတဲ့သူတွေကို ပိုပြီးဦးစားပေးလာနိုင်တယ်" ဟူ၍ David u Elmer နှင့်သူ၏ မိတ်ဆွေများကို ရှင်းပြလေ့ရှိသည်။

**ပြည်တွင်းမှုပြုထားသော ကမ္ဘာလုံးဆိုင်ရာပညာရေး**

ဖိလစ်ပိုင်နိုင်ငံသားများအပါအဝင် ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော နိုင်ငံခြားသားများစွာအနက် David နှင့် Elmer တို့သည်လည်း ထိုင်းနိုင်ငံရောက် နိုင်ငံခြားသားများဖြစ်ကြသည်။ သူတို့သည် ဆရာအဖြစ် ပြန်လည်သင်ကြားပို့ချရန်အတွက် လုပ်ငန်းလိုင်စင်ရရှိနိုင်သည့် အဆင့်မြင့်ပညာရပ်များကို ထိုင်းနိုင်ငံ၌ လေ့လာသင်ယူနေကြသူများဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ထိုင်းနိုင်ငံက ပြည်တွင်းမှု ပြုထားသော သို့မဟုတ် ထိုင်းမှုပြုထားသော ကမ္ဘာလုံးဆိုင်ရာပညာရေး (Glocalized Education)၏ ထုတ်ကုန်များဖြစ်သည်။ Glocalization of Education သည် Globalization of Education နှင့် Localization of Education တို့ကို ရောနှောပေါင်းစပ်ထားခြင်းဖြစ်သည်။

ပညာရေးကဏ္ဍတွင် Globalization သည် ပြည်တွင်းအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံအသီးသီးမှ အဖွဲ့အစည်းများ နားလည်မှုစာချွန်လွှာ (Memorandum of Understanding-MoU) ရေးထိုးပြီး ပညာရေး ဝန်ဆောင်မှုပေးသော နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းဖြင့် ပြည်ပမှ ပညာရေးအဖွဲ့အစည်းနှင့် ပညာရှင်များသည် ၎င်းတို့မျှဝေလိုသော အတွေ့အကြုံနှင့် ဗဟုသုတအမျိုးမျိုးကို ထိရောက်စွာ မျှဝေပေးနိုင်ပါ သည်။ ထို့ပြင် သက်ဆိုင်ရာနိုင်ငံတွင်းရှိ ဒေသခံပြည်သူများနှင့် ထိုနိုင်ငံသို့ ရွှေ့ပြောင်းရောက်ရှိလာသူများ (Locals and Migrants) သည် အရည်အသွေးပြည့်ဝသော ပညာရေး (Quality education) ရရှိရန်အတွက် နိုင်ငံခြားသို့ သွားရောက်ရန် မလိုအပ်တော့ပေ။ ယခင်က ပြည်တွင်းတွင် မရရှိနိုင်ဘဲ နိုင်ငံခြားတွင်သာ ရရှိနိုင်သော Quality Education ကို ယခုအခါ Globalization ကြောင့် ပြည်တွင်းမှာပင် ရရှိနိုင်ပြီဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် မဟာဘွဲ့(MA) သို့မဟုတ် ပါရဂူဘွဲ့ (PhD) ရရှိရန်အတွက် အလွန်ကုန်ကျစရိတ်များသည်။ ပညာသင်ဆု (Scholarship)မရရှိဘဲ မဟာဘွဲ့ သို့မဟုတ် ပါရဂူဘွဲ့ ရယူရန် အလွန်ခက်ခဲပြီး အကုန်အကျများပါသည်။ အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC)သည် အရှေ့တောင်အာရှဒေသကို ဘုံဈေးကွက် (Common Market) အဖြစ် အသွင်ပြောင်းလဲပေးလျက်ရှိသည်။ AEC အရ ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သားဟူသော နယ်ပယ် ၅ မျိုးတွင် လွတ်လွတ်လပ်လပ် စီးဆင်းခွင့်ပြုထားပြီးဖြစ်သည်။ ပညာရေးသည် Free flow of services ဟူသော ဝန်ဆောင်မှုလုပ်ငန်းအား လွတ်လပ်စွာ စီးဆင်းခွင့်ပြုရမည်ဆိုသည့်အချက် တွင် ပါဝင်ပါသည်။

**နိုင်ငံတကာပညာရေးနှင့် ထိုင်းနိုင်ငံအတွေ့အကြုံ**

၂၀၁၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ အဆင့်မြင့်ပညာရေး ကော်မရှင်သည် ဖိလစ်ပိုင်အဆင့်မြင့်ပညာရေးကို နိုင်ငံတကာပညာရေး အဆင့်သို့ မြှင့်တင်ရန် ပေါ်လစီချမှတ်ခဲ့သည်။ ကော်မရှင်သည် Globalization ၏ တောင်းဆိုချက်အရ နိုင်ငံခြားတက္ကသိုလ်များနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း လက်ခံသည်။ ထို့ပြင် ထိုကဲ့သို့ နိုင်ငံတကာအဆင့်မြှင့်တင်ခြင်းသည် ဖိလစ်ပိုင် နိုင်ငံသားများ၏ အရည်အသွေး (Capabilities) ကိုလည်း တိုးမြှင့်ရာရောက်ကြောင်း၊ သို့မှသာ ၎င်းတို့သည် ဒေသဆိုင်ရာဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း ကော်မရှင်က ယူဆသည်။

အာဆီယံဒေသတွင်းသို့ ရွှေ့ပြောင်းနေထိုင်သူ ပိုမိုများပြားလာခြင်းနှင့်အတူ အာဆီယံနိုင်ငံများသည်လည်း နိုင်ငံတကာအဆင့်မြင့်ပညာရေးရရှိရန် ပိုမိုလိုအပ်လာသည်။ သက်ဆိုင်ရာအာဆီယံနိုင်ငံရှိနိုင်ငံသားများအတွက်လည်းကောင်း၊ ရွှေ့ပြောင်းရောက်ရှိလာသူများအတွက်လည်းကောင်း အခြားနိုင်ငံသို့ မစေလွှတ်ရဘဲ မိမိတို့နိုင်ငံအတွင်းမှာပင် Quality Education ကို ရရှိအောင် ဆောင်ရွက်နေသည်။ လက်ရှိအချိန်တွင် ထိုင်းနိုင်ငံသို့ လာရောက်နေထိုင်သော ဖိလစ်ပိုင်နိုင်ငံသားအရေအတွက်မှာ ၁၇၀၀၀ ခန့်ရှိပါသည်။ ဤအရေအတွက်တွင် ၎င်းတို့ကို မှီခိုနေရသော မိသားစုဝင်များ မပါဝင်ပေ။

**ဆက်လက်ဖော်ပြပါမည်။**

# ဆော်ဒီအာရေဗျနိုင်ငံ၏ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

**ကျော်စိန်ဝင်း(ပြည်တွင်း၊ ပြည်ပ)**

(ယခင်တစ်ပတ်မှအဆက်)

**တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

ဆော်ဒီအာရေဗျနိုင်ငံဟာ ကျန်းမာရေးဆိုင်ရာ အကြောင်းပြချက်ကြောင့် ကျွဲ၊ နွား၊ အသားနှင့် အသားထွက်ကုန်များ တင်သွင်းမှုကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်တယ်လို့ ဆိုပါတယ်။ နွားရူးရောဂါ (သို့မဟုတ်) BSE ရောဂါ၊ ခွာနာလျှာနာရောဂါနှင့် ကျွဲ၊ နွားပလိပ် ရောဂါစတဲ့ရောဂါများ ဖြစ်ပွားတဲ့နိုင်ငံများအနေနဲ့ အဆိုပါရောဂါများ ကင်းစင်ကြောင်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE) မှ ကြော်ငြာချက် မထုတ်ပြန်မချင်း ဆော်ဒီအာရေဗျနိုင်ငံသို့ ကျွဲ၊ နွားများတင်သွင်းမှုကို ပိတ်ပင်ခံရပါတယ်။

အဲဒီလိုရောဂါများဖြစ်ပွားမှုရှိတဲ့နိုင်ငံတွေကနေ တင်ပို့တဲ့ ကျွဲ၊ နွားတွေကိုလည်း ဆော်ဒီအာရေဗျနိုင်ငံရဲ့ ဝင်ပေါက်တွေမှာ ရောဂါကင်းစင်ရေးဆိုင်ရာ တင်းကျပ်တဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ စစ်ဆေးဆောင်ရွက်ပါတယ်။ BSE ရောဂါနှင့် အခြား ကျွဲ၊ နွားရောဂါများ ဖြစ်ပွားတဲ့နိုင်ငံများမှ အသားနှင့် အသားထွက်ကုန်များ တင်သွင်းမှုကိုလည်း ဆော်ဒီအာရေဗျနိုင်ငံမှ ပိတ်ပင်ထားပါတယ်။ အလားတူ BSE၊ ခွာနာလျှာနာရောဂါနှင့် အခြား တိရစ္ဆာန် ရောဂါများကြောင့် ဆော်ဒီအာရေဗျနိုင်ငံသို့ အသားနှင့် အသားထွက်ကုန်များတင်ပို့မှု ပိတ်ပင်ထားတဲ့နိုင်ငံများမှ မွေးမြူရေးအသားထွက်ကုန်များမှတစ်ဆင့်ဖြတ်သန်း၍ နိုင်ငံဖြတ်ကျော်ကုန်စည်ကူးပြောင်းမှု (Transshipment) ကိုလည်း ပိတ်ပင်ထားပါတယ်။ ဒါ့အပြင် မွေးမြူရေးနှင့် ကြက်/ဘဲ အသားများ သင်္ဘောတင်ပို့မှုအတွက်ကိုလည်း အဆိုပါ အသားများသည် တိရစ္ဆာန်အသားတိုး ပရိုတင်းများ၊ အဆီများ ကျွေးမထားကြောင်းနှင့် ကြီးထွားမြန်ဟော်မုန်းများပါဝင်ခြင်း မရှိကြောင်းဖော်ပြထားတဲ့ ကျန်းမာရေးဆိုင်ရာ အသိအမှတ်ပြု ထောက်ခံချက်ကိုလည်း ပူးတွဲဖော်ပြပါရှိရတာဖြစ်ပါတယ်။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိတဲ့ နိုင်ငံများမှ ကြက်/ဘဲ အရှင်၊ ကြက်/ဘဲ အသားနှင့်သားဖောက်ဥများ တင်သွင်းမှု၊ အာဖရိကအရှေ့ပိုင်းဒေသတွင် ဖြစ်ပွားသည့် ငှက်များ၊ ခြင်များမှတစ်ဆင့် ကူးစက်နိုင်သော ဗိုင်းရပ်စ် (West Nile Virus) ပြန့်ပွားခဲ့တဲ့နိုင်ငံများမှ ကြက်/ဘဲ အရှင်များ တင်သွင်းမှုတို့ကိုလည်း ပိတ်ပင်ထားကြောင်း သိရပါတယ်။

**ပြည်ပလုပ်ငန်းမှတ်ပုံတင်ခြင်း**

**(Foreign Establishment Registration)**

ဆော်ဒီအာရေဗျနိုင်ငံသို့တင်ပို့တဲ့ အစားအသောက်နှင့် အစာပစ္စည်းများအတွက် ဆန္ဒအလျောက် ပြည်ပလုပ်ငန်းမှတ်ပုံတင်ခြင်း စနစ်ကို ဆော်ဒီအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က ထူထောင်ထားပါတယ်။ အဆိုပါစနစ်ရဲ့ ရည်ရွယ်ချက်ကတော့ စားသောက်ကုန် တင်ပို့သူများ၊ သားသတ်ရုံများ၊ အသား၊ ကြက်သား၊ ငါးနှင့် အခြားစားသောက်ကုန်ဆက်စပ်ပစ္စည်း ထုတ်လုပ်သူများရဲ့ စက်ရုံများမှတ်ပုံတင်ခြင်းနဲ့ တရားဝင်အသိမှတ်ပြုခြင်းလုပ်ငန်းစဉ်တွေကို လွယ်ကူစေရန်အတွက်ပဲဖြစ်ပါတယ်။ သားသတ်ရုံများမှလွဲ၍ အခြားလုပ်ငန်းအမျိုးအစား အားလုံးအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ရာမှာ အဆင့် (၉) ဆင့်ပါဝင်တယ်လို့သိရပါတယ်။ မှတ်ပုံတင်ခြင်းဆိုင်ရာ ထပ်ဆောင်းလိုအပ်ချက်တွေ အနေနဲ့SFDA မှ လုပ်ငန်းခွင်စစ်ဆေးခြင်းနှင့် အတည်ပြုခြင်းများ ပါဝင်နိုင်ပါတယ်။ ပထမဦးစွာ ပြည်ပမှ အသားထုတ်လုပ်တဲ့လုပ်ငန်းများဟာ တသီးပုဂ္ဂလဆိုင်ရာ အီလက်ထရောနစ်အကောင့် (E-Account) ကို SFDA ရဲ့Foreign Establishments မှာ ဝင်ရောက်ဖွင့်လှစ်ပြီး အီလက်ထရောနစ်ပုံစံကို ပြည့်စုံအောင်ဖြည့်စွက်ရမှာ ဖြစ်ပါတယ်။ ပုံစံကိုဖြည့်ပြီးတဲ့အခါ မှာ အဆိုပါစနစ်မှ activation code ကို မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီရဲ့ အီးမေးလ်လိပ်စာသို့ ပေးပို့ပေးမှာ ဖြစ်ပါတယ်။ အဆိုပါ ကုတ်နံပါတ်ကိုရရှိပြီးတဲ့အခါ သက်ဆိုင်ရာလုပ်ငန်းအနေနဲ့ ၎င်းရဲ့ အီလက်ထရောနစ်အကောင့် (E-Account) ကို အသက်ဝင်အောင်ပြုလုပ်နိုင်မှာ ဖြစ်တယ်လို့ဆိုပါတယ်။

အီလက်ထရောနစ်အကောင့် (E-Account) ဖွင့်လှစ်ပြီးနောက် ပြည်ပလုပ်ငန်းအနေနဲ့ မှတ်ပုံတင်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမယ့် အဆင့်တွေအနေနဲ့ လုပ်ငန်းထူထောင်ဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်တွေ လိုအပ်မှာ ဖြစ်ပါတယ်။ အဆိုပါ သတင်းအချက်အလက်တွေကတော့ အင်္ဂလိပ်ဘာသာနှင့် အာရပ်ဘာသာစကားနှစ်မျိုးစလုံးဖြင့် ဖော်ပြထားသော လုပ်ငန်း၏အမည် (အတိုကောက်အမည်အပါအဝင်) နှင့် အတည်ပြုချက်နံပါတ်၊ လုပ်ငန်းလိပ်စာနှင့် ဆက်သွယ်ရန်သတင်းအချက်အလက်၊ တာဝန်ရှိပုဂ္ဂိုလ်များ၏ အမည်အပြည့်အစုံ၊ တာဝန်ဝတ္တရားများနှင့် ဆက်သွယ်ရန် သတင်းအချက်အလက်တို့အား အင်္ဂလိပ်ဘာသာနှင့် အာရပ်ဘာသာစကားနှစ်မျိုးစလုံးဖြင့် ဖော်ပြချက်၊ ရုံးချုပ်လိပ်စာနှင့် ဆက်သွယ်ရန် သတင်းအချက်အလက်၊ တရားဝင်စစ်ဆေးသူများ (သို့မဟုတ်) သက်ဆိုင်ရာအာဏာပိုင်၏ အမည်၊ လိပ်စာနှင့် ဆက်သွယ်ရန် သတင်းအချက်အလက်၊ စီးပွားရေးလုပ်ငန်းများ၊ အခြေခံထုတ်ကုန်များ၊ ထုတ်လုပ်ခြင်း၊ လက်ကားရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ လက်လီရောင်းချသူများ၊ အစားအသောက် ဝန်ဆောင်မှု၊ အပြီးသတ်စားသုံးသူထံ တိုက်ရိုက်ရောင်းချသည့် ကုန်ထုတ်လုပ်သူများနှင့် သားသတ်ရုံများ၊ ထုတ်လုပ်မှု သတင်းအချက်အလက်၊ ထုတ်လုပ်နိုင်စွမ်း၊ အမှန်ထုတ်လုပ်မှု၊ ပြည်တွင်းဈေးကွက်တွင် ရောင်းချသည့်ထုတ်ကုန်များ၏ ရာခိုင်နှုန်း၊ ပြည်ပတင်ပို့ခဲ့သည့်ရာခိုင်နှုန်း၊ အစားအစာဘေးကင်းလုံခြုံမှုနှင့် ကျန်းမာသန့်ရှင်းမှု ထိန်းချုပ်ရေးစနစ်၊ ISO 9001၊ ISO 22000 နှင့် HACCP ကဲ့သို့သော အသိအမှတ်ပြု လက်မှတ်များ စတာတွေကို ဖြည့် ဆည်းပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှုလိုအပ်

ဖြန့်ဖြူးရေးကွင်းဆက်ကို မှန်ကန်စွာ မဆောင်ရွက်နိုင်ပါက ဗီယက်နမ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး သည် ယခုနှစ်ဆောင်းရာသီတွင် ဆိုးဝါး သော လယ်ယာစိုက်ပျိုးရေးပြဿနာများနှင့် ရင်ဆိုင်တွေ့နိုင်ကြောင်း ဗီယက်နမ်နယူးစ် ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

လောလောဆယ်တွင် ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ဘေးကင်းလုံခြုံစိတ်ချရသော တန်ဖိုးကွင်းဆက် (Value Chain) ပေါင်း ၇၀၀ ခန့်ရှိသည့် အနက် တစ်ဝက်လောက်ကသာ ထိထိရောက်ရောက်လုပ်ငန်းဆောင်ရွက်နေကြောင်း ဧပြီ ၂၄ ရက်ကကျင်းပသော ၂၀၁၈ ခုနှစ် ဗီယက်နမ်နွေဦးရာသီ လယ်ယာစိုက်ပျိုးရေးဖိုရမ်တွင် ကျွမ်းကျင်သူတို့က သတိပေးပြောကြားခဲ့သည်။

သွင်းအားစုကုန်ထုတ်လုပ်မှု၊ ရိတ်သိမ်းချိန်လွန်လုပ်ငန်းများမှအစပြု၍ နောက်ဆုံးစားသုံးသူ သို့မဟုတ် ပို့ကုန်လုပ်ငန်းများအထိ လယ်ယာ စိုက်ပျိုးရေးတန်ဖိုးကွင်းဆက် (Value Chain) အတွင်း၌ ကန့်သတ်ချက်အဟန့်အတားများရှိနေကြောင်း ဗီယက်နမ် စီးပွားရေးနှင့် မူဝါဒသုတေသနဌာန (VEPR) ၏ ညွှန်ကြားရေးမှူး ငုယင်ဒမ်သန်းက ပြောသည်။

လက်ရှိဖြန့်ဖြူးရေးကွင်းဆက် (Supply Chain) တွင် ခေတ်မီသိပ္ပံပညာနှင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို အသုံးပြုရန် ၎င်းက ထောက်ခံတင်ပြခဲ့သည်။ သို့ရာတွင် လယ်သမားများ၊ ဖြန့်ချိသူများနှင့် ဝယ်ယူသူများ၏ ကောင်းကျိုးအတွက် အကောင်းဆုံး အကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများကို သေချာစွာပြောကြားနိုင်ခြင်းမရှိသေးပေ။



ခေတ်မီနည်းပညာကို အသုံးပြုနိုင်ခြင်းမရှိသည့်အချက်မှာလည်း အမျိုးသား လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တွင် ကြီးမားသောအဟန့်အတားကြီးတစ်ခု ဖြစ်ကာ သွင်းအားစုစရိတ်ကိုမြင့်တက်စေပြီး ထုတ်လုပ်မှုစွမ်းရည်ကို ကျဆင်းစေခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးသီးနှံသုတေသနဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါင်သဲအန်းကပြောသည်။

လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ အဆင့်နိမ့်သော ထုတ်လုပ်မှုနည်းပညာ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် နည်းပညာအသုံးချမှု အကန့်အသတ်ရှိခြင်းနှင့် မူဝါဒရေးဆွဲသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လယ်သမားအကြား ဆက်သွယ်ချိတ်ဆက်မှုမရှိခြင်း စသည့် အကြောင်းတရားများကြောင့် တန်ဖိုးနိမ့်ကျသော လယ်ယာစိုက်ပျိုးရေးကွင်းဆက်များ ကို ဖြစ်ပေါ်စေခဲ့ကြောင်း သဲအန်းက ပြောသည်။

ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး အလွဲသုံးစွဲမှုနှင့်ရေကိုအဆမတန်သုံးစွဲမှုတို့အပြင် အသေးစားထုတ်လုပ်မှု၊ ကိုယ်ကာယကိုအသုံးပြုရသောလုပ်အားကို အဆမတန်သုံးစွဲမှုနှင့် ထုတ်လုပ်မှုအရည်အသွေးတစ်ပြေးညီမရှိမှု စသည့် အခြေအနေများကိုလည်း သူက ဝေဖန်ပြောကြားခဲ့ သည်။ ထို့အပြင် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် စံချိန်မီ သိုလှောင်ရုံများမရှိခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ထုပ်ပိုးမှုနည်းလမ်းများ ညံ့ဖျင်းခြင်းနှင့် ကြားခံပွဲစားများလွန်းခြင်းစသည့်ကိစ္စများကို သူကဝေဖန် ပြောကြားသည်။

# Memory Chip ထုတ်လုပ်မှုကြောင့် ဆမ်ဆောင်း၏ အမြတ်ခန့်မှန်းသည်ထက်ပိုမို

ဆမ်ဆောင်း၏အဓိကထုတ်ကုန် ဖြစ်သော Memory Chip များ၏ ကမ္ဘာ့ ဈေးကွက်ဝယ်လိုအားမှာ ယခုသုံးလပတ်အတွင်း မြင့်တက်လာမှုကြောင့် ဆမ်ဆောင်းကုမ္ပဏီ၏ အမြတ်အစွန်းမှာ ဧပြီ ၂၆ ရက် ထုတ်ပြန်ချက်အရ မူလ ခန့်မှန်းထားသည်ထက်ပိုမိုခဲ့ကြောင်း အေပီသတင်းတွင်ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့မှ ရရှိသောကိန်းဂဏန်း အချက်အလက်များအရ ချစ်ပ်များ၏ ဝယ်လိုအားမှာ ဆက်လက်ခိုင်မာနေသဖြင့် ချစ်ပ်ထုတ်လုပ်ရေးလုပ်ငန်းမှ ဝင်ငွေမှာ ဆက်လက်မြင့်တက်နေဦးမည်ဖြစ်ကြောင်း ကုမ္ပဏီကခန့်မှန်းထားသည်။

ကမ္ဘာပေါ်တွင် အကျိုးအမြတ် အများဆုံးရရှိသော နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော်လည်း ဆမ်ဆောင်းကုမ္ပဏီမှာ တိုးတက်မှုအတွက် ဝမ်းမသာနိုင်အောင်ဖြစ်နေရသည်။ ယခင် သမ္မတနှင့်ပတ်သက်သော လာဘ်ပေး လာဘ်ယူမှုအရှုပ်တော်ပုံတွင်ပါဝင်မှုအတွက်ချမှတ်ထားသော ထောင်ဒဏ်ကို ဆိုင်းငံ့ပြီး ကုမ္ပဏီခေါင်းဆောင် လီဂျေးယောင်းအား ဖေဖော်ဝါရီအတွင်းက ဆိုးလ်ဗဟိုတရားရုံးကလွှတ်ပေးပြီး နောက်ပိုင်းမှာပင် ဆမ်ဆောင်း၏ဂုဏ်သတင်းမှာ ကျဆင်းလျက်ရှိနေသည်။

ဆမ်ဆောင်းသည် သမ္မတဟောင်း လီမြောက်ဘက်ပါဝင်နေသော လာဘ်ပေးလာဘ်ယူမှုတစ်ခုကိုလည်း ရင်ဆိုင်နေရသည်။ လက်အောက်ခံကုမ္ပဏီခွဲတစ်ခုရှိ အလုပ်သမားသမဂ္ဂတစ်ခုကို ဖြိုခွဲရန် ဆမ်ဆောင်းက ကြိုးပမ်းခဲ့သည် ဟူသောစွပ်စွဲချက်များကိုလည်း အာဏာပိုင်တို့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ကုမ္ပဏီကိုတည်ထောင်ခဲ့သူ လီမိသားစုဝင်များသည် ရှုပ်ယှက်အနည်းစုကိုသာ ပိုင်ဆိုင်ထားပြီး စီးပွားရေးလုပ်ငန်းကြီးထိန်းချုပ်လျက်ရှိသဖြင့် ရှုပ်ထွေးသော ကုမ္ပဏီဖွဲ့စည်းတည်ဆောက်ပုံကို လွယ်ကူရှင်းလင်းစွာ ပြန်လည်ရေးဆွဲရန် အစိုးရ၏ဖိအားပေးမှုကို ကုမ္ပဏီက ရင်ဆိုင်နေရသည်။

ဇန်နဝါရီ - မတ်ပထမသုံးလပတ် တွင် ကုမ္ပဏီ၏ အသားတင်ဝင်ငွေသည် ဝမ် ၁၁ ဒသမ ၇ ထရီလီယံ (အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၈ ဘီလီယံ) ရှိခဲ့ရာ ယခင်နှစ်ကရှိခဲ့သော ဝမ် ၇ ဒသမ ၇ ထရီလီယံထက် ၅၂ ရာခိုင်နှုန်းပိုမိုခဲ့ကြောင်း ကုမ္ပဏီ၏နောက်ဆုံးကြေညာချက်တွင်ဖော်ပြခဲ့သည်။ သို့ဖြစ်ရာ ဘဏ္ဍာရေးဆိုင်ရာကိန်းဂဏန်းအချက်အလက် ရှာဖွေရေးအဖွဲ့က FactSet ခန့်မှန်းထားသော ဝမ် ၁၁ ဒသမ ၃ ထရီလီယံထက်လည်း ပိုမိုခဲ့ကြောင်း သိရသည်။

■

# စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူမှုရှိစေရန် အိန္ဒိယနိုင်ငံကဆောင်ရွက်

ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (GST) ပြဋ္ဌာန်းပေးခြင်းနှင့်စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ရာတွင် လွယ်ကူရှင်းလင်းမှုရှိအောင် ဆောင်ရွက်ပေးခြင်း အပါအဝင် အိန္ဒိယအစိုးရကပြုပြင်ပြောင်းလဲမှုအများအပြားကိုဆောင်ရွက်ပေးခဲ့သော်လည်း အစိုးရကဆောင်ရွက်ပေးရန်လိုအပ်ချက်များရှိနေဆဲဖြစ်သည် ဟု အချို့ကယူဆနေသေးကြောင်း နယူးဒေလီရှိဖင်လန်သံအမတ်ကြီး နီနာဗတ်စကွန်လာတီ၏ ပြောကြားချက်ကို ဟိန္ဒူဝက်ဘ်ဆိုက်သတင်းတွင်ဖော်ပြထားသည်။

“စီးပွားရေးလုပ်ဆောင်တဲ့နေရာမှာ လွယ်ကူစေဖို့ဆုံးဖြတ်ချက်တွေချမှတ်ထားပါတယ်။ မှတ်ပုံတင်ဖို့ဆောင်ရွက်တဲ့လုပ်ငန်းက ပိုမိုလွယ်ကူလာပါတယ်။ အကောင်အထည်ဖော်ရာမှာ လိုအပ်ချက်တွေရှိနေသေးပေမယ့် GST က နမူနာတစ်ခုဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံကို တစ်ခုတည်းသောဈေးကွက်ဖြစ်လာအောင် GST ကဆောင်ရွက်ပေးမှာဖြစ်တဲ့အတွက် ရေရှည်မှာအကျိုးရှိနိုင်ပါတယ် ” ဟု အမျိုးသမီးသံအမတ်ကြီးက ဟိန္ဒူသတင်းဌာနကိုပြောသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းလက်ရှိအိန္ဒိယအစိုးရက စီးပွားရေးလုပ်ကိုင်ရာတွင် အဟန့်အတားဖြစ်စေမည့်ဥပဒေပြဋ္ဌာန်းချက်ထောင်ပေါင်းများစွာကို ပယ်ဖျက်ပေးခဲ့ကြောင်း၊ သို့ရာတွင် ကိုယ်ကျိုးစီးပွားကာကွယ်မှုအလားအလာအချို့ကို တွေ့နေရဆဲဖြစ်ကြောင်း သံအမတ်ကြီးကပြောသည်။ ဥပမာအားဖြင့် ဒစ်ဂျစ်တယ်ကိရိယာများကို ထုတ်လုပ်ရာတွင် လိုအပ်သောအချို့အစိတ်အပိုင်းများကို အကောက်ခွန်ကောက်ခံခြင်းနှင့် GST အခွန်ကိုပေးဆောင်ရာတွင်ရှင်းလင်းပြတ်သားမှုမရှိသည့် အချက်များရှိနေသေးကြောင်း ၎င်းကပြောသည်။ ထို့ကြောင့်ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရမည့် ပြဿနာများရှိနေသေးသော်လည်း အားလုံးကို ဖြေရှင်းနိုင်အောင် ဆောင်ရွက်ပေးနေဆဲဖြစ်ကြောင်း ၎င်းကဆိုသည်။

အိန္ဒိယနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော ဖင်လန်ကုမ္ပဏီများကို စစ်တမ်းကောက်ယူရာတွင် ကုမ္ပဏီ ၆၀ ရာခိုင်နှုန်းက ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန် စီစဉ်ထားကြောင်း၊ အိန္ဒိယဈေးကွက်တွင် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်ပြောသော ကုမ္ပဏီ ၃၃ ရာခိုင်နှုန်းရှိကြောင်းနှင့် စိန်ခေါ်မှုများတွင် ဗျူရိုကရေစီ၊ ရှင်းလင်းပြတ်သားမှုမရှိသော အခွန်စည်းမျဉ်းများ၊ လာဘ်ပေးလာဘ်ယူမှုနှင့် ဆုံးဖြတ်ချက်ချရာတွင် တင်းကျပ်မှုတို့ ပါဝင်ကြောင်း ၎င်းကပြောသည်ဟု ဖော်ပြထားသည်။

# အမေရိကန်ကုန်သွယ်ရေးအရာရှိများ တရုတ်နိုင်ငံသို့ မကြာမီသွားရောက်မည်

ဈေးကွက်များတွင်ဂယက်ထပြီး ပို့ကုန်လုပ်ငန်းရှင်များကို ဒုက္ခပေးခဲ့သော ကုန်သွယ်ရေးအငြင်းပွားမှုများကို ဖြေရှင်းရန် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့က နည်းလမ်းရှာဖွေလျက်ရှိရာ အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးထိပ်တန်းအရာရှိများကို တရုတ်နိုင်ငံသို့ မကြာမီ စေလွှတ်တော့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဧပြီ ၂၄ ရက်ကကြေညာခဲ့သည်ကို နေးရှင်းသတင်းတွင် ဖော်ပြချက်အရ သိရသည်။

ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနူချင်း၊ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သိုက်ဇာနှင့် အခြားအရာရှိများသည် ပေကျင်းသို့သွားရောက်မည် ဖြစ်ကြောင်း သမ္မတက သတင်းထောက်များကို ပြောသည်။

“ကုန်သွယ်ရေးကိစ္စစေ့စပ်ညှိနှိုင်းဖို့အတွက် ဘဏ္ဍာရေးဝန်ကြီး မနူချင်း မကြာမီရက်အနည်းငယ်အတွင်း တရုတ်နိုင်ငံကို သွားပါလိမ့်မည်”ဟု သူကပြောသည်။

တရုတ်နိုင်ငံ၏ ဖိတ်ကြားချက်အရ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခြင်းဖြစ်ပြီး မကြာသေးမီကလည်း တရုတ်ကိုယ်စားလှယ်အဖွဲ့ အမေရိကန်နိုင်ငံသို့လာရောက်ခဲ့ကြောင်းနှင့် ကုန်သွယ်ရေးကိစ္စကို တရုတ်တို့ကလည်း အလေးအနက်ထားသကဲ့သို့အမေရိကန်နိုင်ငံကလည်း အလေးအနက်ထားကြောင်း သူကပြောခဲ့သည်။

သဘောတူညီမှုရရန် အတွက် နှစ်ဖက်စလုံးတွင် အခွင့်အလမ်းကောင်းများရှိကြောင်းလည်း သူကပြောသည်။

အမေရိကန်နိုင်ငံ၏ ဉာဏပိုင်ဆိုင်မှုများကို တရုတ်နိုင်ငံက ခိုးယူသည်ဟူသော စွပ်စွဲချက်ဖြင့် တရုတ်ပို့ကုန် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ အပေါ်တွင် ထရမ့်က အခွန်ကောက်ခံခဲ့ပြီး တရုတ်နိုင်ငံကလည်း လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်လယ်ယာစိုက်ပျိုးရေး ပို့ကုန်များအပေါ်တွင် အကောက်ခွန်များမြှင့်တင်ခဲ့ရာ အထူးသဖြင့်ထရမ့်အား အဓိက ထောက်ခံမဲပေးခဲ့သောနေရာများ ပါဝင်နေသည်။ အလားတူ အမေရိကန်ပြည်ထောင်စုအတွက် အရေးပါသောပဲပုပ်လုပ်ငန်းအပေါ်တွင် အကောက်ခွန်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဉာဏ်တင်စုစည်းတင်ပြသည်

■

# HT-LT Co.,Ltd.

## Electrical Trading & Installation



**TRADING**

- S.A.C/A.C.S.R/H.D.B.C Conductors & Accessories
- H.T/L.T Under Ground Cable & Accessories
- H.T/L.T Transmission & Distribution Line Material Power & Distribution Transformers
- H.T/L.T Switchger, Circuit Breaker &Sub-Station Equipment (Indoor/Outdoor)
- Tool & Equipment

**INSTALLATION**

- Turn Key project for Electric Substation and Transmission Line. (S/S & TL)
- Prepairing for Layout Plan & Design for Substation and Transmission Line.
- Installation for Layout Plan & Design for Substation and Transmission Line.
- Civil construction and Plan for Substation and Transmission Line.






SALES & OFFICE:

No.(87), Khayaepin Road,
Mingalardon Township,
Yangon, Myanmar

Web : www.ht-ltelectric.com,
Email: info@ht-ltelectric.com,
htltelectric@gmail.com

Tel : 09 73185793, 09 450503020, 09450503050
Fax : (+95) 1-635829,

# MYANMAR PADAUK TRADING CO., LTD.

မြန်မာနိုင်ငံတဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။

| KORYO CABLE | CONTINENTAL (SINCE 1968 ELECTRIC WIRE) | CADI-SUN | EMG CABLE &WIRE | N.i.U ELEC | JEWAY |
| --- | --- | --- | --- | --- | --- |
| Made in Korea | Made in Korea | Made in Vietnam | Made in Korea | Made in China | Made in China |

IEC Standard နှင့် အညီ ထုတ်လုပ်ထားသော 99.9 Pure Coppeer (LT/HT) ဝါယာကြိုးများ၊ 99.9 Pure Aluminium Isulated ဝါယာကြိုးများနှင့် 400V Material & 6.6kV/11kV/33kV (Line Accessories) များအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော မှန်ကန်သည့် အရည်အသွေးပြည့် ပစ္စည်းများကိုသာ မြန်မာနိုင်ငံတဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။



**Available Items**

- Building Wire
- Underground Cable
- Overhead Cable
- High Quality & Long Term Quality Control
- Resonable Price for Customer
- International Standard & Certified for Safety
- We Can Support Low Voltage, Medium Voltage, High Voltage Copper Conductor & Aluminium Conductor

Head Office : No.12/ Da Dwe, Inya Avenue St., Ka Ba Aye Pagoda Rd, Mayangone Tsp. Tel : 01 657781, 657782, 657783, 657784

Showroom ( Yangon) : No. (H3-46), Thiriyadanar Wholesale/Retail Compound, North Okalapa Tsp.,Yangon.. Tel : 01 578538, 09 400309366

Showroom ( Dawei) : No.(117), Tike Thit Kyaung Road, Kanyone Yet, Dawei Tsp., Tanintharyi Division.Tel : 09 457366663, 09 457366664

Showroom (Taunggyi) : No.33, Oakaw Street, Nyaung Shwe Hawkone Yet, Taunggyi, Shan State. Tel : 09 445578001, 09 445578002

Showroom ( Monywa) : No.103, Bogyoke Aung San Street, Kwaegyi Ward, Monywa Tsp. Sagaing Division. Tel : 09 427 8888 71, 09 427 8888 72

Email : epshowroom@myanmarpadauk.com Website : www.myanmarpadauk.com

# 福興兄弟集團公司

# FU XING BROTHERS GROUP OF COMPANIES

လူကြီးမင်းတို့၏ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းခွင်အရောက်ပို့စနစ်ဖြင့်
သင့်လျော်သောဈေးနှုန်း၊ အရည်အသွေး၊ အာမခံချက်အပြည့်အဝရှိသော ပြည်ပမှ
စံချိန်မီ Original သံချောင်း (HRB 400Cr, HRB 500 Cr,
BS 460B, BS 500B) နှင့် Coil (SAE 1008Cr) Size အမျိုးမျိုးတို့ကို
ဝယ်ယူရရှိနိုင်သည့်အပြင် လူကြီးမင်းတို့လိုအပ်သော Deformed Bar,
Wire Rod in Coil, H Beam, Galvanized Iron Pipe
(Square/ Rectangular) အမျိုးမျိုးတို့ကို စိတ်တိုင်းကျအော်ဒါမှာယူနိုင်ပါသည်။



## CHEMICAL, FOOD ADDITIVES & MILK POWDER

FDA ၏ ခွင့်ပြုချက်ဖြင့် ပြည်ပမှတရားဝင် တင်သွင်းသောကုန်ပစ္စည်းများဖြစ်ပါသည်။




မုန့်ဖုတ်လုပ်ငန်းသုံး၊ ဖျော်ရည်လုပ်ငန်းသုံး၊ အခြားစားသောက်ကုန်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် စက်မှုလုပ်ငန်းသုံးဓာတုကုန်ကြမ်းများကိုအထူးဈေးနှုန်းများဖြင့် လက်လီလက်ကားရောင်းချပေးနေပါသည်။

## RSS-1, RSS-3, MSR-10 & MSR-20 Rubber Grade မျိုးစုံကိုမှာယူရရှိနိုင်ပါသည်။




Yangon Office : No. (16/17), U Chit Maung Housing, U Chit Maung Road, Tarmwe Township, Yangon.
Tel: 01 554140, 01 554080, 01 554090, 01 554083, 01 554087 Fax: 401105
Email: fuxingb@gmail.com , fuxing.admn@gmail.com Post Code: 11211

Mandalay Office : No. (275), 81st St., 24th St. & 25th St., Aung Myay Thar San Township, Mandalay.
Tel: 02 21977, 02 32990, 02 34803 Fax: 33181, Email: cmfuxingmdy@gmail.com

Wholesale : No. (A-2), Nyaung Pin Lay Plaza, Lanmadaw Tsp., Yangon. Tel: 01 210202, 01 210407

COMMERCE
INTERNATIONAL

# သမိုင်းဝင်ထိပ်သီးဆွေးနွေးပွဲကြောင့် ကိုရီးယားနှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု အလားအလာများပေါ်ထွက်

ဧပြီ ၂၇ ရက်က ကျင်းပသည့် ကိုရီးယားနှစ်နိုင်ငံ သမိုင်းဝင်ထိပ်သီး ဆွေးနွေးပွဲကို ကမ္ဘာကစောင့်ကြည့်နေစဉ်မှာပင် ဆိုးလ်မြို့ရှိ စီးပွားရေးလုပ်ငန်းအသိုက်အဝန်းက အကောင်းမြင်စိတ်ဓာတ်ကိုပြသခဲ့ကြသည်။ သို့သော်လည်းနယ်စပ်ဖြတ်ကျော်၍ အခြေခံအဆောက်အဦစီမံကိန်းပေါ်ထွန်းလာရန် အလားအလာများရှိသကဲ့သို့ ပထဝီနိုင်ငံရေးနှင့်စီးပွားရေးပိတ်ဆို့မှုများက သတိရစရာများအဖြစ် တည်ရှိနေဆဲဖြစ်ရာ အကောင်းမြင်စိတ်ဓာတ်ကိုပြသရာတွင် သတိထား၍ ပြသလျက်ရှိနေကြောင်း ကိုရီးယားဟာရယ်သတင်းတွင် ဖော်ပြခဲ့သည်။




ကိုရီးယား ခေါင်းဆောင်များသည် ကတိကဝတ် အများအပြားကို ထားရှိခဲ့သည့်အနက် ကိုရီးယားနှစ်နိုင်ငံကိုဆက်သွယ်သော မီးရထားလမ်းနှင့်ကုန်းလမ်းခရီးများရပ်တန့်နေသည်ကိုပြန်လည်ဆောင်ရွက်ရေး၊ ဆိုးလ်နှင့် ရှင်နဲဂျူကို ဆက်သွယ်ရေးနှင့် ကျွန်းဆွယ်ပေါ်တွင် အရှေ့အနောက်ဆက်သွယ်ရေး စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ရေးလည်းပါဝင်သည်။

နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးအဆောက်အအုံကို ခေတ်မီအောင်ဆောင်ရွက်ရေးအတွက် လိုအပ်သောလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေးအင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်းတို့က ပြောကြားသည်။

နှစ်နိုင်ငံဆက်သွယ်ရေး မီးရထားလမ်းဖောက်လုပ်ရန် သဘောတူညီချက်နှင့်ဆက်စပ်ဆွေးနွေးမှုများအရ လေကြောင်းလမ်းနှင့် ကုန်းကြောင်းလမ်းများဖွင့်လှစ်ရေးအတွက် အကြီးစားဆောက်လုပ်ရေး လုပ်ငန်းများနှင့် အထူးစီးပွားရေးဇုန်များ အပါအဝင် ဖက်စပ်စီးပွားရေး စီမံကိန်းများကို ဆက်လက်ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့သော်လည်း ကုလသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့်တောင်ကိုရီးယားတို့က မြောက်ကိုရီးယားအပေါ် စီးပွားရေးပိတ်ဆို့မှုအစီအမံများရှိနေသည့်အတွက် ကိုရီးယားနှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအလားအလာနှင့် ပတ်သက်၍မူ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်ပညာရှင်တို့က နှုတ်ဆိတ်နေကြသည်။

ယခင်ကကျင်းပခဲ့သော ထိပ်သီးဆွေးနွေးပွဲနှစ်ခုနှင့်မတူဘဲ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းအသိုက်အဝန်းသည် သူတို့၏ အခန်းကဏ္ဍကို လျှော့ချထားပြီး ကိုရီးယားကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းအသင်း ဥက္ကဋ္ဌပတ်ယောင်မန်းတစ်ဦးတည်းကိုသာ စီးပွားရေးလုပ်ငန်းကိုယ်စားလှယ်အဖြစ် နိုင်ငံတော်ညစာစားပွဲသို့တက်ရောက်စေခဲ့သည်။ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၇ ခုနှစ်တွင် မြောက်ကိုရီးယားနိုင်ငံပြုံယမ်း၌ ကျင်းပသော ထိပ်သီးဆွေးနွေးပွဲနှစ်ခုတွင် ဆမ်ဆောင်းနှင့် ဟွန်ဒိုင်းကုမ္ပဏီဥက္ကဋ္ဌများကို သမ္မတ၏ကိုယ်စားလှယ်များအဖြစ် ပါဝင်စေခြင်းဖြင့် မြို့ပြအဆင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းအပြန်အလှန်ဖလှယ်မှုကို ဆောင်ရွက်ပေးခဲ့သည်။

ကုလသမဂ္ဂ ဆုံးဖြတ်ချက်အရ မြောက်ကိုရီးယားသို့ဓာတ်ဆီတင်သွင်းမှုကိုတစ်နှစ်လျှင် စည်ပေါင်းသိန်းသာခွင့်ပြုပြီး မြောက်ကိုရီယားမှ တင်ပို့သောဓာတ်သတ္တုသယံဇာတနှင့်ပင်လယ်စာတို့ကို ပိတ်ပင်ထားသည်။ ဒဏ်ခတ်ပိတ်ဆို့မှုများတွင် မြောက်ကိုရီးယားလုပ်သားများကို အလုပ်အကိုင်ခန့်ထားမှုပိတ်ပင်ထားသည့်အပြင် မြောက်ကိုရီးယား စီးပွားရေးလုပ်ငန်းများနှင့် ဖက်စပ်လုပ်ငန်းမထူထောင်ရန် ပိတ်ပင်ထားသည်။ ရရှိသောငွေများ နျူကလီးယားဒုံးကျည်ထုတ်လုပ်ရေး လုပ်ငန်းများအတွင်း စီးဝင်မည်ကို စိုးရိမ်မှုကြောင့် ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားမှလူကုံထံများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်ထားသည့်အပြင် ၂၀၁၀ ပြည့်နှစ်က တောင်ကိုရီးယား ရေတပ်သင်္ဘော Cheonan ကို မြောက်ကိုရီးယားတိုပီဒိုထိမှန်နစ်မြုပ်ခဲ့သည်ကို လက်တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားပင်လယ်ပြင်သို့ မြောက်ကိုရီးယားရေယာဉ်များ မဝင်ရောက်စေရန် ပိတ်ပင်ထားသည်။

ညဏ်တင် စုစည်းသည်

## ယခုနှစ်ပထမသုံးလပတ်တွင် ဗီယက်နမ် ဆန်တင်ပို့မှုအခြေအနေ မရေမရာဖြစ်

ယခုနှစ် ပထမသုံးလပတ်တွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ဇန်နဝါရီတွင် မြင့်တက်လိုက်၊ ဖေဖော်ဝါရီတွင် ကျဆင်းလိုက်၊ မတ်တွင် နာလန်ထူလိုက်ဖြင့် မရေရာမှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြောကြားချက်ကိုကိုးကား၍ ဗီယက်နမ်နယူးစ်သတင်းတွင်ဖော်ပြ ထားသည်။

ဇန်နဝါရီက ခန့်မှန်းခြေဆန်တန်ချိန် ၅၂၄၀၀၀ တင်ပို့ခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၄၉ သန်း ရရှိခဲ့သည့်အတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာနှင့် နှိုင်းယှဉ်ပါက ပမာဏအရ ၄၉ ရာခိုင်နှုန်းနှင့် တန်ဖိုးအရ ၅၁ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ပထမသုံး လပတ်အတွင်း ပျမ်းမျှဆန်တင်ပို့မှုဈေးနှုန်းမှာ နှစ်အလိုက်နှိုင်းယှဉ်ပါက ၁၄ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၅၀၁ အမေရိကန်ဒေါ်လာနှုန်းရှိခဲ့သည်။ ဆန်ပို့ကုန်လုပ်ငန်းသည် ဖေဖော်ဝါရီတွင်ကျဆင်းခဲ့ပြီး မတ်လတွင် တစ်ဟုန်ထိုးမြင့်တက်ခဲ့သောကြောင့် လအလိုက်နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၉၃ ဒသမ ၉ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် ၁၀၀ ရာခိုင်နှုန်းအထိ ခုန်တက်ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၃၈ ဒသမ ၄၄ သန်းရှိခဲ့သည်။ ဆန်တင်ပို့မှုတန်ဖိုးမှာလည်း မတ်လတွင် ၃ ဒသမ ၃ ရာခိုင် နှုန်းမြင့်တက်သဖြင့် တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၁၃ ဒသမ ၇ နှုန်းရှိခဲ့သည်။

ယခုနှစ်ပထမသုံးလပတ်တွင် ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်းဆန်တင်ပို့မှုသည် ၂၀၁၇ ခုနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၅ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ လက်ရှိနှစ်ပထမသုံး လပတ်အတွင်း ဆန်ပြည်ပတင်ပို့မှု ပျမ်းမျှဈေးနှုန်းမှာ ၁၄ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး တစ်တန်ကို ၅၀၁ အမေရိကန်ဒေါ်လာနှုန်းရှိခဲ့သည်။ ယခင်နှစ်အလားတူကာလအတွင်းက ဆန်ပို့ကုန်ဈေးနှုန်းသည် အခြားပို့ကုန်ဈေးကွက်များနှင့် နှိုင်းယှဉ်ပါက အမြင့်ဆုံးဖြစ်ခဲ့သည်။ အဆိုပါကာလအတွင်း အမြင့်ဆုံးရရှိသောဈေးနှုန်းမှာ ချီလီသို့တင်ပို့သော ဈေးနှုန်းဖြစ်ပြီး တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၃၄ ဒသမ ၅ နှုန်းရှိခဲ့သဖြင့် နှစ်အလိုက်တိုးတက်နှုန်းမှာ ၁၁၄ ရာခိုင် နှုန်းရှိခဲ့သည်။ သို့ရာတွင် ယင်းဈေးကွက်တင်ပို့မှုကို နှစ်အလိုက် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၉၅ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၉၀ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံးပို့ကုန်ဈေးကွက်ဖြစ်ပြီး ယခုနှစ် ပထမသုံးလပတ်တွင် စုစုပေါင်းတင်ပို့မှု၏ ၂၇ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည်။

## ကမ္ဘာ့ကုန်သွယ်မှုတွင် စွန့်စားမှုအန္တရာယ်များရှိနေသော်လည်း ၂၀၁၈ ခုနှစ်အတွက် စင်ကာပူစီးပွားရေးအလားအလာကောင်း

ကမ္ဘာ့ကုန်သွယ်ရေးတွင် စွန့်စားမှုအန္တရာယ်များရှိနေသော်လည်း ၂၀၁၈ ခုနှစ်အတွက် စင်ကာပူနိုင်ငံ၏ စီးပွားရေးအလားအလာမှာ ကောင်းမွန်နေဆဲဖြစ်ကြောင်း စင်ကာပူနိုင်ငံ ငွေကြေးအာဏာပိုင်အဖွဲ့က ဧပြီ ၂၇ ရက်တွင် ဧပြီလထုတ်စာစောင်အဖြစ် ထုတ်ဝေသောနှစ်ဝက်တစ်ကြိမ်ထုတ် မေခရိုစီးပွားရေးသုံးသပ်ချက်စာစောင်တွင် ဖော်ပြခဲ့သည်။

၂၀၁၈ ခုနှစ်တစ်နှစ်လုံးအတွက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု တိုးတက်နှုန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၅ ရာခိုင်နှုန်းကြားရှိမည်ဟုခန့်မှန်းထား သည်။ စင်ကာပူနိုင်ငံသည် ငွေကြေးမူဝါဒကို မတင်းလွန်းမကျပ်လွန်းသောပုံစံဖြင့် ကျင့်သုံးခဲ့ရာမှ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့က ခြောက်နှစ်အတွင်း



ပထမဆုံးအကြိမ်အဖြစ် ငွေကြေးမူဝါဒကိုတင်းကျပ်ပြီး ရက်သတ္တနှစ်ပတ်အကြာ ယခုသုံးသပ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ မူလငွေကြေးဖောင်းပွမှုနှုန်းမှာ ယခုနှစ်အတွင်း ကျန်ရှိသောကာလများတွင် ဖြည်းဖြည်းချင်းမြင့်တက်ကာ ခန့်မှန်းထားသောအတိုင်းအတာပမာဏ (Forecast Range) ၏ထက်ဝက်ထက် တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းကျော်လွန်မည်ဟု ခန့်မှန်းထားသည်။

၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ဝယ်လိုအား ဆက်လက်ခိုင်မာနေမည်ဟု ယူဆထားသည့်အတွက် ကုန်သွယ်မှုနှင့်ဆက်စပ်နေသောကဏ္ဍများသည် တိုးတက်မှုရှိနေလိမ့်မည်ဟု ငွေကြေးအာဏာပိုင်အဖွဲ့၏ သုံးသပ်ချက်တွင်ဖော်ပြထားသည်။

ခေတ်သစ်ဝန်ဆောင်မှုလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများမှာ အရေးပါသော ဖွံ့ဖြိုးရေးအင်ဂျင်အဖြစ် တည်ရှိနေသည်။ နည်းပညာတွင် ရင်းနှီးမြှုပ်နှံသော စီးပွားရေးလုပ်ငန်းများ တိုးတက်များပြားလာခြင်းနှင့်အတူ အိုင်စီတီနှင့် အသက်မွေးမှု အတတ်ပညာဆိုင်ရာလုပ်ငန်းများတွင် အကျိုးဖြစ်ထွန်းလာမည်ဟု ခန့်မှန်းထားသည်။

အလုပ်သမားဈေးကွက် တိုးတက်ကောင်းမွန်လာခြင်းနှင့်အတူ စားသုံးသူ သုံးစွဲမှုလည်းမြင့်တက်လာမည်ဟု ခန့်မှန်းထားသည်ကို တွေ့ရသည်။